# ကြေးမုံ

**The Mirror Daily**

Established in 1957


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၈၃ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက်၊ သောကြာနေ့။ | Friday, 17 December 2021 | ၁၀၅၉၀


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Saurabh Kumar အား လက်ခံတွေ့ဆုံစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

## မြန်မာ-အိန္ဒိယ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များ အမြင်ချင်းဖလှယ် ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၁၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Saurabh Kumar အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ဦးစွာနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က အိန္ဒိယနိုင်ငံတွင် မကြာမီကဖြစ်ပွားခဲ့သည့် ရဟတ်ယာဉ်ပျက်ကျမှုဖြစ်စဉ်ကြောင့် အိန္ဒိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Bipin Rawat အသက် ဆုံးရှုံးခဲ့ရမှုအပေါ် မိမိအနေဖြင့် ဝမ်းနည်းပါကြောင်း ပြောကြားပြီး မြန်မာ-အိန္ဒိယ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့်

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**




ကြေးမုံ

# ကိုဗစ်ရောဂါမကူးစက်ရေး သတိမူဆောင်ရွက်

ကိုဗစ်-၁၉ ရောဂါသည် ပြည်သူလူထုကြားတွင် ရှိနေသဖြင့် ယနေ့ထက်တိုင် ရောဂါအရှင်းမပျောက်သေးဘဲ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို မျက်ခြည်မပြတ် ဆောင်ရွက်လျက်ရှိသည်။ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပြည်သူလူထု တက်ကြွစွာ ပူးပေါင်းဆောင်ရွက်မှုကြောင့် ရောဂါဖြစ်ပွားနှုန်းမှာ တစ်နေ့ထက်တစ်နေ့ သိသိသာသာကျဆင်းလာပြီဖြစ်သည်။

ထိုသို့တိုးတက်မှုရရှိလာခြင်းသည် ရောဂါထိန်းချုပ်ကုသရေးကို ဖိဖိစီးစီး ဆောင်ရွက်ခြင်းအပြင် ရောဂါကာကွယ်ဆေးထိုးခြင်းကို အများပြည်သူတို့ ယုံယုံကြည်ကြည် တက်တက်ကြွကြွ ဆောင်ရွက်နိုင်သောကြောင့်ဖြစ်သည်။ အစောပိုင်းက ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးခြင်းကို ဝန်ထမ်းများနှင့် သက်ကြီးရွယ်အိုများကိုသာ ဦးစားပေးအုပ်စုအဖြစ် ထိုးနှံပေးခဲ့ပြီး ယခုအခါ အသက် (၁၂) နှစ်အထက် ပြည်သူအားလုံးကို ကာကွယ်ဆေးထိုးနှံပေးနေပြီဖြစ်သည်။

ကာကွယ်ဆေးထိုးနှံခြင်းကို အဖျက်သမားများက မမှန်မကန်သွေးထိုးလှုံ့ဆော်ပေးမှု၊ ခြောက်လှန့်ဖျက်ဆီးမှုများကြောင့် ပြည်သူများကြားတွင် စိုးရိမ်ပူပန်နေသဖြင့် ရောဂါကူးစက်ဖြစ်ပွားမှု ပိုမိုများပြားခဲ့ပြီး တတိယလှိုင်းကာလအတွင်း အဖိတ်အစဉ်များပြားခဲ့သည်။ ယခုအခါ ကာကွယ်ဆေးထိုးနှံခြင်း၏ အကျိုးကျေးဇူးများ လက်ခံနားလည်ယုံကြည်လာကြသဖြင့် ပြည်သူအများ တက်ကြွစွာပူးပေါင်းဆောင်ရွက်လာကြသည်။ ကာကွယ်ဆေးထိုးနှံထားခြင်းသည် ရောဂါကူးစက်မှုကို အာမခံချက်အပြည့်အဝမပေးနိုင်သော်လည်း ရောဂါကူးစက်ခံရပါက ခံနိုင်ရည်ရှိပြီး ထိခိုက်ဆုံးရှုံးမှုနည်းပါးသည်ကိုတွေ့ရသည်။

ယခုလက်ရှိအချိန်အထိ မြန်မာနိုင်ငံသို့ ကာကွယ်ဆေးရောက်ရှိလာမှုမှာ အရေအတွက်စုစုပေါင်း ၄၂ သန်းကျော်ရှိပြီဖြစ်သည်။ ဆက်လက်၍လည်း မိတ်ဆွေနိုင်ငံများထံမှ ကာကွယ်ဆေးများ ထပ်မံရောက်ရှိရန်ရှိပြီး ကာကွယ်ဆေးနှင့်ပတ်သက်၍ လုံလောက်စိတ်ချရသောအခြေအနေရှိလာပြီဖြစ်သည်။ မြန်မာနိုင်ငံတွင် ကာကွယ်ဆေးလက်ကျန် Doses အရေအတွက်အနေဖြင့် ၁၁ သန်းကျော် လက်ဝယ်ရှိနေသည်။ ကာကွယ်ဆေး နှစ်ကြိမ်ပြည့် ထိုးနှံပြီးသူအရေအတွက်မှာ ၁၂ သန်းကျော်ရှိပြီး တစ်ကြိမ်ထိုးနှံပြီးသူ ငါးသန်းကျော်ရှိသဖြင့် တစ်ကြိမ်နှင့်အထက် ဆေးထိုးနှံပြီးသူ ၁၈ သန်းကျော်ရှိနေသည်။

ယခုနှစ် ဒီဇင်ဘာလအတွင်း တစ်နိုင်ငံလုံး အသက် (၁၈) နှစ်အထက် လူဦးရေ၏ ၅၀ ရာခိုင်နှုန်း ထိုးနှံပြီးစီးနိုင်ရေး မျှော်မှန်းဆောင်ရွက်လျက်ရှိရာ မျှော်မှန်းထားသည်ထက် ကျော်လွန်နိုင်မည်ဟု ခန့်မှန်းထားသည်။ ကာကွယ်ဆေးထိုးနှံထားခြင်းအားဖြင့် ရောဂါဖြစ်ပွားမှုကို သက်သာစေနိုင်သည်။ ကိုဗစ်-၁၉ ရောဂါမှာ မျိုးကွဲအမျိုးမျိုးဖြင့် ဆက်လက်ပေါ်ထွက်နေကာ အချိန်ကာလကြာရှည်စွာ ဆက်လက်ရှိနေဦးမည်ဖြစ်သည်။ ထို့ကြောင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို မိတ်ဆွေနိုင်ငံများမှ ရရှိရေးသာမက ပြည်တွင်း၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထုတ်လုပ်ရေးနှင့်ပတ်သက်၍ တရုတ်နိုင်ငံနှင့် ဆွေးနွေးလျက်ရှိပြီး လာမည့်နှစ် ဇန်နဝါရီလတွင် ကာကွယ်ဆေးစတင်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ ကာကွယ်ဆေးစတင်ထုတ်လုပ်ချိန်မှစ၍ တစ်လလျှင် ဆေးအလုံးရေ ငါးသန်းထုတ်လုပ်နိုင်ရေး ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိသည်။ အသစ်ထပ်မံပေါ်ထွက်လာသော အိုမီခရွန် ကိုဗစ်ဗီဇပြောင်းရောဂါပိုး မြန်မာနိုင်ငံတွင် ကူးစက်မှုမရှိသေးသော်လည်း အိမ်နီးချင်းနိုင်ငံအချို့နှင့် ဒေသတွင်းနိုင်ငံအချို့တွင် ကူးစက်မှုရှိနေသဖြင့် နိုင်ငံအတွင်းသို့ ကူးစက်ပျံ့နှံ့လာခြင်းမရှိစေရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားပြီးနောက် အခြားနိုင်ငံများတွင် စတုတ္ထလှိုင်း ဆက်လက်ဖြစ်ပွားနေပြီး မြန်မာနိုင်ငံတွင် တတိယလှိုင်းဖြင့် အဆုံးသတ်လုနီးနီးဖြစ်နေသည်။ ကိုဗစ်-၁၉ ရောဂါကို ထိရောက်စွာထိန်းချုပ်နိုင်ရေးအတွက် ကမ္ဘာ့နိုင်ငံများတွင် အသစ်ဖြစ်ပေါ်နေသော အိုမီခရွန် ဗီဇမျိုးကွဲသစ် မြန်မာနိုင်ငံသို့ ရောက်မလာရေးသည် လွန်စွာအရေးကြီးသည်။ မြန်မာနိုင်ငံသို့ ရောဂါမျိုးကွဲသစ်ရောက်မလာသေးသဖြင့် ပေါ့ပေါ့ဆဆနေထိုင်၍ မဖြစ်ဘဲ အကယ်၍ရောဂါကူးစက်လာပါက ထိရောက်စွာထိန်းချုပ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်သည်။

သို့ဖြစ်ရာ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ အိုမီခရွန် ကမ္ဘာတစ်ဝန်းတွင် ဖြစ်ပွားနေသည့်အခြေအနေကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုစစ်ဆေးလျက်ရှိပြီး ပြည်သူလူထုအနေဖြင့်လည်း စိုးရိမ်ပူပန်မှုမဖြစ်ကြဘဲ ရောဂါကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို တိကျစွာ အဆက်မပြတ်လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲ ဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဒေါက်တာ လှဲ့လှဲ့ဦး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာန<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာန<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |
| (၂) | ဒေါက်တာ စုစုဒွေး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းဆေးပညာဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းဆေးပညာဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |

## ဗဟန်းမြို့နယ်၌ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အကြိုဟောပြောပွဲနှင့် စာအုပ်ပြပွဲကျင်းပ



ရန်ကုန် ဒီဇင်ဘာ ၁၆

ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ်၌ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အကြိုဟောပြောပွဲနှင့် စာအုပ်ပြပွဲကို ရန်ကုန်အနောက်ပိုင်းခရိုင်(ဗဟန်း) လူထုအခြေပြုဗဟိုဌာန ဘက်စုံသုံးခန်းမ၌ ဒီဇင်ဘာ ၁၄ ရက်က ကျင်းပရာ မြို့နယ်အတွင်းရှိ စိတ်ပါဝင်စားသူ ပြည်သူများတက်ရောက်ကြပြီး ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာသည့် ကိုဗစ် -၁၉ ကပ်ရောဂါစည်းကမ်းချက်များ၊ လမ်းညွှန်ချက်များနှင့်အညီ ကျင်းပခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် စာရေးဆရာမ ဒေါ်ခင်မျိုးဝင်း (တင့်တယ်ခင်) က လွတ်လပ်ရေးနှင့်ပတ်သက်၍ သိကောင်းစရာများဖြစ်သော လွတ်လပ်ရေးဆုံးရှုံးခဲ့ရသည့်အကြောင်းအရင်းများ၊ လွတ်လပ်ရေးဆုံးရှုံးမှုကြောင့် ရင်ဆိုင်ကြုံတွေ့ခံစားရသည့် အဖြစ်အပျက်များ၊ တိုင်းရင်းသားခေါင်းဆောင်များ၏ အသက်၊ သွေး၊ ချွေးပေါင်းများစွာဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ရသည့်အခြေအနေများ၊ ရွှေရည်စိမ်လွတ်လပ်ရေးပေးခဲ့ပြီး သွေးခွဲအုပ်ချုပ်ခဲ့သည့် အခြေအနေများ၊ လွတ်လပ်ရေးရရှိခဲ့ပြီး ရရှိလာသော လွတ်လပ်ရေးအား အလေးထားတန်ဖိုးထားကာ လွတ်လပ်ရေး ပြန်လည်မဆုံးရှုံးစေရန် မျိုးချစ်စိတ်ဓာတ်များ၊ ပြည်ထောင်စုစိတ်ဓာတ်များ ရှင်သန်ထက်မြက်ပြီး ကာကွယ်ထိန်းသိမ်းရမည်ဖြစ်ကြောင်း၊ ယနေ့ခေတ် လူငယ် လူရွယ်များနှင့် ပြည်သူများ လွတ်လပ်ရေး၏အကြောင်းသိရှိပြီး နိုင်ငံတော်ကြီးခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည့်နည်းလမ်းကောင်းများ စသည့် သိကောင်းစရာများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၆ - ၁၂-၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၅၀၀ | ၈,၀၀၀ | ၇၃၉ | ၅,၉၄၆,၄၀၀ |
| MTSH | ၃,၀၀၀ | ၃,၀၅၀ | ၃,၂၈၆ | ၁၀,၀၀၇,၂၀၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၀ | ၀ |
| FPB | ၁၉,၀၀၀ | ၁၉,၅၀၀ | ၁,၁၀၀ | ၂၀,၉၀၀,၀၀၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၁၇ | ၄၄,၂၀၀ |
| EFR | ၂,၉၀၀ | ၂,၉၀၀ | ၀ | ၀ |
| AMATA | ၅,၅၀၀ | ၅,၅၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဒီဇင်ဘာ ၁၆

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၇၈၀.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၂၀၁၂.၆ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၇၉.၅၇ |
| (ဃ)ထိုင်း | တစ်ဘတ် | = | ၅၃.၁၇၄ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၂၃.၀၀ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၃၆၇ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၇၇.၂ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၀၄.၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၆၀.၀ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၅၀.၃၇ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်အိအိမွန်
စာပြင် - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

## စားရေရိက္ခာဖူလုံမှုရှိပါက နိုင်ငံသာယာဝပြောခြင်းပင်

စားရေရိက္ခာပေါ်များစေရေးနှင့် ဒေသအလိုက် ရိက္ခာဖူလုံမှုရှိစေရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံး ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ဥစားကြက် မွေးမြူရေး၊ နို့စားနွား၊ အသားစားနွားနှင့် ဝက်မွေးမြူရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ စနစ်ကျသည့် မွေးမြူရေးဖြစ်စေရန် ဆောင်ရွက်ကြရန်လိုအပ်ပြီး ဒေသအလိုက် စားရေရိက္ခာဖူလုံမှုရှိပါက နိုင်ငံသာယာဝပြောခြင်းပင်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့်ပတ်သက်၍ အချို့တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် စိုက်ပျိုးရေးအထွက်နှုန်းများ နည်းပါးလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံအတွင်းဓာတ်မြေဩဇာများ လုံလောက်စွာရရှိနိုင်ရေး အစိုးရမှကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများကိုလည်း သဘာဝဓာတ်မြေဩဇာများအဖြစ် ထုတ်ယူသုံးစွဲနိုင်ရေး အသိပညာပေး ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ သဘာဝဓာတ်မြေဩဇာများပြားစွာရရှိစေရေး စနစ်ကျသည့် မွေးမြူရေးလုပ်ငန်းများအဖြစ် ဆောင်ရွက်ကြရန်လိုကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၃-၁၂-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၃/၂၀၂၁)၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

---

☆ ရှေ့ဖုံးမှ

ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများတွင် အိန္ဒိယနိုင်ငံမှ ကူညီဆောင်ရွက်ပေးလျက်ရှိမှုနှင့် နှစ်နိုင်ငံကုန်သွယ်ရေးနှင့် စီးပွားရေးဆိုင်ရာများတွင်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အပါအဝင် အခြားနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုဆိုင်ရာများ၊ လုံခြုံရေးနှင့်ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့မှု အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်တို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

---

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ မြောက်ဦးမြို့ရှိ ရှေးဟောင်းအမွေအနှစ်များ သွားရောက်လေ့လာ၍ စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ရန် မှာကြား

**စစ်တွေ ဒီဇင်ဘာ ၁၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် ဦးမောင်းဟာတို့သည် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်တို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့မှ မြောက်ဦးမြို့သို့ သွားရောက်လေ့လာ၍ ရှေးဟောင်းအမွေအနှစ် ယဉ်ကျေးမှုလက်ရာများ မပျောက်ပျက်အောင် စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ရန် ဆွေးနွေးမှာကြားသည်။

**ဆွေးနွေးမှာကြား**

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့်အဖွဲ့သည် ကိုးသောင်းဘုရား၊ သျှစ်သောင်းဘုရားများရှိရှေးဟောင်းဗိသုကာလက်ရာများ၊ ယဉ်ကျေးမှုအမွေအနှစ်လက်ရာများကို ကြည့်ရှုလေ့လာပြီး နှစ်ပေါင်းထောင်ချီ ဖြစ်တည်လာခဲ့သည့် ရခိုင်တိုင်းရင်းသားများ၏ ဘာသာ၊ စာပေ၊ ယဉ်ကျေးမှုအမွေအနှစ်များကို လေးစားတန်ဖိုးထားရေးနှင့် စနစ်တကျထိန်းသိမ်းစောင့်ရှောက်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ရှေးဟောင်းသုတေသနပြတိုက်သို့ ရောက်ရှိပြီး ခင်းကျင်းပြသထားသည့် ရှေးဟောင်းပစ္စည်းများကို ကြည့်ရှုကာ ပြတိုက်အား နိုင်ငံခြားသားများ စိတ်ဝင်စားဖွယ်ဖြစ်အောင် စနစ်တကျ ပြင်ဆင်ပြသပေးရန်လိုအပ်ကြောင်း၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များသည် ပေါ်တော်မူ ရန်ပြေမာန်ပြေဘုရားသို့ သွားရောက်ဖူးမြော်၍ ဘုရားကြီးအတွက် လိုအပ်သော တန်ဆောင်းများ တည်ဆောက်ရေးနှင့် ပြည်သူများ စနစ်တကျ ဖူးမြော်နိုင်ရေးအတွက် လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးရန် ဆွေးနွေးမှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့်အဖွဲ့ မြောက်ဦးမြို့ရှိ ကိုးသောင်းဘုရားတွင် ကြည့်ရှုလေ့လာစဉ်။

ထို့နောက် စန္ဒသူရိယစက္ကမင်း ပူဇော်ခဲ့သော စန္ဒမုနိ(ပေါ်တော်မူ) ဆုတောင်းပြည့် မဟာကျန်ဘုရားကြီးအား ဖူးမြော်ကြည်ညိုကာ ထိန်းသိမ်းစောင့်ရှောက်ထားသည့် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များနှင့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများကို ကြည့်ရှုလေ့လာသည်။

**တွေ့ဆုံ**

ညနေပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးတို့သည် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန ရခိုင်ပြည်နယ် ညွှန်ကြားရေးမှူးရုံး၌ ရခိုင်ပြည်နယ်အတွင်းရှိ ရခိုင်၊ မြို၊ ခမီ၊ ဒိုင်းနက်၊ သက် တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က မိမိတို့ဒေသတွင် တွေ့ကြုံရသည့် အခက်အခဲများကို ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီး ပြောကြားပေးစေလိုကြောင်း၊ ဒေသလိုအပ်ချက်များရှိပါက မိမိထံ စာရေးသားပေးပို့ ဆက်သွယ်နိုင်ပါကြောင်း၊ တိုင်းရင်းသားများ၏ စာပေမပျောက်ပျက်အောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်းဟာက တိုင်းရင်းသားများ အနေဖြင့် မည်သည့်ဒေသတွင် နေထိုင်သည်ဖြစ်စေ မိမိတို့ဘာသာစကားကို မပျောက်ပျက်အောင် သင်ကြားရမည်ဖြစ်ကြောင်း၊ စာပေပျောက်လျှင် လူမျိုးပျောက်သွားနိုင်သည်ကို သတိပြုကြစေလိုကြောင်းနှင့် ထုတ်ပြန်ထားသည့် ဥပဒေများကို လေးစားလိုက်နာကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်နှင့် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဝင်များက ဒေသလိုအပ်ချက်များအပေါ် ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်နှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ အခြေခံပညာကျောင်းများ လှည့်လည်ကြည့်ရှုစစ်ဆေး

**စစ်တွေ ဒီဇင်ဘာ ၁၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေနှင့် ရခိုင်ပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးစံရွှေမောင်တို့သည် ယနေ့ မွန်းလွဲပိုင်းတွင် စစ်တွေမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုကို အားပေးကာ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများနှင့် တွေ့ဆုံသည်။



**မှာကြား**

တွေ့ဆုံစဉ် မိမိပြည်နယ်၊ မိမိမြို့နယ်၊ မိမိတို့ကျောင်း ပညာရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ညီညီညွတ်ညွတ် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ ကျောင်းသား ကျောင်းသူများကို အမှန်တကယ် စာတတ်မြောက်အောင်သင်ကြား၍ ပညာတတ်လူငယ်များကို မွေးထုတ်ပေးကြစေလိုကြောင်း စသည်ဖြင့် မှာကြားကာ ကျောင်းဥပမိရုပ်ကောင်းမွန်ရေး၊ ကျောင်းနှင့်ဝန်းကျင် သန့်ရှင်းသာယာရေးတို့ကို ဆောင်ရွက်ကြရန်နှင့် ကျောင်းဆောင်၊ စာသင်ဆောင်လိုအပ်ချက်၊ ကွန်ပျူတာလိုအပ်ချက်၊ အားကစားကွင်း လိုအပ်ချက် စသည်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးတို့ကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့မှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ပြည်ထောင်စုဝန်ကြီးသည် စစ်တွေမြို့ ဘောက်သီးစုအခြေခံပညာမူလတန်းကျောင်း၊ ရှုပမြောက်အခြေခံပညာမူလတန်းကျောင်း၊ တရားသီးအခြေခံပညာမူလတန်းကျောင်းနှင့် မန်ကျည်းမြိုင်အခြေခံပညာအထက်တန်းကျောင်းခွဲများသို့ သွားရောက်ကာ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုအားပေး၍ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

အလားတူ ပြည်ထောင်စုဝန်ကြီးသည် ဒီဇင်ဘာ (၁၄၊ ၁၅)ရက်တို့တွင် စစ်တွေမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၇) အခြေခံပညာအလယ်တန်းကျောင်းနှင့် ကျောင်းတက်လမ်းအခြေခံပညာမူလတန်းလွန်ကျောင်းများသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုအားပေးပြီး ကျောင်းများအတွက် စာသင်ဆောင်လိုအပ်ချက်များ၊ ဆရာ ဆရာမ လိုအပ်ချက်များ၊ အားကစားကွင်းလိုအပ်ချက် စသည်တို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒီရေရောက်သစ်တောများ ဖြစ်ထွန်းလာပါက ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်

**ပဲခူး ဒီဇင်ဘာ ၁၆**

ကဝမြို့နယ်၊ သနပ်ပင်မြို့နယ်နှင့် ဝေါမြို့နယ်တို့ရှိ ပင်လယ်နှင့်ထိစပ်လျက်ရှိသော ကျေးရွာများသည် မိုးတွင်းကာလတွင် စစ်တောင်းမြစ်ရေ တိုက်စားခြင်းခံရသည့်အပြင် ပင်လယ်ဒီရေဒီလှိုင်းများကြောင့် ကမ်းပါးပြိုပြီး စိုက်ပျိုးမြေများနှင့် ရွာမြေများ နှစ်စဉ်ပျက်စီးဆုံးရှုံးလျက်ရှိကြောင်း ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ဒီဇင်ဘာ ၁၅ ရက် မွန်းလွဲပိုင်းတွင် ကျင်းပသည့် ပဲခူးတိုင်းဒေသကြီး ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုကော်မတီ (၁/၂၀၂၁) လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည်။



**ဥပဒေနှင့်အညီ စီမံအုပ်ချုပ်နိုင်ရန်**

ဆက်လက်၍ ကမ်းပါးပြိုမှုသဘာဝဘေးအန္တရာယ် ထိန်းသိမ်းကာကွယ်နိုင်ရန် စစ်တောင်းမြစ်ဝနှင့် မုတ္တမပင်လယ်ကွေ့များတွင် သဘာဝအလျောက်ပေါက်ရောက်နေသည့် ဒီရေတောများကို ဥပဒေနှင့်အညီ စီမံအုပ်ချုပ်နိုင်ရန် ဒီရေတောကြိုးပြင်ကာကွယ်တောများ သတ်မှတ်ခြင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများ တည်ထောင်ပေးခြင်းနှင့် လိုအပ်သောနေရာများတွင် ဒီရေတောစိုက်ခင်းများ တည်ထောင်ခြင်းတို့ကို ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ ဒီရေရောက်သစ်တောများ ဖြစ်ထွန်းလာပါက ငါး၊ ပုစွန်၊ ကဏန်း စသည့် ရေသယံဇာတများသည်လည်း သဘာဝအလျောက် ရှင်သန်ပေါက်ပွားလာနိုင်ပြီး ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်သကဲ့သို့ ကမ်းပါးပြိုမှုကို ဟန့်တားနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးတင်သိန်းက ပင်လယ်ကမ်းရိုးတန်း သယံဇာတ ထိန်းသိမ်းစောင့်ရှောက်ခြင်း၏ အကျိုးကျေးဇူးများကို လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးက ပဲခူးတိုင်းဒေသကြီး ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုကော်မတီ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကိုလည်းကောင်း၊ မုတ္တမပင်လယ်ကွေ့ စီမံကိန်းမန်နေဂျာ ဦးသန်းထိုက်အောင်က စစ်တောင်းမြစ်ဝဒေသအတွင်း ကဝ၊ သနပ်ပင်နှင့် ဝေါမြို့နယ်တို့ရှိ ကျေးလက်နေပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်ပေးနေမှုအခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ ကော်မတီဝင်များက အကြံပြုဆွေးနွေးခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# CMP လုပ်ငန်းများ စစ်ဆေးရေးဆပ်ကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

မြန်မာနိုင်ငံအတွင်း ဆောင်ရွက်နေသည့် ကုန်ကြမ်းယူ၊ ကုန်ချောပေး လက်ခစားလုပ်ငန်း Cutting၊ Making၊ Packaging (CMP) လုပ်ငန်းများ စစ်ဆေးရေးဆပ်ကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ CMP လုပ်ငန်းများ စစ်ဆေးရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်နှင့် ဆပ်ကော်မတီဝင်များ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ် ကိုးခုမှ CMP လုပ်ငန်းများ မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ဝင်များနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်းတို့မှ ကိုယ်စားလှယ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် CMP လုပ်ငန်းများ စစ်ဆေးရေးဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက CMP လုပ်ငန်းများ ကုန်ထုတ်စွမ်းအား အရှိန်အဟုန်မပျက်စေရန်၊ ကိုဗစ်-၁၉ ကြောင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အလုပ်သမားများ၏ ကျန်းမာရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာလမ်းညွှန်ချက်များ၊ အလုပ်သမားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်စေလိုကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးရှိ စက်ရုံ၊ အလုပ်ရုံများတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးလျက်ရှိရာ ဩဂုတ် ၁၈ ရက်မှ ဒီဇင်ဘာ ၁၂ ရက်အထိ ပထမအကြိမ် ကာကွယ်ဆေးထိုးနှံပြီးစီးသူ လုပ်သား ၆၄၅၆၂၈ ဦး၊ ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံပြီးစီးသူ လုပ်သား ၃၄၄၅၄၅ ဦးရှိပြီဖြစ်ကြောင်း။

CMP လုပ်ငန်းများသည် အခွန်ကင်းလွတ်ခွင့်ရရှိသည့်လုပ်ငန်းဖြစ်၍ လုပ်ငန်းရှင်များနှင့် မြန်မာနိုင်ငံသား အလုပ်သမားများအတွက် အပြန်အလှန်အကျိုးရှိစေသဖြင့် CMP လုပ်ငန်းများ စစ်ဆေးရေးဆပ်ကော်မတီများအနေဖြင့် မိမိလုပ်ငန်းတာဝန်များကို အလေးထားကြပ်မတ်ဆောင်ရွက်စေလိုကြောင်း UMFCCI၊ MIA၊ MGMA နှင့် ဌာနဆိုင်ရာများ၏ ပူးပေါင်းဆောင်ရွက်မှုသည် CMP လုပ်ငန်းများအတွက် အကောင်းဆုံး မောင်းနှင်အားဖြစ်၍ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်စေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ CMP လုပ်ငန်းများ စစ်ဆေးရေးဆပ်ကော်မတီ အတွင်းရေးမှူးနှင့် တက်ရောက်လာသူများက ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြရာ ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်းရောဂါပိုး အိုမီခရွန် ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်းရောဂါပိုး အိုမီခရွန် ကာကွယ်တားဆီးနိုင်ရေး ဝန်ကြီးဌာနများအကြား လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်တို့ တက်ရောက်ကြသည်။

**နိုင်ငံပေါင်း ၈၅ နိုင်ငံတွင် ကူးစက်ဖြစ်ပွားလျက်ရှိ**

အစည်းအဝေးတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်းက လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်း အိုမီခရွန် ရောဂါပိုးသည် နိုင်ငံပေါင်း ၈၅ နိုင်ငံတွင် ကူးစက်ဖြစ်ပွားလျက်ရှိပြီး အရှေ့တောင်အာရှဒေသတွင်းနှင့် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများတွင်လည်း တွေ့ရှိနေရပြီဖြစ်ပါကြောင်း၊ မျိုးရိုးဗီဇပြောင်း ကိုဗစ်-၁၉ ရောဂါပိုး ဝင်ရောက်လာမှုစောင့်ကြပ်ကြည့်ရှုခြင်းအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊တပ်မတော်ဆေးသုတေသနတပ်တို့နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အသိအမှတ်ပြု ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုများ ပြုလုပ်လျက်ရှိပါကြောင်း၊ လက်ရှိ အချိန်အထိ ပြည်တွင်း၌ အိုမီခရွန် ရောဂါပိုးမတွေ့ရှိသေးပါကြောင်း၊ လက်ရှိအချိန်တွင် ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းကို နိုင်နိုင်နင်းနင်း ထိန်းချုပ်ထားနိုင်နေပြီဖြစ်၍ နေ့စဉ် ရောဂါပိုးစစ်ဆေးတွေ့ရှိနှုန်းအနေဖြင့် နှစ်ရာခိုင်နှုန်းခန့်သာ ရှိသည်ကို တွေ့ရှိရပါကြောင်း။

**လမ်းညွှန်မှာကြားထား**

ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းတွင် ရောဂါဖြစ်ပွားမှု စတင်ကျဆင်းလာစဉ်အချိန်ကပင် နိုင်ငံတော်ဝန်ကြီးချုပ်ကလည်း နောက်ထပ်လှိုင်းတစ်ခုအဖြစ် ဖြစ်ပွားမလာစေရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားရှိရန်နှင့် ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများကို ကြပ်ကြပ်မတ်မတ်ဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားထားပါကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ မျိုးရိုးဗီဇပြောင်းရောဂါပိုး အိုမီခရွန်အဖြစ် စတင်ကြေညာသည့်အချိန်ကပင် မိမိတို့နိုင်ငံအတွင်းသို့ အဆိုပါရောဂါပိုးဝင်ရောက်ကူးစက်မှုမဖြစ်ပွားစေရေး တောင်အာဖရိကနှင့် ဘော့ဆွာနာနိုင်ငံများမှ ခရီးသည်ဝင်ရောက်မှုများ၏ ပြည်ဝင်ခွင့်ဗီဇာပိတ်ပင်ခြင်းလုပ်ငန်းကို ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီသို့ တင်ပြလမ်းညွှန်မှုခံယူပြီး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း။

ကိုဗစ်-၁၉ ရောဂါမှာ လူအချင်းချင်းထိတွေ့ရာမှ ကူးစက်ခြင်းဖြစ်၍ အပြည့်အဝ တားဆီးနိုင်ရန် ခက်ခဲပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့်လည်း ရှေ့တွင်ဖြစ်ပွားခဲ့သော ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု လှိုင်းများသည် နိုင်ငံတကာနှင့်နှိုင်းယှဉ်ပါက အတန်ငယ်နောက်ကျ၍ ဖြစ်ပွားခဲ့ခြင်းဖြစ်ပါ၍ ယခု အိုမီခရွန် မျိုးရိုးဗီဇပြောင်းရောဂါပိုး ဝင်ရောက်မလာစေရေး တတ်နိုင်သမျှ အချိန်ကြာကြာ တားဆီးထားနိုင်ခြင်းဖြင့် ပြည်တွင်း၌ ကာကွယ်ဆေးလွှမ်းခြုံမှု ပိုမိုမြှင့်တင်ထားရှိနိုင်ခြင်းနှင့် ကာကွယ်ထိန်းချုပ်ကုသရေး လုပ်ငန်း များကို ပိုမိုပြင်ဆင် ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ရောဂါပိုးဆိုင်ရာအချက်အလက်များကို ပိုမိုသိရှိနိုင်မည်ဖြစ်ကာ ပြင်ဆင်ကာကွယ်မှုများပြုလုပ်ရန် အချိန်ပိုမိုရရှိမည်ဖြစ်ပါကြောင်း၊ မျိုးရိုးဗီဇပြောင်းရောဂါပိုး ပြည်ပနိုင်ငံများမှ ကူးစက်ဝင်ရောက်မှုတားဆီးနိုင်ရေးအတွက် လက်ရှိကျင့်သုံးနေသော မူဝါဒများကို ရောဂါကူးစက်မှုသဘာဝအရ ပြောင်းလဲကျင့်သုံးဆောင်ရွက်ရာတွင် ဖြစ်ပေါ်လာနိုင်သည့် အခက်အခဲများ၊ အားနည်းချက်နှင့် လိုအပ်ချက်များကို ဌာနအသီးသီးမှ ဝိုင်းဝန်းဆွေးနွေးပေးစေလိုပါကြောင်း၊ ကိုဗစ်-၁၉ ကြောင့် လူမှုစီးပွားလုပ်ငန်းများ ထိခိုက်မှုအနည်းဆုံးဖြစ်စေရေးအတွက် ကာကွယ်ဆေးထိုးနှံခြင်း၊ ဦးတည်အုပ်စုများတွင် ဟိုတယ်နှင့်ခရီးသွားလာရေးကဏ္ဍနှင့် စက်ရုံအလုပ်ရုံလုပ်ငန်းဆောင်ရွက်သူများအား ထည့်သွင်း၍ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဦးစားပေးဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ထို့အတူ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ပံ့ပိုးမှုများကြောင့် အသွားအလာကန့်သတ်ခြင်း လုပ်ငန်းများနှင့် Hotel Quarantine ကိစ္စရပ်များတွင် ပိုမိုအဆင်ပြေအောင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

**တားဆီးကာကွယ်နိုင်ရေး**

နိုင်ငံတကာနှင့်အိမ်နီးချင်းနိုင်ငံများတွင် အိုမီခရွန် မျိုးရိုးဗီဇပြောင်းရောဂါပိုး ရောက်ရှိကူးစက်မှု မြင့်မားလာချိန်တွင် နယ်စပ်ဒေသများနှင့် လေကြောင်းခရီးလမ်းမှတစ်ဆင့် နိုင်ငံခြားမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများ၊ သံတမန်များနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များထံမှ ရောဂါပိုးကူးစက်ဝင်ရောက်နိုင်မှုများကို တားဆီးကာကွယ်နိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးကြစေလိုပါကြောင်း၊ ထို့အပြင် မျိုးရိုးဗီဇပြောင်း အိုမီခရွန် ရောဂါပိုးတွေ့ရှိလာပါကလည်း ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန်ဖြစ်ကြောင်း ပြောကြားသည်။



**လုပ်ငန်းများ နှောင့်နှေးခဲ့ရ**

ဆက်လက်၍ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်က လွန်ခဲ့သော ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုလှိုင်းများအတွင်း၌ ဟိုတယ်နှင့်ခရီးသွားကဏ္ဍတွင်လည်း လုပ်ငန်းများ နှောင့်နှေးခဲ့ရပါကြောင်း၊ ရောဂါဖြစ်ပွားမှုလျော့နည်းကျဆင်းချိန်တွင် ကန့်သတ်မှုများ ဖြေလျှော့ခဲ့သော်လည်း အချို့ခရီးသွားနေရာများတွင် ရောဂါပိုးပြန်လည်တွေ့ရှိရသဖြင့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ပြန်လည်ဆောင်ရွက်ခဲ့ရပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါနှင့် ယှဉ်တွဲနေထိုင်ရာတွင် No-one is safe until everyone is safe ဟု ဆိုသကဲ့သို့ မိမိတို့တစ်ဦးချင်းစီမှရောဂါကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများကို ထိန်းသိမ်းလိုက်နာ ဆောင်ရွက်သည့်အခါမှသာ ရလဒ်ကောင်းများရရှိမည်ဖြစ်ပါကြောင်း။

လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ဖြေလျှော့မှုများကြားတွင် စည်းမျဉ်းစည်းကမ်းလိုက်နာမှုများ တဖြည်းဖြည်း လျော့ကျလာပါက ရောဂါကူးစက်မှု ပြန်လည်မြင့်တက်လာမည်ဖြစ်ပြီး နိုင်ငံတော်ဝန်ကြီးချုပ်ကလည်း စည်းမျဉ်းစည်းကမ်းတင်းကျပ်မှုများကို ဂရုစိုက်ဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားထားပါကြောင်း၊ ဟိုတယ်နှင့်ခရီးသွားကဏ္ဍအနေဖြင့်လည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ကျန်းမာရေးလမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသော ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က ဆွေးနွေးကြသည်။

**အချိန်မရွေးဝင်ရောက်လာနိုင်**

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်းက မျိုးရိုးဗီဇပြောင်း အိုမီခရွန်ရောဂါပိုးသည် အိမ်နီးချင်းနိုင်ငံများတွင် တွေ့ရှိနေရပြီဖြစ်၍ မိမိတို့နိုင်ငံသို့ အချိန်မရွေးဝင်ရောက်လာနိုင်သည့် အခြေအနေတွင်ရှိပါကြောင်း၊ အဆိုပါ ရောဂါပိုး ဝင်ရောက်မလာစေရေးအတွက် တတ်နိုင်သမျှဆောင်ရွက်၍ အချိန်ဆွဲထားရန်လိုအပ်ပါကြောင်း၊ အိုမီခရွန်ရောဂါပိုးနှင့် ပတ်သက်၍ လိုအပ်ချက်နှင့်အညီ မူဝါဒ၊ လမ်းညွှန်ချက် ပြောင်းလဲမှုများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နေရသည်ဖြစ်ပြီး နီးနွယ်ဌာနဆိုင်ရာများသို့လည်း အချိန်မီအကြောင်းကြား ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်းက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်းသိရသည်။

အဆိုပါအစည်းအဝေးသို့ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်သူများနှင့် မြေယာမဲ့များအားလုံးအတွက် အရင်းအနှီးစရိတ်နည်းပါးပြီး ဝင်ငွေအကျိုးအမြတ် တိုးတက်ရရှိစေမည့် ကျေးလက်စီးပွားရေးလုပ်ငန်းများ ဖော်ဆောင်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၁၆**

မြန်မာ့စိုက်ပျိုးရေးကဏ္ဍ ရှင်သန်နိုးကြားမှု မြှင့်တင်ခြင်း စီမံကိန်းလုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ပြောကြား**



အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက တောင်သူများနှင့် မြေယာမဲ့များ အားလုံးအတွက် အရင်းအနှီးစရိတ်နည်းပါးပြီး ဝင်ငွေအကျိုးအမြတ် တိုးတက်ရရှိစေမည့် ကျေးလက်စီးပွားရေးလုပ်ငန်းများ ဖော်ဆောင်ပေးနိုင်ရေးအစီအမံများ၊ နည်းလမ်းများနှင့် ကူညီပံ့ပိုးပေးရန် လိုအပ်ချက်များကို သက်ဆိုင်ရာဌာနများအလိုက် လေ့လာဆန်းစစ်ဖော်ထုတ်ပြီး လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ပေးကြရန်လိုအပ်ကြောင်း၊ ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သော အတွေ့အကြုံများကို အခြေခံ၍ စိန်ခေါ်မှုများ ကျော်ဖြတ်နိုင်ရေး၊ လုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်ရေးအခွင့်အလမ်းများအဖြစ် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲသို့ အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦးနှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် စီမံကိန်းဒေသများ၌ အကောင်အထည်ဖော်ထားသည့် စနစ်ကျ လယ်ယာမြေအားလုံး စိုက်ပျိုးရေ ဖူလုံစွာအသုံးပြုနိုင်ရေး၊ ရေမြောင်းများ ထိန်းသိမ်းရန်အတွက် ဌာနနှင့်ရေအသုံးချသူများအဖွဲ့(WUG)တို့ ပူးပေါင်းဆောင်ရွက်ရေး၊ စီမံကိန်းတွင် ပါဝင်သည့် တောင်သူများအား ပုံစံ(၇)ပြန်လည်ပြင်ဆင်ထုတ်ပေးနိုင်ရေး၊ ရေအသုံးချသူများအဖွဲ့(WUG)သို့ တောင်သူတိုင်းဝင်ရောက်နိုင်ရေးနှင့် အကျိုးခံစားခွင့်ရှိသူ တောင်သူများအားလုံး၏ သဘောတူညီချက်ရရှိရန် သက်ဆိုင်ရာဌာနများနှင့် တောင်သူများ တွေ့ဆုံဆွေးနွေးပွဲပြုလုပ်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းစုများနှင့် တောင်သူများ အကျိုးတူလုပ်ငန်းဆောင်ရွက်ရာတွင် နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းမှုရှိစေရန် ပွင့်လင်းမြင်သာသည့် စည်းမျဉ်း စည်းကမ်းများ ချမှတ်၍ ချိတ်ဆက်ဆောင်ရွက်ပေးရန်၊ အဖွဲ့အလိုက် ပူးပေါင်းဆောင်ရွက်နိုင်သည့် အလေ့အထများ ဖြစ်ထွန်းလာစေရေးအတွက် စဉ်ဆက်မပြတ် ဆက်လက်ပံ့ပိုးသွားရန် လိုအပ်ချက်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကြေကွဲဖွယ်ဖြစ်သော ကောက်ကျစ်ရက်စက်မှု

လမာဂမ်

❖ **နွေဦးတော်လှန်ရေးက ဆောင်းရောက်နေပြီ။ လီဆယ်လှည့်စား မုသားမက်လုံးအမျိုးမျိုးနဲ့ မသိနားမလည်သူ လူငယ်တွေကို သွေးဆောင်ဖြားယောင်းပြီး အိမ်ကြက်ချင်း အိုးမဲသုတ် ခွပ်ခိုင်းနေတာ။ အနောက်ကမ္ဘာအဝေးတစ်နေရာက ဇော့စ်ဘွတ် ဖုန်းမျက်နှာပြင်ပေါ်ကနေ ခိုင်းစေညွှန်ကြားပြီး အကြမ်းဖက်လူသတ်နေကြတာ။ အကြမ်းဖက်မှုရဲ့ တန်ပြန်ရိုက်ချက် လာမှာပါ။**

❖ **ဆရာဝန်က ဆရာဝန်အလုပ်လုပ်တာကို ရက်ရက်စက်စက် အနီးကပ်ပြီး သေနတ်နဲ့ငါးချက် ပစ်ခတ်သတ်ဖြတ်တာ၊ မသေမချင်းလုပ်ကြံမှုဟာ တော်လှန်ရေးလား။**

**"အကယ်၍ သင်ဟာ တစ်စုံတစ်ဦးရဲ့ ပျော်ရွှင်မှုအတွက် ရေးပေးနိုင်တဲ့ ခဲတံတစ်ချောင်း မဖြစ်ခဲ့ရင်တောင်မှ သူတို့ရဲ့ရင်ထဲက ကြေကွဲပူဆွေးဝမ်းနည်းမှုတွေကို ဖြေဖျက်ပေးနိုင်တဲ့ ခဲဖျက်ကောင်းလေးတစ်ခုဖြစ်အောင်တော့ ကြိုးစားလိုက်ပါလား။"**

**အဗ္ဗဒူလ်ကာလမ်**

**အိန္ဒိယနိုင်ငံသမ္မတ (အငြိမ်းစား)**

(၁)

ကျွန်တော် ဒီစာကို ရေးနေတဲ့အချိန်မှာ စာလုံးတွေဟာ ဝေဝါးနေပါတယ်။ မျက်ရည်မကျအောင် ကျွန်တော် အကြိမ်ကြိမ်ကြိုးစားပေမယ့် မျက်ရည်ဝိုင်းနေတာကိုတော့ ဘယ်လိုမှ တားဆီးလို့မရနိုင်ခဲ့ပါ။ ရင်ထဲမှာလည်း ဆို့နင့်ကြေကွဲနေမိတာ အမှန်ပဲ။

ကမ္ဘာနဲ့ချီပြီးဖြစ်ခဲ့ကြတဲ့ စစ်မြေပြင်တွေကို ကျွန်တော်တို့ မမီလိုက်ပါ။ ပထမကမ္ဘာစစ်၊ ဒုတိယကမ္ဘာစစ်တွေမှာ စစ်သားတွေကော အရပ်သားတွေကော သေကျေပျောက်ဆုံး၊ ဒဏ်ရာအနာတရဖြစ်ခဲ့ကြတာ သန်းနဲ့ချီပြီး လူတွေဒုက္ခရောက်ခဲ့ကြပါတယ်။ စာအုပ်စာစောင် သမိုင်းမှတ်တမ်းတွေအရ ဓာတ်ပုံတွေလည်း မြင်ရတယ်။ မှတ်တမ်းတင်စစ်မှတ်တမ်းရုပ်ရှင်များ၊ စစ်ပွဲတွေအကြောင်း ရုပ်ရှင်ဇာတ်ကားများမှာလည်း ကြည့်ဖူးကြပါတယ်။ သေတာကျေတာ ကြမ်းတမ်းတာတွေ မြင်ရပါရဲ့။ စစ်ဆိုတာကတော့ လူသားလောကမှာ ကမ်းကုန်အောင် ရက်စက်ကြစမြဲပါပဲ။ ဒါက မဟာမိတ်တိုင်းပြည်များ တစ်ဖက်နဲ့တစ်ဖက်၊ နိုင်ငံအချင်းချင်း တစ်ပြည်နဲ့တစ်ပြည် စစ်ခင်းတာတွေနော်။

**လူသားပီသမှု**

ဒီလိုကြမ်းတမ်းခက်ထန်ရက်စက်တဲ့စစ်ပွဲတွေ စစ်မြေပြင်တွေမှာတောင်မှ ဂျီနီဗာ သဘောတူညီချက် ကွန်ဗင်းရှင်းတွေဘာတွေ မပေါ်ခင်ကကော ပေါ်ပြီးမှကော မဟာမိတ်တပ်တွေ၊ ဝင်ရိုးတန်းနိုင်ငံတွေ ကျင့်သုံးခဲ့ကြတဲ့ လူ့ကျင့်ဝတ်ယဉ်ကျေးမှုတစ်ခုတော့ ရှိခဲ့သေးတယ်။ ကျန်းမာရေးနဲ့ဆိုင်တဲ့ ဆေးရုံ၊ ကြက်ခြေနီစခန်း၊ လူနာများစုဝေးရာကို မတိုက်ခိုက်ရ၊ ဗုံးမကြဲရ။ ဆရာဝန်၊ သူနာပြု၊ ဆေးဝန်ထမ်းများနဲ့ အရပ်သား၊ ကျောင်းသူကျောင်းသားများကို ပစ်ခတ်တိုက်ခိုက်ခြင်းမပြုရ။ ဖမ်းဆီးသတ်ဖြတ်ခြင်း လုံးဝမပြုရ။ ရန်သူ့ဘက်က လူမျိုး၊ ဘာသာ၊ အရပ်သားပင်ဖြစ်ပါစေ ဘေးကင်းလုံခြုံအောင် စောင့်ရှောက်ပေးရမယ်။ ဒါက လူသားပီသမှု အဓိကလက္ခဏာခင်ဗျ။

လက်နက်ကိုင်တိုက်ခိုက်နေခဲ့ကြတဲ့ နိုင်ငံတကာစစ်မြေပြင်မှာ ကျင့်သုံးနေကြတဲ့ လူသားကျင့်ဝတ် လူသားအချင်းချင်း (စစ်အတွင်းမှာတောင်) ထားရှိရတဲ့ ဆင်ခြင်တုံတရားနဲ့ အသိဉာဏ်စာနာမှု သဘောတရားပါဗျာ။

၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့ ညနေမှာ ဖြစ်ပျက်ခဲ့ရတဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ်က အကြမ်းဖက်သတ်ဖြတ်မှုကတော့ မြန်မာပြည်မှာသာမက ကြားသိကြရမယ့် ကမ္ဘာသူကမ္ဘာသား လူသားတွေမှန်သမျှကို အံ့သြတုန်လှုပ်ချောက်ချားစေမယ့် အမှုပါ။ ရက်စက်မှုအပေါင်း သရဖူဆောင်းတဲ့ တိရစ္ဆာန်အပြုအမူ။

(၂)

ရှမ်းပြည်နယ် ကွတ်ခိုင်မြို့ ပြည်သူ့ဆေးရုံမှာ ဒေါက်တာ ဒေါ်ဝင့်ဝင့်မြိုင် တာဝန်ထမ်းဆောင်လာခဲ့တာဟာ ဆယ်စုနှစ်တစ်ခုရှိပါပြီ။ ၂၀၁၂ ခုနှစ်မှာ ကွတ်ခိုင်ပြည်သူ့ဆေးရုံမှာ တာဝန်ကျခဲ့တဲ့ အခါ လားရှိုးမှာနေထိုင်သူမို့ မိုင် ၅၀ အကွာအဝေးမှာရှိတဲ့ ကွတ်ခိုင်မြို့ဟာ လာချင်သူအတွက်တော့ အနီးကလေးပေါ့။ လုပ်သက်ကိုးနှစ်၊ ဆယ်နှစ်အတွင်းမှာ ကွတ်ခိုင်မြို့နယ် ပြည်သူ့ကျန်းမာရေးနဲ့ ကုသရေးဦးစီးဌာနမှူးအနေနဲ့ မြို့ပေါ်သာမက ကချင်ရွာ၊ ပလောင်ရွာ၊ ရှမ်းရွာ၊ လီရှောရွာ၊ မုံးဝန်းရွာ၊ တောင်ပေါ်မြေပြန့်အနှံ့ ကျေးရွာတွေအထိ မရောက်ဖူးတဲ့ကျေးရွာမရှိ။ ဒူဝါ၊ ပူမိန်း၊ သူကြီး၊ ရွာခေါင်းတွေသာမက တိုင်းရင်းသားကလေးငယ်များပါမကျန် ဆရာဝန်ကြီး ဒေါက်တာဝင့်ဝင့်မြိုင်ကို အများကသိကြပါတယ်။ ချစ်ခင်လေးစားကြတယ်။

ပြည်သူ့ကျန်းမာရေးနဲ့ ကုသရေးတာဝန်ကို ဒေါက်တာဝင့်ဝင့်မြိုင်က ဝတ်ကျေတန်းကျေမျှသာ လုပ်ဆောင်တတ်သူမဟုတ်။ စေတနာထက်သန်လှိုက်လှဲစွာ မြစ်ကူးချောင်းကူးကျေးရွာတွေလည်း ခြေကျင်တစ်မျိုး၊ ဆိုင်ကယ်နဲ့တစ်တန် သွားတာပဲ။ တောင်ကြောတောင်ထိပ် (လက်ဖက်ခင်းတွေ၊ ကုန်းမြင့်သစ်တောဝါးတောတွေနဲ့) တောင်ပေါ်ရွာတွေဆို ခြေကျင်သွားမှသာ လမ်းပေါက်တာပေမယ့် ရောက်အောင်သွားတယ်။ မိုးရွာလည်းသွားတာပဲ။ နှင်းကျလည်း ရောက်အောင်သွားတယ်။

မြို့ပေါ်က လူတွေသာမက တောင်ပေါ်ဒေသ ကျေးလက်တောရွာ အခေါင်အဖျားအထိ ရောင်အောင်သွားပြီး ဆေးဝါးကုသရေးကို စိတ်အားထက်သန်အပင်ပန်းခံ ထမ်းဆောင်ခဲ့သူ ဆရာမကြီးပါ။ ဆရာမကြီးဆိုသော်လည်း ကွတ်ခိုင်ရောက်စ အသက် ၄၀၊ ခုဆို အသက် ၅၀ ဝန်းကျင် အရွယ်ကောင်း ကျန်းမာကြံ့ခိုင်တဲ့ တကယ့်ကျေးလက်ဆရာဝန်ကောင်းတစ်ဦးပေါ့။ တောရောမြို့မှာပါ ဒေါက်တာကို သိနေကြတာပဲ။

ကျေးလက်ဒေသက လူကြီးလူငယ်တွေကပါ သူ့ကိုချစ်ခင်ကြတယ်။ လေးစားကြတယ်။ စေတနာကောင်းတာ၊ စာနာကြင်နာ ဂရုစိုက်ခံရတာကြောင့် ကျေးဇူးတင်ကြတယ်။ စေတနာပါလို့ ဆေးလိုက်တယ်တဲ့။ သူကုရင် သေချာပေါက်ပျောက်မယ်ထင်ကြတယ်။ ရောဂါအမျိုးမျိုး အဖုံဖုံက ကုသရုံနဲ့ မပြီးဘူး။ လေလုံ၊ အလင်းရောင်မရှိ၊ မီးခိုးမွှန်တဲ့ ဒေသခံရိုးရာအိမ်ရဲ့ဖွဲ့စည်းပုံကြောင့် အဆုတ်ရောဂါဖြစ်ကြတာမျိုး။ အာဟာရမလုံလောက်လို့ ဖြစ်ရတဲ့ရောဂါမျိုး။ အနေအထိုင် အစားအသောက် အမူအကျင့်၊ အလေ့အထတွေပါ နားဝင်အောင် ပြောရတာ အာပေါက်ရလောက်ပါတယ်။ တော်သေးတာက တိုင်းရင်းသားဘာသာစကားတွေကို လေး၊ ငါးနှစ်အတွင်း လူနာနဲ့ပြောဆိုတတ်၊ မေးနိုင်ဖြေနိုင် ဆက်သွယ်တတ်အောင် သင်ယူမှတ်သားထားခဲ့လို့။ မြို့ရောတောပါ နေ့နေ့ညည လှုပ်ရှားလုပ်ဆောင်လာခဲ့တာ တောအနှံ့တောင်အနှံ့ ဘာရန်သူမှမရှိခဲ့ပါ။ ရင်ဆိုင်တွေ့တောင် ကွေ့ရှောင်သွားကြတာပဲ။

**တိုင်းရင်းသားအများစုက ရိုးသားကြ**

ဒေသခံတွေထဲကပဲ အချို့လက်နက်ကိုင်တွေဟာ သူပုန်ထတယ် အကြောင်းပြပြီး ဆက်ကြေးကောက်၊ ခြိမ်းခြောက်၊ ဓားပြတိုက်၊ ဘိန်းစိုက်၊ ဥပဒေကိုဆန့်ကျင်တာတွေကို လုပ်နေကြပေမယ့် သူတို့ဆွေမျိုးသားချင်းတွေကို အိမ်တိုင်ရာရောက် ဆေးဝါးလာရောက်ကုသပေးနေခဲ့တဲ့ ဒီဆရာဝန်မကြီးကိုတော့ ရန်မပြုခဲ့ပါ။ တောင်ပေါ်တိုင်းရင်းသားအများစုက ရိုးသားကြတဲ့အပြင် ယဉ်ကျေးကြတယ်။ မရိုင်းစိုင်းပါ။ ဘာသာ၊ သာသနာရဲ့အဆုံးအမကိုလည်း လိုက်နာကြတယ်။ စိတ်ကောင်းရှိကြပါတယ်။ ဒေသခံတိုင်းရင်းသားများက ဒေါက်တာကို ချစ်ခင်ကြပြီးသား။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ၊ မတ်လဆီက စလိုက်တဲ့ သပိတ်စုံ သူပုန်ထ၊ အစိုးရပြုတ်ကျအောင် CDM (Civil Disobedience Movement) ဆိုတဲ့ လူထုဆန္ဒပြဆန့်ကျင်အုံကြွရေးလှုံ့ဆော်မှုများဟာ မြို့ထဲရွာထဲ လူနေရပ်ကွက်ထဲကို မစင်ရေ၊ ကျင်ငယ်ရေ အညစ်အကြေး အမှိုက်သရိုက် ရေစီးကြောင်းတွေ စီးဝင်လာသလို ရိုက်ခတ်ကူးစက်ခဲ့ပါတယ်။ နံစော်ညစ်ပေ။

လူငယ်တွေကို ပူးကပ်ဖျက်ဆီးတယ်။

လူလတ်ပိုင်းတွေကို တွေဝေစေတယ်။

လူကြီးပိုင်းကို စိတ်အနှောင့်အယှက်ပေးတယ်။

တောရောမြို့ပါ ကျန်းမာရေး၊ ပညာရေးတွေ ပျက်စီးယိုယွင်းအောင် ထိုးဖောက်ဖျက်ဆီးခဲ့ကြပါတယ်။ အဆိုးဆုံးကတော့ ကျန်းမာရေးဝန်ထမ်းအချို့နဲ့ (ဦးဆောင်လှုံ့ဆော်သူဟာ ဘယ်ဘာသာဝင်လဲဆိုတာတောင် မသိခဲ့ကြဘဲနဲ့ ရောတောယောင်တောင်လိုက်ပါ) ပညာရေးဝန်ထမ်းအချို့ရဲ့ တစ်ပါတီအာဏာရရေး နိုင်ငံရေးဦးတည်ချက်ကို နိုင်ငံ့ဝန်ထမ်းက ပြည်သူ့အကျိုးစီးပွားကိုသာ အဓိက ဝန်ထမ်းရမယ်ဆိုတဲ့ ကျင့်ဝတ်ကို ချိုးဖောက်ဖျက်ဆီးလွဲမှားခဲ့ကြခြင်းပဲ။

**ပြည်သူများကို ကုသရေးတာဝန်**

ဒေါက်တာ ဒေါ်ဝင့်ဝင့်မြိုင်ကတော့ ပြည်သူ့အကျိုးကို ဆန့်ကျင်ဖျက်ဆီးပြီး CDM သပိတ်မှောက် အလုပ်မလာဘဲ နေရမယ်ဆိုတဲ့ ဆွဲဆောင်မှုကို လုံးဝမလိုက်နာနိုင်ဘူး။ အစိုးရက လစာပေးပေး၊ မပေးပေး ရှိတဲ့ဆေးဝါးနဲ့ ကုသလက်စလူနာများ၊ လာပြတဲ့ လူနာပြည်သူများကို ကုသရေးတာဝန် ဆက်ပြီးဆောင်ရွက်နေမှာပဲ။ တစ်ယောက်တည်းပဲကျန်စေဦး ငါကတော့ ခြသေ့ံပဲဆိုတဲ့စိတ်ရှိတယ်။ ခွေးအတွေ အုပ်စုလိုက် ဘယ်လောက်ပဲ အူအူဆူဆူ၊ သူကတော့ ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်ခြင်းကို မပျက်မကွက် ဆက်လက်လုပ်ဆောင်နေဆဲ။ အေးအေးဆေးဆေးပုံမှန်ပါပဲ။

ခြိမ်းခြောက်သူတွေ အနီးကရော အဝေးကပါ ရှိလာခဲ့တယ်။ အသက်ကိုတောင် အန္တရာယ်ပြုနိုင်တယ်ဆိုတာလည်းမသိဘဲ ရှိပါ့မလား။ အစွန်အဖျား ဝေးလံခက်ခဲ ဆင်းရဲနွမ်းပါးတဲ့ ကျေးလက်တောရွာတွေထိအောင် အစိုးရကျန်းမာရေးဌာနအနေနဲ့ ကိုဗစ်ရောဂါကူးစက်မြန်အဆုတ်ရောဂါ ကမ္ဘာလုံးချီတဲ့ ပျံ့နှံ့သေကျေနေခြင်းမှကာကွယ်ဆေးထိုးပေးဖို့ရာ တာဝန်ကိုတော့ ဒေါက်တာဝင့်ဝင့်မြိုင် မရှောင်လွှဲနိုင်ခဲ့ပါ။ မလာနိုင်တဲ့ တောသူတောင်သားများထံ သူကတော့ သွားမှာပဲ။

(၃)

၂၀၂၁ ဒီဇင်ဘာ ၁၄ အင်္ဂါနေ့ နံနက်စော။

ကိုယ်တို့ရှမ်းပြည်နယ် (မြောက်ပိုင်း) အေးစပြုပြီ။

ပေလေးထောင်အထက်မြင့်တဲ့ ကွတ်ခိုင်မြို့။

ဒီဇင်ဘာ ဆောင်းဦးရာသီ နှင်းတွေဝေနေဆဲလေ။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒုမြို့နယ်ဦးစီးမှူးက ဦးဆောင်ပြီး ကွတ်ခိုင်မြို့နယ် ကုသရေးဦးစီးဌာနမှူး ဆရာဝန် ဒေါက်တာဝင့်ဝင့်မြိုင်နဲ့ သားဖွားဆရာမ သုံးဦး၊ ကွတ်ခိုင်မှ မုံးစီးရွာသို့ ကားနဲ့ ကိုဗစ် -၁၉ ရောဂါကာကွယ်ဆေးထိုးပေးဖို့ရာ သွားခဲ့ကြတယ်။ လမ်းက တောလမ်း၊ ကားလမ်းပေါက်ရုံ ကျောက်ကြမ်းလမ်း။ မြေလမ်း။ မုံးစီးရွာရောက်တော့ လူစုရတာ၊ လူစောင့်ရတာ၊ ဆေးထိုးတာနဲ့ အချိန်ဟာ ကုန်မှန်းမသိ။ ဆောင်းဝင်ပြီဆိုတော့ ညနေ ၆ နာရီကျော်တာနဲ့ မှောင်ရီပျိုးပါပြီ။

ညနေ နေဝင်ရီးရီ နွားရိုင်းသွင်းချိန်ကျော်လာတော့ မှောင်ပေပြီ။ တာမိုးညဲမြို့လေးမှ ဆက်ထွက်ကာ မော်ဟန်နဲ့ နောင်ချိုရွာအကြား အမည်မသိလက်နက်ကိုင်အဖွဲ့က ကားကိုတားပြီး ကားပေါ်ပါလာသူတွေကို ဆင်းစေတယ်။

"မြို့နယ်ဆရာဝန်လား။ လာခဲ့"

မြို့နယ်ဆရာဝန်ကြီးတစ်ယောက်တည်းကိုပဲ သေနတ်နဲ့ အနီးကပ်ပစ်သတ်သွားပါတယ်။

**စာမျက်နှာ ၇ သို့** ○

# အနန္တောအနန္တဂိုဏ်းဝင် ဆရာ၊ ဆရာမများ၏ နာသုံးနာ လက်ကိုင်ထား၍ ကျောင်းသား၊ ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် ဒီဇင်ဘာ ၁၆**

မြန်မာနိုင်ငံ၌ ဆရာ၊ ဆရာမများအပေါ် ရိုသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှုတစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ၊ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ်သဘောထား၍ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **"အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့"** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီကောင်းစားရေးကိုသာ ရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG ၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန်ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ၊ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟီရိ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက်ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ၊ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့် ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ် လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေး ရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ၊ ဆရာမများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာတတ်မြောက်ရေး၊ ပညာရည်မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ၊ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## (၄၇) နှစ်မြောက် ရခိုင်ပြည်နယ်နေ့အထိမ်းအမှတ် ကျင်ကိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနား ကျင်းပ

**စစ်တွေ ဒီဇင်ဘာ ၁၆**

၂၀၂၂ ခုနှစ် (၄၇) နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ် ရခိုင်ရိုးရာကျင်ကိုင်ပွဲ ရွှေမောင်းတန်း ဗိုလ်လုပွဲ၊ ငွေမောင်းတန်းဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ ညနေပိုင်းက စစ်တွေမြို့ ဝက်ဘာကွင်း၌ ကျင်းပသည်။

ကျင်ကိုင်ပွဲဆုပေးပွဲမတိုင်မီ ရခိုင်ပြည်နယ်အနှံ့အပြားမှ ငွေမောင်းတန်းကျင်သန်များ၊ ရွှေမောင်းတန်းကျင်သန်များက မိမိတို့အတန်းအလိုက် ယှဉ်ပြိုင်ကြသည်။

ထို့နောက် ငွေမောင်းတန်း ပထမဗိုလ်လုပွဲတွင် ကိုခိုင်မြတ် (ပုဏ္ဏားကျွန်း) နှင့် ကိုထွန်းလင်း (ပုဏ္ဏားကျွန်း) တို့ ယှဉ်ပြိုင်ကြရာ ကိုခိုင်မြတ် (ပုဏ္ဏားကျွန်း) က အနိုင်ရရှိပြီး ပထမငွေမောင်းကို ရရှိသည်။

ဆက်လက်၍ ရွှေမောင်းတန်း ပထမဗိုလ်လုပွဲတွင် ကိုမင်းမင်းထွန်း (ပေါက်တော-သဝင်ချောင်း) နှင့် ကိုမောင်မောင်စိုး (ကျောက်တော်) တို့ ယှဉ်ပြိုင်ကြရာ ကိုမင်းမင်းထွန်း (ပေါက်တော-သဝင်ချောင်း) က အနိုင်ရရှိပြီး ပထမရွှေမောင်းကို ရရှိသွားသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ငွေမောင်းတန်း ပထမ၊ ဒုတိယနှင့် ပူးတွဲတတိယဆု ရရှိကြသူများအား အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးက ငွေမောင်းဆုတံဆိပ်၊ စလွယ်နှင့် ငွေသားဆုတို့ကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်းက ရွှေမောင်းတန်း ပထမ၊ ဒုတိယနှင့် ပူးတွဲတတိယဆု ရရှိကြသူတို့အား ရွှေမောင်းဆုတံဆိပ်၊ စလွယ်နှင့် ငွေသားဆုတို့ကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ရခိုင်ပြည်နယ်နေ့အထိမ်းအမှတ် ရခိုင်ရိုးရာကျင်ကိုင်ပွဲသို့ ရခိုင်ပြည်နယ်အတွင်းမှ ငွေမောင်းတန်း ကျင်သန် ၁၃၀ နှင့် ရွှေမောင်းတန်း ကျင်သန် ၂၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

ပြည်နယ်နေ့ကျင်ကိုင်ပွဲတွင် ရွှေမောင်းတန်း ပထမဆု ငွေကျပ် ၃၂ သိန်း၊ ဒုတိယဆုငွေကျပ် ၂၄ သိန်း၊ ပူးတွဲတတိယဆု ငွေကျပ် ၁၆ သိန်းစီ ပေးအပ်ချီးမြှင့်ခဲ့ပြီး ငွေမောင်းတန်းတွင် ပထမဆု ငွေကျပ် ၂၄ သိန်း၊ ဒုတိယဆု ငွေကျပ် ၁၆ သိန်း၊ ပူးတွဲတတိယဆု ငွေကျပ် ၁၂ သိန်းစီ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။



ရခိုင်ပြည်နယ်နေ့အထိမ်းအမှတ် ရခိုင်ရိုးရာ ကျင်ကိုင်ပွဲသို့ ရခိုင်ပြည်နယ်အတွင်းမှ ငွေမောင်းတန်း ကျင်သန် ၂၈၈ ဦးနှင့် ရွှေမောင်းတန်းကျင်သန် ၂၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

○ စာမျက်နှာ ၆ မှ

ကျည်ဝင်ဒဏ်ရာ ငါးချက်ရပြီး အခင်းဖြစ်နေရာမှာပဲ သေဆုံးရှာပါတယ်။ တာဝန်ကျေတဲ့ ကြယ်တစ်ပွင့်ဟာ ကြွေလွင့်ခဲ့ရရှာပြီ။ ဘာတော်လှန်ရေးလဲ။

### အိမ်ကြက်ချင်း အိုးမဲသုတ် ခွပ်ခိုင်း

နွေဦးတော်လှန်ရေးက ဆောင်းရောက်နေပြီ။ လီဆယ်လှည့်စား မုသားမက်လုံးအမျိုးမျိုးနဲ့ မသိနားမလည်သူ လူငယ်တွေကို သွေးဆောင်ဖြားယောင်းပြီး အိမ်ကြက်ချင်း အိုးမဲသုတ် ခွပ်ခိုင်းနေတာ။ အနောက်ကမ္ဘာအဝေးတစ်နေရာက ဖေ့စ်ဘွတ်ဖုန်းမျက်နှာပြင်ပေါ်ကနေ ခိုင်းစေညွှန်ကြားပြီး အကြမ်းဖက်လူသတ်နေကြတာ။ အကြမ်းဖက်မှုရဲ့ တန်ပြန်ရိုက်ချက်လာမှာပါ။

ဆရာဝန်က ဆရာဝန်အလုပ်လုပ်တာကို ရက်ရက်စက်စက် အနီးကပ်ပြီး သေနတ်နဲ့ ငါးချက် ပစ်ခတ်သတ်ဖြတ်တာ၊ မသေမချင်း လုပ်ကြံမှုဟာ တော်လှန်ရေးလား။ ဝေးပါသေးကွာ။

ရှမ်းပြည်နယ်မြောက်ပိုင်းအတွက် စံပြမြို့နယ်ဆေးရုံဆုကို ၂၀၁၇၊ ၂၀၁၈၊ ၂၀၁၉ ခုနှစ်တွေ၊ သုံးနှစ်ဆက်တိုက် ထူးချွန်စွမ်းဆောင်မှုအတွက် သူက ရွေးချယ်ခံရအောင် ဒေသခံပြည်သူအပေါ် စေတနာ အလွန်ကြီးမားထက်သန်လှတဲ့ ဆရာဝန်မကြီးပါကွာ။

ဒေါက်တာ ဝင့်ဝင့်မြိုင် (၅၁) နှစ် သေဆုံးတာဟာ သူ့ရဲ့မိခင်နဲ့ သူ့ညီမလေးတွေပဲ ကြေကွဲရတာမဟုတ်ဘူး။ ငါတို့ကွတ်ခိုင် တစ်မြို့နယ်လုံးအတွက် ဒီလိုလူစားမျိုး ပြန်ရနိုင်ဖို့မလွယ်ဘူး ဆိုတာ နားလည်ခံစားရတဲ့ မြို့နယ်တစ်ခုလုံးမှာရှိတဲ့ ဒေသခံတိုင်းရင်းသားအားလုံးမှာ ရင်ကွဲမတတ်၊ အသည်းကြွေမတတ် ခံစားနေကြရတယ်ကွ။ သိလား။

မင်းတို့ရဲ့ မိုက်ရိုင်းရက်စက်တဲ့ လူသတ်ဝါဒဟာ ကမ္ဘာစစ်တိုက်နေကြတဲ့ စစ်ဗိုလ်စစ်သားတွေထက်တောင် အသိဉာဏ်၊ လူ့အသိစိတ်ကင်းမဲ့လွန်းလှပါတယ် မောင်တို့ရယ်။ ရာဇဝင်မှာ စာတင်လောက်အောင် ရှက်စရာကောင်းအောင် ယုတ်ညံ့တဲ့ မင်းတို့လိုလူစားတွေအတွက် နိုင်ငံတကာရှိ ဆေးလောကဆေးကုသတဲ့ဆေးပညာရှင် ဆရာဝန်အားလုံးကို အနူးအညွတ် ရိုကျိုးစွာတောင်းပန်စကား ဆိုလိုက်ပါတယ်ကွာ။ ငါ လမာဂမ်ပါ။

ဒီအမှားအတွက် ငါကြေကွဲဝမ်းနည်း မဆုံးပါဘူး။ မင်းတို့အပြုအမူ လွဲချော်မိုက်ကမ်းမှုတွေဟာ လူ့ဘဝလူ့အဆင့်နဲ့ မထိုက်တန်ပါဘူးကွယ်။ မင်းတို့နဲ့ ထိုက်တန်ရာဘဝကို ရောက်ကြပါစေကွယ်။ ။

## သန်လျင်မြို့နယ် ဘော့ချောင်းအတွင်း ငါးမျိုးစိုက်ထည့်

**သန်လျင် ဒီဇင်ဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနက ကြီးကြပ်၍ သဘာဝမြစ်ချောင်း အင်းအိုင်များ၊ ဆည်တမံများအတွင်း ငါးသယံဇာတများရေရှည်ထိန်းသိမ်းနိုင်ရေးနှင့် ကျေးလက်နေပြည်သူများ ငါးရိက္ခာကို ပိုမိုစားသုံးနိုင်ရေးအတွက် ငါးသားပေါက်များ မျိုးစိုက်ထည့်လျက်ရှိရာ ရန်ကုန်တောင်ပိုင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ဒီဇင်ဘာ ၁၃ ရက် နံနက် ၈ နာရီခွဲတွင် ဘော့ချောင်းတံတားအနီး၌ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တောင်ပိုင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေဝင်းအောင်နှင့်အဖွဲ့ဝင်များ၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအေးနိုင်၊ မြို့နယ်စီမံအုပ်ချုပ်မှုအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းလေးနှင့်အဖွဲ့ဝင်များ၊ ငါးမျိုးစိုက်ထည့်ခြင်း ကြီးကြပ်ကော်မတီအဖွဲ့ဝင်များ၊ ခရမ်းမြို့နယ် ငါးလုပ်ငန်းဦးစီးမှူး ဦးမျိုးတင့်၊ လှော်ကားငါးလုပ်ငန်းစခန်းတာဝန်ခံ၊ လေးထောင့်ကန် ငါးလုပ်ငန်းစခန်းတာဝန်ခံနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ကြပြီး လှော်ကားငါးလုပ်ငန်းစခန်းနှင့် လေးထောင့်ကန်ငါးလုပ်ငန်းစခန်းမှ နှစ်လက်မအရွယ် ငါးမြစ်ချင်းသားပေါက်ကောင်ရေ ငါးသိန်းစီ စုစုပေါင်း နှစ်လက်မအရွယ် ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၁၀ သိန်းအား မျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်လမ်းတစ်လျှောက် သန့်ရှင်းသာယာသပ်ရပ်ရေး ကွင်းဆင်းစစ်ဆေး



**ရန်ကုန် ဒီဇင်ဘာ ၁၆**
ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ယနေ့နံနက် ၇ နာရီတွင် ကမာရွတ်မြို့နယ် လှည်းတန်းခုံးကျော်တံတားနှင့် ဟံသာဝတီအဝိုင်းအကြား ပြည်လမ်းတစ်လျှောက် အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)မှ ဆောင်ရွက်နေသည့် အလျားပေ ၃၅၀၀၊ အနံ ၇၂ ပေ၊ ဒု နှစ်လက်မ ကတ္တရာကွန်ကရစ် (AC) ခင်းကျင်းပြီးစီးမှုနှင့် Road Marking ယာဉ်ကြောပြမျဉ်း ရေးဆွဲထားရှိမှု၊ ပြည်လမ်းပညာရေးတက္ကသိုလ်ရှေ့ ပြိုလဲနေသည့် နှစ်ရှည်ကုက္ကိုပင်ကို မြို့ပြရှုခင်းလှပစေရေးအတွက် ပြန်လည်စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဆောင်ရွက်ပေးသည်။

ထို့မှတစ်ဆင့် မြို့တော်ဝန်သည် အင်ဂျင်နီယာဌာန (ရေစီးရေလာစီမံခန့်ခွဲမှု)၊ မြို့ပြပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနနှင့် ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနများမှ အင်းလျားကန်ပေါင် စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာသပ်ရပ်ရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ အင်းလျားရေမြောင်းနှင့် ကမာရွတ်ချောင်းအတွင်း ရေစီးရေလာ ကောင်းမွန်စေရန် အမှိုက်များ၊ သဲမြေများကို Excavator ယန္တရားယာဉ်ဖြင့် ဆယ်ယူရှင်းလင်း ဆောင်ရွက်နေမှုနှင့် လူသွားစင်္ကြံဘေး မြက်ပင်များ ရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်း ရန်ကုန်မြို့တော်ခန်းမအတွင်း အင်ဂျင်နီယာဌာန (ရေစီးရေလာစီမံခန့်ခွဲမှု)မှ ဆောင်ရွက်နေသော အလျား ပေ ၇၀၊ အနံ ၃၃ ပေ၊ အနက် ၇ ပေရှိရေဂါလန် တစ်သိန်းဆံ့ရေစုကန် တည်ဆောက်နေမှုလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြား ဆောင်ရွက်ပေးသည်။

**သတင်းစဉ်**

## စာပေဗိမာန်စာအုပ်ဆိုင်များတွင် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် ရောင်းချ

**နေပြည်တော် ဒီဇင်ဘာ ၁၆**
၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၄၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော စာပေဗိမာန်ထုတ် သုတပဒေသာစာစောင်ကို ယခုဒီဇင်ဘာလမှစ၍ သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ဟု အမည်ပြောင်းလဲပြီး ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ အတွဲ (၄၈)၊ အမှတ်(၁၂) ကို ထုတ်ဝေလိုက်ပြီ ဖြစ်သည်။ စာစောင်ကို အမည်ပြောင်းလိုက်သလို အတွင်းပိုင်းပါဝင်သော စာမူများကိုလည်း အပိုင်းခွဲ၍ ဖော်ပြထားသည်။

လူငယ်များအတွက် အဓိကဦးတည်သော သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်၏ မျက်နှာဖုံးဆောင်းပါးကဏ္ဍမှာ "ကင်းထောက်ဆိုင်ရာ သိကောင်းစရာ" ဖြစ်ပါသည်။ မျက်နှာဖုံးဆောင်းပါးကဏ္ဍတွင် မြန်မာနိုင်ငံကင်းထောက်အဖွဲ့၊ ကင်းထောက်ဆိုသည်မှာ၊ ကင်းထောက်ဆိုတာဘာလဲ၊ လူငယ်ရေးရာကဏ္ဍတွင် လူငယ်များအတွက် တွန်းအား၊ ဘုရားသခင်ဖြစ်စေချင်တာက.... နိုင်ငံသားတိုင်း အလေးထားလိုက်နာကြစရာ ကျင့်ဝတ်ငါးဖြာ၊ လူငယ်များဦးဆောင်သော ဆန်းသစ်ဖန်တီးမှု၊ Stay at Home နှင့် မျက်စိကျန်းမာရေး၊ ကျွန်ုပ်တို့နှင့် ဆူညံသောပတ်ဝန်းကျင်၊ ဆင့်၍ဆင့်ကာတက်လှမ်း လူငယ်တွေရဲ့လမ်း (၁)၊ အကောင်းဆုံးဆရာ၊ လူငယ်ဖွံ့ဖြိုးမှု၊ ယနေ့လူငယ်များနှင့် အချိန်၊ ကဗျာကဏ္ဍတွင် မြားတစ်စင်းနှင့် တေးတစ်ပုဒ်၊ နိုင်ငံတကာဆိုင်ရာကဏ္ဍတွင် အာဖဂန်ဒုက္ခသည်များအား လက်ကမ်းကြိုဆို၊ အတွေးအခေါ်နှင့် တက်ကျမ်းဆိုင်ရာကဏ္ဍတွင် တစ်ဦးချင်းစွမ်းဆောင်ရည်မှ ထိရောက်သောအဖွဲ့အစည်းသို့၊ စီးပွားရေးဆိုင်ရာကဏ္ဍတွင် အရောင်စုံစီးပွားရေး၊ ကျန်းမာရေးဆိုင်ရာကဏ္ဍတွင် ဆန်းသစ်ဖွေရှာ ဆေးပညာ (၂၄၀)၊ စားအုန်းဆီက စားသုံးရန်သင့်ပါသလား၊ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး၊ ဂျီးရဲ့ ကျောရိုး ကျွန်တော်၊ သဘာဝပတ်ဝန်းကျင် ရှုထောင့်ဆိုင်ရာကဏ္ဍတွင် ကိုက်အားပြင်းတိရစ္ဆာန်များ၊ ဖြစ်ရပ်မှန်ကဏ္ဍတွင် အသက်ကိုရင်း၍ ခရစ္စမတ်ည လမ်းလျှောက်ထွက်ခြင်း၊ ဝတ္ထုတိုကဏ္ဍတွင် ခရစ္စမတ်ပုံပြင်၊ အထွေထွေကဏ္ဍတွင် အုန်းခြံလုပ်သား မျောက်ကလေးများနှင့် ဟာသ စသည်ဖြင့် ကဏ္ဍမျိုးစုံဆောင်းပါးများ ပါဝင်သည်။

သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန်စာအုပ်ဆိုင် အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်ဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၈၂၄၉၀၃၁၊ ၀၁- ၈၃၈၁၄၄၈၊ စာပေဗိမာန်စာအုပ်ဆိုင် ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေး ဖုန်း ၀၂- ၄၀၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန်စာအုပ်ဆိုင် အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈ သို့ ဆက်သွယ်မှာယူနိုင်သည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ဆက်လက်တင်သွင်း

**နေပြည်တော် ဒီဇင်ဘာ ၁၆**
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများ၊ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်၊ မြဝတီကုန်သွယ်ရေးဇုန်နှင့် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းတို့မှ ကုမ္ပဏီငါးခု၊ ယာဉ်စီးရေ ၁၀ စီး၊ အောက်ဆီဂျင်(အရည်) Bowser ယာဉ်တစ်စီးဖြင့် တန် ၂၀၊ အောက်ဆီဂျင် (အိုးခွံ) ၅၀၊ အိမ်သုံးအောက်ဆီဂျင်စက် နှစ်ခု၊ တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ ၃၄၄၀၊ လက်အိတ် သုည ဒသမ ၁ တန်နှင့် နှာခေါင်းစည်း ၅၇ တန်တို့ကို တင်သွင်းခဲ့သည်။ အောက်ဆီဂျင်(အရည်) Bowser ယာဉ်တစ်စီးမှာ မြဝတီကုန်သွယ်ရေးဇုန်မှ ရန်ကုန်မြို့သို့ဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများတင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနဝက်ဘ်ဆိုက်ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

## ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့်ဆေးဝါးများ၏ ပေါက်ဈေးများ

(၁၆-၁၂-၂၀၂၁)ညနေ ၆ နာရီအချိန်ထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Symptomatic | | | | |
| 1 | P.O Bromhexine | 10X10's tablets/ Box | 1000 | Medi Myanmar |
| 2 | P.O Cetrizine | 10X10's / Box | 2200 | AA Medical |
| Supportive | | | | |
| 3 | P.O Multivitamin with/ without zinc | 3X10's / Box | 5600 | OLIVE |
| 4 | P.O Vitamin C | 10X10's / Box | 700 | Pai Brother |
| 5 | P.O – Pantocid | 10X10's / Box | 7000 | PL |
| 6 | P.O Omeprazole | 10X10's / Box | 1650 | Shwe Htay Min |
| 7 | Injection Pantocid | 1g/Vial | 1500 | Aorta |
| 8 | Injection Omeprazole | 1g/Vial | 1050 | Aorta |
| Antibiotics | | | | |
| 9 | P.O – Azithromycin 500 mg | 5x3's | 4000 | Rammawaddy |
| 10 | P.O – Cefalexin 500 mg | Box of 10x10's | 6100 | Aorta |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org)နှင့် Facebook Page https:// www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ဆရာကြီး ကာတွန်းမောင်စိန်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။
စာတည်း



# ရွှေကိုမလို ရေကိုသာလိုသည့် ကျေးလက်နေပြည်သူများအတွက် မြေအောက်တမံ တည်ဆောက်ကာ ရေသိုလှောင်၍ ဖြည့်ဆည်းပေးနိုင်ခဲ့လေပြီ

**အညာဒေသကား ပူပြင်းခြောက်သွေ့ပြီး နှစ်စဉ်ရွာသွန်းသော မိုးကလည်းနည်း၍ သစ်ပင်တောတောင်တို့မှာ စိမ်းလန်းမှုမရှိပါ။ ထို့ကြောင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်က (၉)ခရိုင် စိမ်းလန်းစိုပြည်ရေးဖြင့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် သစ်ပင်များ နှစ်စဉ် စိုက်ပျိုးခဲ့ကြသည်။**

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**

ညောင်ဦးမြို့နယ်သည် အပူပိုင်းဇုန်တွင် ပါဝင်သောမြို့နယ်ဖြစ်၍ ပူပြင်းခြောက်သွေ့ကာ ရေရှားပါးလျက်ရှိပြီး ဧရာဝတီမြစ်ရေကို လျှပ်စစ်ရေတင်စနစ် အဆင့်ဆင့်ဖြင့် ကျေးရွာများသို့ ရေဖြန့်ဝေပေးနေသော်လည်း ကျေးရွာများပြားလှသဖြင့် ရေလုံလောက်မှု အလွန်နည်းပါးနေသောမြို့ဖြစ်နေလေသည်။ ထိုရေရှားပါးမှုပြဿနာကို ပညာရှင်တို့ အဖြေရှာနေရသည်။

**မြေအောက်တမံ**

မြေအောက်ရေကို တူးဖော်ပေးသော်လည်း တွင်းနက်တူးရခြင်း၊ တစ်နှစ်၊ နှစ်နှစ်ဖြင့် မြေအောက်ရေခန်းသွားခြင်း၊ စက်ပျက်ခြင်းများ မကြာခဏဖြစ်ခြင်း၊ ရေထွက်နှုန်း နည်းပါးခြင်း၊ တူးဖော်ခါစရေချိုဖြစ်သော်လည်း အချိန်ကြာလာသည်နှင့်အမျှ ထုံးဓာတ်ပါဝင်မှု များပြားလာခြင်းကြောင့် ထမင်း၊ ဟင်းချက်ရန် အသုံးပြု၍ မရတော့ခြင်းနှင့် ငွေကုန်ကြေးကျများသလောက် အကျိုးနည်းပါးခြင်းများကို ကာမိစေပြီး တစ်နှစ်ပတ်လုံး ရေချိုရရှိစေမည့်နည်းလမ်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ပညာရှင်များက မြေအောက်တမံများ ကာဆီး၍ ရေသိုလှောင်နိုင်မည့်နည်းလမ်းကို လက်တွေ့စမ်းသပ်၍ ရေရရှိရေးအတွက် နိုင်ငံတော်အကြီးအကဲများထံ ခွင့်ပြုချက်ရယူကာ မြေအောက်တမံ စတင်တည်ဆောက်ခဲ့ကြသည်။

မြေအောက်တမံသည် မိုးရွာသည့်အခါ ချောင်းအတွင်း စီးဆင်းသည့်ရေကို မြေအောက်တွင် ဖမ်းထိန်းနိုင်ရန် ချောင်းမြေမျက်နှာပြင်နှင့် တစ်ပြေးညီဖြစ်ပြီး မြေအောက်တွင် တူးဖော်၍ အဆင့်ဆင့်ကာဆီးပြီး ရေကို မြေအောက်တွင် သိုလှောင်ဖော်ယူအသုံးပြုနိုင်ကြောင်းနှင့် ရေတူးဖော်မရခဲ့သည့်ဒေသများ မြေအောက်တမံ အနီးအနားတစ်ဝိုက် ဖော်ယူသုံးစွဲနိုင်ကြောင်း လက်တွေ့သိခဲ့ရသည်။

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ချောင်းဝကျေးရွာအုပ်စု ငါ့လင်းပုတ်ကျေးရွာအုပ်ချုပ်ရေးမှူးက “မြေအောက်တမံဆိုတာ ကျွန်တော်တို့ဘက်မှာ အခုမှ ကြားဖူးကြတာ။ ဆည်မြောင်းကနေ လာရောက်လုပ်ကိုင်နေကြလို့သာ တဖြည်းဖြည်းသိလာရတာ။ တမံဆိုတာ မြေပေါ်မှာသာ မြင်ဖူး၊ တွေ့ဖူးကြတာ။ မိုးခေါင်ရေရှားရပ်ဝန်းမှာ ဝါခင်းကြီးချောင်း မြေအောက်တမံ အောင်မြင်ပြီး ရေရရှိအောင် တည်ဆောက်နိုင်ခဲ့လို့ ယခင်က ရေကိုခက်ခဲပင်ပန်းစွာ စုဆောင်းရတဲ့ ဝဋ်ဒုက္ခကနေ လွတ်မြောက်ခဲ့ရပါတယ်” ဟု ပြောသည်။



ဝါခင်းကြီးချောင်းမြေအောက်တမံ တည်ဆောက်ဆဲကာလတွင် ကျောက်ကြီးစီကွန်ကရစ်လောင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

ညောင်ဦးမြို့နယ်အတွင်း ရေရှားပါးမှုနှင့် ကျေးလက်ပြည်သူများ သောက်သုံးရေဖူလုံစွာ သုံးစွဲနိုင်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ မြေအောက်တမံများ တည်ဆောက်ရေးလမ်းညွှန်မှုအပေါ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်အတွင်းရှိ **“ဝါခင်းကြီးမြေအောက်တမံ”** အား အကောင်အထည်ဖော် တည်ဆောက်နိုင်ရေးအတွက်တိုင်းဒေသကြီး အထွေထွေပိုလျှံရန်ပုံငွေဖြင့် လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

**ဆောင်ရွက်ခဲ့**

ချောင်းဝကျေးရွာနှင့် ငါ့လင်းပုတ်ကျေးရွာအနီး ဖြတ်သန်းစီးဆင်းသွားသော ရေဆင်းဧရိယာ ၁၆ စတုရန်းမိုင် ကျယ်ဝန်းသည့် ဝါခင်းကြီးချောင်းအား ၂၀၂၁ ခုနှစ် မေလ ၁၀ ရက်မှစတင်ပြီး မြေအောက်တမံတည်ဆောက်ရာတွင် ရေလုံလွှာ အောက်ခံကျောက်သား (Bed Rock) ရရှိစေရန် ချောင်းကြမ်းပြင်အောက် အနက် ပေ ၄၀ သဲလွှာဒုအား တူးထုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အောက်ခံကျောက်သားပြင် (Bed Rock) မျက်နှာပြင် ညီညာမှုရှိစေရန် (Dental Treatment) ပြုလုပ်ခြင်းနှင့် တမံ၏ အောက်ခံအုတ်မြစ် (Foundation) ရရှိစေရန် အောက်ခံကွန်ကရစ်လောင်းခြင်း၊ အလျား ပေ ၄၅၀၊ အကျယ် ခြောက်ပေ၊ အမြင့် ၂၃ ပေရှိ ကျောက်ကြီးစီကွန်ကရစ်လောင်းခြင်းနှင့် ရေလုံမှုရှိစေရန် ရွှံ့စေးမြေ (Clay Ball) ကပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

အဆိုပါလုပ်ငန်းများ ပြီးစီးပြီးနောက် ရေလုံမြေစေး (Selected Soil) ဖို့ခြင်းနှင့် သဲမြေဖြင့် မြေပြန်ဖို့ခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ ၂၀၂၁ ခုနှစ် ဇူလိုင်လ ၃၁ ရက်တွင် မြေအောက်တမံ တည်ဆောက်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးခဲ့သည်။

**မြေအောက်ရေမျက်နှာပြင် မြင့်တက်လာ**

မြေအောက်တမံများ တည်ဆောက်ခြင်းကြောင့် မြေအောက်ရေမျက်နှာပြင် မြင့်တက်လာပြီး ရေကိုရာသီမရွေး လွယ်ကူစွာ ထုတ်ယူ၍ သန့်ရှင်းသော သောက်သုံးရေဖူလုံစွာ ရရှိစေမည်ဖြစ်သည်။ ဒေသခံပြည်သူများအနေဖြင့် တစ်ချိန်က သောက်သုံးရေရရှိရန် ရေတွင်းအနက် ပေ ၃၀ လျှင် ရေနေ တစ်ပေခွဲခန့်အား ရေခပ်သူအမြောက်အမြား တန်းစီစောင့်ဆိုင်းခဲ့ရာမှ ယခုကဲ့သို့ မြေအောက်တမံ တည်ဆောက်ခြင်းဖြင့် မြေအောက်ရေများ မြင့်တက်လာပြီး မြေအောက်တမံအထက်ဘက်တွင် ယခုအခါ လက်ယက်တွင်း (၄-၅)ပေခန့် တူးရုံမျှဖြင့် ရေထွက်ရှိကာ ကျေးရွာအတွင်းရှိ ရေတွင်းများမှာလည်း ယခင်က ငါးပေအနက်ခန့် ရေအများဆုံးရှိရာမှ ယခုအခါ ၁၈ ပေမှ ၂၅ ပေခန့်အထိ မြင့်တက်လာကာ အချိန်မရွေး ရေခပ်ယူနိုင်ကြောင်း၊ မြေအောက်တမံတွင် ရေသိုလှောင် ထိန်းသိမ်းထားခြင်းဖြင့် နောင်လာမည့်နှစ်အနည်းငယ်အတွင်း တွင်းတိမ်ရေတွင်းများဖြင့် တူးဖော်ကာ ရေအမြဲရရှိစေပြီး သောက်သုံးရေအပြင် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်လာနိုင်မည်ဖြစ်သောကြောင့် ဒေသခံပြည်သူများမှာ ပျော်မဆုံးဖြစ်နေကြသည်ကို မြင်ခဲ့ရ၍ စာရေးသူအနေဖြင့်လည်း ဝမ်းသာပီတိဖြစ်ခဲ့ရသည်။

**ရေဖူလုံစွာသုံးစွဲနိုင်မည်**

**“ဝါခင်းကြီးမြေအောက်တမံ”** သည် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ချောင်းဝကျေးရွာနှင့် ငါ့လင်းပုတ်ကျေးရွာအနီး ဝါခင်းကြီးချောင်းအား မြေအောက်တမံ တူးဖော်၍ တည်ဆောက်ထားခြင်းဖြစ်ပြီး အကျိုးပြုကျေးရွာ ရှစ်ရွာ၊ အိမ်ထောင်စု ၉၆၀ နှင့် လူဦးရေ ၄၀၀၀ အား ရေဖူလုံစွာသုံးစွဲနိုင်မည်ဖြစ်သည်။ ထို့ပြင် သဘာဝပတ်ဝန်းကျင်ကို အကျိုးပြုနိုင်မည်ဖြစ်၍ ဒေသပေါက်ပင်များ ရှင်သန်ကြီးထွားခြင်းအားဖြင့် မြေအောက်ရေ၊ မြေပေါ်သစ်ပင်များ ဟန်ချက်ညီစွာ ပေါင်းစပ်ဖြစ်ထွန်းပြီး ကျေးငှက်များဖြင့် အမြဲမြင်တွေ့ရရှိတော့ မည်ဖြစ်ပေသည်။

မြေအောက်တမံတည်ဆောက်ခြင်း၏ နှစ်အစမှာပင် ဒေသခံပြည်သူများ အောင်မြင်သည့် အသီးအပွင့်ခံစားနေရပြီဖြစ်ပြီး ညောင်ဦးမြို့နယ်အတွင်းရှိ ပြည်သူများလည်း လာရောက်လေ့လာကြည့်ရှုမှုများလာခြင်းကြောင့် မြေအောက်တမံ တစ်ခေတ်ဆန်း ကျေးလက်နေပြည်သူများ တောင့်တသည့် ရေကြည်ရာမြက်နုရာဆိုသည့်အတိုင်း မိုးခေါင်ရေရှားရပ်ဝန်းများတွင် မြေအောက်တမံများ တည်ဆောက်ပြီး သောက်သုံးရေမှသည် စိုက်ပျိုးရေအထိ ထုတ်ယူသုံးစွဲနိုင်တော့မည်ဖြစ်၍ အဆိုပါ **“ဝါခင်းကြီးချောင်း မြေအောက်တမံ”** မှသည် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျေးလက်နေပြည်သူများ လိုလားတောင့်တသည့် **“ရွှေကိုမလို ငွေကိုမလို ရေကိုသာလိုသည်”** ဆိုသော ကျေးလက်နေ ပြည်သူများ၏ဆန္ဒ ပြည့်ခဲ့လေပြီ။ ။

**ဝါခင်းကြီးချောင်းမြေအောက်တမံလုပ်ငန်းဆိုင်ရာအချက်အလက်များ**

| | | |
|---|---|---|
| (က) | တည်နေရာ | - ညောင်ဦးမြို့နယ် ချောင်းဝကျေးရွာအနီး |
| (ခ) | ရေဆင်းဧရိယာ | - ၁၆ စတုရန်းမိုင် |
| (ဂ) | ပျမ်းမျှမိုးရေချိန် | - ၂၆ လက်မ |
| (ဃ) | မြေပုံအညွှန်း | - ၁ လက်မ = ၁မိုင် ( 84 K/16–502314) |
| (င) | မြေအောက်တမံအလျား | - ၄၅၀ ပေ |
| (စ) | မြေအောက်တမံ အနက် | - ၄၀ ပေ |
| (ဆ) | တမံ အမျိုးအစား | - ကျောက်စီ ကွန်ကရစ်နံရံနှင့် ရေလုံမြေစေး တမံ |
| (ဇ) | ရေလှောင်ပမာဏ | - ၁၀၀၀ ဧကပေ/ ဂါလန်(၂၇၀.၀၀ သန်း) |

## ဘားအံမြို့နယ်၌ အိမ်တိုင်ရာရောက် ရေပေးဝေရေးစနစ် ဆောင်ရွက်နိုင်ရေး ကွင်းဆင်းစစ်ဆေး

**ဘားအံ ဒီဇင်ဘာ ၁၆**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ်တွင် ပြည်နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးရန်မျိုးနိုင်သည် ခရိုင်၊ မြို့နယ်မှ တာဝန်ရှိသူများနှင့်အတူ ဘားအံမြို့နယ်အတွင်း တန် ၄၀၀၀ ဘီလပ်မြေစက်ရုံအနီးရှိ ကျေးရွာများကို သန့်ရှင်းသော သောက်သုံးရေရရှိရေးနှင့် အိမ်တိုင်ရာရောက် ရေပေးဝေရေးစနစ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဒီဇင်ဘာ ၁၄ ရက် နံနက် ၁၀ နာရီက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။

အဆိုပါ ဘီလပ်မြေစက်ရုံအနီးရှိ ကျေးရွာများမှာ ရေတွင်းကုန်း၊ နတ်ကုန်း၊ ငှက်ပျောတော၊ ကော့ပတိုင်ကျေးရွာများဖြစ်ကြောင်း သိရသည်။

ယင်းကျေးရွာများ၌ ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေ၊ ကျေးရွာအလှူရှင်များ၏ လှူဒါန်းမှုဖြင့် အမြင့်တင်ရေစင်များ ဆောင်ရွက်ထားရှိပြီး ရေစင်မှ အိမ်တိုင်ရာရောက် ရေပေးဝေနိုင်ရေးအတွက် ကျေးရွာသူ ကျေးရွာသားများဖြင့် ပူးပေါင်းကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ယူနီဆက်တို့က လိုအပ်သည့်နည်းပညာနှင့် ရေပိုက်များကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်၊ ခြောက်လတာကာလတွင် ထောက်ပံ့ပေးအပ်နိုင်ရေး ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးရန်မျိုးနိုင်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မင်းမြင့်မိုရ်

# ASEANSAI အကြောင်း တစေ့တစောင်း

**OAG ဝန်ထမ်းတစ်ဦး**

အရှေ့တောင်အာရှနိုင်ငံများရှိ အမြင့်ဆုံးစာရင်းစစ် အဖွဲ့အစည်း ၁၀ ခုမှ အကြီးအကဲများသည် ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၁၆ ရက်နေ့တွင် အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင် စုဝေးခဲ့ကြပြီး အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့ (ASEAN Supreme Audit Institutions–ASEANSAI) ဖွဲ့စည်းတည်ထောင်ခြင်း သဘောတူညီချက်ကို လက်မှတ်ရေးထိုးကာ အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့ (ASEANSAI) ကို စတင်ဖွဲ့စည်းခဲ့ပါသည်။ ယင်းနေ့မှာပင် ASEANSAI ၏ ပထမဦးဆုံး စုံညီအစည်းအဝေး (Assembly) ကို ကျင်းပခဲ့ပြီး ASEANSAI ၏ဥက္ကဋ္ဌရာထူး ရွေးချယ်ခန့်အပ်ခြင်း၊ ရန်ပုံငွေထည့်ဝင်မှုနှင့် အထူးလုပ်ငန်းတာဝန်များ ထမ်းဆောင်နိုင်ရေးကော်မတီများ ဖွဲ့စည်းခြင်း စသည့် အဓိကမရှိမဖြစ်လိုအပ်သော ကိစ္စရပ်များကို သဘောတူဆုံးဖြတ်ခဲ့ကြပါသည်။

ASEANSAI ကို ၂၀၁၅ ခုနှစ်တွင် အာဆီယံအသိုက်အဝန်းတည်ထောင်မည့် ရည်မှန်းချက်နှင့်အညီ ဖွဲ့စည်းတည်ထောင်ခြင်းဖြစ်ပြီး အဆိုပါအဖွဲ့အစည်းသည် ကိုယ်ပိုင်ရပ်တည်နေသော လွတ်လပ်၍ နိုင်ငံရေးနှင့်သက်ဆိုင်မှုမရှိသော အတတ်ပညာဆိုင်ရာ အဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။ အဖွဲ့ဝင်စာရင်းစစ်ချုပ်ရုံးများအကြား ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အများပြည်သူသို့ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုကို တိုးတက်စေကာ ပိုမိုကောင်းမွန်သန့်ရှင်းသည့် အစိုးရများ ပေါ်ပေါက်လာမည်ဖြစ်ကြောင်း သိမြင်လျက် အာဆီယံပဋိညာဉ်စာတမ်းတွင် ပါဝင်သည့် ရည်ရွယ်ချက်များနှင့်အညီ ကောင်းမွန်သော အုပ်ချုပ်မှုစနစ်ကို မြှင့်တင်နိုင်ရန် အာဆီယံနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ASEANSAI ကို ဖွဲ့စည်းတည်ထောင်ခဲ့ကြခြင်း ဖြစ်ပါသည်။

**ရည်မှန်းချက်**

ASEANSAI ၏ ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) စာရင်းစစ်အဖွဲ့အစည်းများ ခိုင်မာအားကောင်းလာစေရေး နိုင်ငံပိုင်ကဏ္ဍ စာရင်းစစ်ဆေးခြင်းနယ်ပယ်တွင် အတွေ့အကြုံနှင့်ဗဟုသုတများ နီးနှောဖလှယ် မျှဝေခြင်းဖြင့် ASEANSAI အဖွဲ့ဝင်များ အကြား နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးတက်လာစေရန်နှင့် စွမ်းဆောင်ရည် မြှင့်တင်ရန်၊

(ခ) တွေ့ကြုံခဲ့ပြီးသော မှတ်သားစရာ သင်ခန်းစာများအား နီးနှောဖလှယ်ခြင်းနှင့် အကောင်းဆုံးအလေ့အထများ မျှဝေပေးခြင်းမှတစ်ဆင့် ASEANSAI အဖွဲ့ဝင်များအကြား စဉ်ဆက်မပြတ် လေ့လာသင်ယူရေး၊ သင်တန်းပို့ချမှုနှင့် သုတေသနများ တိုးတက်လာအောင် ဆောင်ရွက်ပေးခြင်းဖြင့် အထောက်အကူပြုသည့် ဝန်းကျင်တစ်ခု ဖြစ်ထွန်းလာစေရန်နှင့် လိုအပ်သောအထောက်အပံ့များ ပံ့ပိုးပေးရန်၊

(ဂ) နိုင်ငံပိုင်ကဏ္ဍ စာရင်းစစ်ဆေးခြင်း နယ်ပယ်တွင် အခြားနိုင်ငံတကာ အဖွဲ့အစည်းများနှင့် အသင်းအဖွဲ့များကို ချိတ်ဆက်ဆောင်ရွက်ပေးရန်နှင့် သတင်းအချက်အလက်များစုစည်းရာ ဗဟိုအချက်အချာကျသော နေရာတစ်ခု ဖြစ်စေရန်။




ASEANSAI အဖွဲ့ဝင် ၁၀ နိုင်ငံနှင့် အတွင်းရေးမှူးရုံးမှအကြီးအကဲများ (၆)ကြိမ်မြောက် ASEANSAI ထိပ်သီးအစည်းအဝေးကို ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပစဉ်။

**လုပ်ငန်းတာဝန်များ (Functions)**

ASEANSAI ၏ လုပ်ငန်းတာဝန်များမှာ နိုင်ငံပိုင်ကဏ္ဍ စာရင်းစစ်ဆေးခြင်းနယ်ပယ်တွင် အကောင်းဆုံးအလေ့အထများ၊စံများနှင့်နည်းပညာများအတွက် အချက်အလက်များကို Data bank ဖြင့် ထိန်းသိမ်းထားရန်၊ နိုင်ငံပိုင်ကဏ္ဍ စာရင်းစစ်ဆေးခြင်းနယ်ပယ်တွင် အသိပညာနှင့် ဗဟုသုတများဖလှယ်ခြင်းဆိုင်ရာ နီးနှောဖလှယ်ပွဲ၊ အလုပ်ရုံဆွေးနွေးပွဲ၊ လေ့လာသင်ယူမှုများနှင့် အခြားလုပ်ငန်းများဆောင်ရွက်ရန်၊ အဖွဲ့ဝင်များအကြား ကောင်းမွန်သောအုပ်ချုပ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြင့်မားလာစေမည့် အခြားလုပ်ငန်းများကို ဆောင်ရွက်ရန်တို့ ဖြစ်ပါသည်။

**ဖွဲ့စည်းပုံ**

ASEANSAI တွင် စုံညီအစည်းအဝေး (Assembly) သည် အမြင့်ဆုံးဖြစ်ပြီး ယင်းအောက်တွင် အဖွဲ့၏ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ပါဝင်သော အလုပ်အမှုဆောင်အဖွဲ့ ရှိပါသည်။ စုံညီအစည်းအဝေးသည် မူဝါဒလုပ်ငန်းစဉ်များချမှတ်ပြီး ကိစ္စရပ်အားလုံးတွင် အဖွဲ့ဝင်အားလုံး၏ သဘောတူညီချက်ဖြင့်သာ ဆောင်ရွက်ရပါသည်။ အလုပ်အမှုဆောင်အဖွဲ့သည် စုံညီအစည်းအဝေးသို့ မူဝါဒများ အကြံပြုတင်ပြခြင်း၊ ချမှတ်ထားသောမူဝါဒများ ထိရောက်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊ အဖွဲ့၏ ကော်မတီအသီးသီးက ချမှတ်ထားသော လုပ်ငန်းစီမံချက်များ အကောင်အထည်ဖော်မှုကို စောင့်ကြည့်ခြင်းတို့ ဆောင်ရွက်ရပါသည်။

ASEANSAI အတွင်းရေးမှူးရုံးကိုလည်း ဖွဲ့စည်းထားပြီး ASEANSAI ဥက္ကဋ္ဌကို တာဝန်ခံရခြင်း၊ အလုပ်အမှုဆောင်အဖွဲ့နှင့် ASEANSAI ကော်မတီများကို ကူညီပံ့ပိုးခြင်း၊ ဘဏ္ဍာငွေကြေးများကို စီမံခန့်ခွဲပြီး ရန်ပုံငွေများသုံးစွဲမှုအတွက် တာဝန်ခံခြင်း၊ အလုပ်အမှုဆောင်အဖွဲ့က ပေးအပ်သည့် အခြားလုပ်ငန်းတာဝန်များ ထမ်းဆောင်ခြင်း၊ စာရင်းများ၊ မှတ်တမ်းများနှင့်ဖိုင်များ သိမ်းဆည်းထားပြီး ဘဏ္ဍာရေးရှင်းတမ်းများကို စစ်ဆေးနိုင်စေရန် ကူညီပံ့ပိုးပေးခြင်းစသည့် လုပ်ငန်းတာဝန်များ ဆောင်ရွက်ပါသည်။

ASEANSAI ၏ အထူးလုပ်ငန်းတာဝန်များကို ထမ်းဆောင်နိုင်ရန် စုံညီအစည်းအဝေးမှ ဆုံးဖြတ်ချက်ဖြင့် ကော်မတီများကိုဖွဲ့စည်းပြီး ကော်မတီတစ်ခုတွင် အနည်းဆုံးအဖွဲ့ဝင် သုံးနိုင်ငံပါဝင်ရပါသည်။ ကော်မတီ (၄) ရပ်ဖွဲ့စည်းထားပြီး အဖွဲ့၏ မဟာဗျူဟာကို ရေးဆွဲပြင်ဆင်နိုင်ရန် မဟာဗျူဟာရေးဆွဲရေးကော်မတီ၊ စည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများကို အချိန်နှင့်တစ်ပြေးညီ ရေးဆွဲပြင်ဆင်နိုင်ရန် စည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများဆိုင်ရာကော်မတီ၊ အသိပညာမျှဝေရေး အစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော်နိုင်ရန် အသိပညာမျှဝေရေးကော်မတီ၊ သင်တန်းပို့ချရေး အစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော်နိုင်ရန် သင်တန်းပို့ချရေးကော်မတီတို့ကို ဖွဲ့စည်းထားပါသည်။ ဗီယက်နမ်၊ စင်ကာပူ၊ မလေးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့၏ စာရင်းစစ်ချုပ်ရုံးများက ကော်မတီဥက္ကဋ္ဌများအဖြစ် အသီးသီးတာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ **စာမျက်နှာ ၁၁ သို့**



ASEANSAI အထိမ်းအမှတ်ပစ္စည်းဖြစ်သော "တူ"နှင့် "သေတ္တာ"ကို တွေ့ရစဉ်။

✪ စာမျက်နှာ ၁၀ မှ

**မဟာဗျူဟာစီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ခြင်း**

ASEANSAI ကို စတင်တည်ထောင်စဉ်ကပင် မဟာဗျူဟာစီမံချက်များကို ကာလပိုင်းအလိုက် ရေးဆွဲအကောင်အထည်ဖော်ခဲ့ပါသည်။ ယခုအခါ မဟာဗျူဟာစီမံချက် (၂၀၂၂-၂၀၂၅) ကို ချမှတ်ထားပြီး အကောင်အထည်ဖော်ဆောင်ရွက်ရန် ပြင်ဆင်လျက်ရှိပါသည်။ အာဆီယံဒေသအတွင်း ကောင်းမွန်သောအုပ်ချုပ်မှုအား မြှင့်တင်နိုင်မည့် ယုံကြည်စိတ်ချရပြီး အင်တိုက်အားတိုက် ဆောင်ရွက်နိုင်သော အတတ်ပညာဆိုင်ရာ အမြင့်ဆုံး စာရင်းစစ်အဖွဲ့အစည်းများ ဖြစ်ပေါ်လာစေရန် အတွက် ASEANSAI အလုပ်အမှုဆောင်အဖွဲ့၊ အတွင်းရေးမှူးရုံးနှင့် ကော်မတီအသီးသီးတို့က ၎င်းတို့၏ လုပ်ငန်းစီမံချက်များကို အကောင်အထည်ဖော်ရာတွင် တစ်ပြေးညီဆောင်ရွက်နိုင်ရန် အတွက် အောက်ပါမဟာဗျူဟာပန်းတိုင်လေးခုကို ချမှတ်ထားပြီး ယင်းကို အထောက်အကူပြုမည့် မဟာဗျူဟာရည်မှန်းချက် ၁၀ ခုဖြင့် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်-

(က) စာရင်းစစ်ချုပ်ရုံးများအကြား စွမ်းရည်မြှင့်တင်ရေးဆောင်ရွက်ရန်၊

(ခ) စာရင်းစစ်ချုပ်ရုံးများနှင့် သက်ဆိုင်သူ (Stakeholder) များအကြား အသိပညာမျှဝေရေးကိုမြှင့်တင်ရန်၊

(ဂ) ဒေသတွင်းနှင့် နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကို အားကောင်းခိုင်မာလာစေရန်၊

(ဃ) စံထားရသော နိုင်ငံတကာအဖွဲ့အစည်းတစ်ခုအဖြစ် ဌာနတွင်းစီမံအုပ်ချုပ်မှုနှင့် ဘက်စုံအဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှုကို တိုးတက်ကောင်းမွန်လာစေရန်။

**အစည်းအဝေးများ ကျင်းပခြင်း**

ASEANSAI စုံညီအစည်းအဝေး (သို့မဟုတ်) ASEANSAI ထိပ်သီးအစည်းအဝေးကို ASEANSAI အဖွဲ့ဝင်အားလုံး၏သဘောတူညီချက်ဖြင့် နှစ်နှစ်တစ်ကြိမ် ကျင်းပလေ့ရှိသည်။ ညီလာခံ၏ ဥက္ကဋ္ဌတာဝန်ကို ASEANSAI ဥက္ကဋ္ဌက တာဝန်ယူဆောင်ရွက်ပါသည်။ ASEANSAI ထိပ်သီးအစည်းအဝေးမကျင်းပခင် ASEANSAI ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး (Senior Official Meeting) ကို သုံးလကြိုတင်၍ ကျင်းပလေ့ရှိပါသည်။ အလုပ်အမှုဆောင်အဖွဲ့၏ အစည်းအဝေး၊ ကော်မတီအစည်းအဝေးနှင့် စောင့်ကြည့်စစ်ဆေးခြင်း အစည်းအဝေးများကိုမူ လုပ်ငန်းလိုအပ်ချက်ပေါ်မူတည်၍ ကျင်းပလေ့ရှိပါသည်။




နေပြည်တော် စာရင်းစစ်ချုပ်ရုံး။

**ဘဏ္ဍာရေးအခြေအနေ**

ASEANSAI ဘဏ်စာရင်းသို့ ASEANSAI အဖွဲ့ဝင်များက တစ်နှစ်လျှင် နှစ်စဉ်ကြေး အမေရိကန်ဒေါ်လာ ၇၀၀ ထည့်ဝင်ရပါသည်။ ၎င်းအပြင် မိတ်ဖက်အဖွဲ့အစည်းများ၏ အလှူငွေများ၊ ဘဏ်အတိုးများကို ယင်းဘဏ်စာရင်းသို့ ပေးသွင်း၍ အသိပညာမျှဝေရေးအစီအစဉ်များနှင့် သင်တန်းများ ဖွင့်လှစ်ပေးခြင်းတို့တွင် အသုံးပြုပါသည်။ ယင်းအသုံးစရိတ်များကို စုံညီအစည်းအဝေးက အတည်ပြုထားသည့် စာရင်းစစ်က နှစ်နှစ်လျှင်တစ်ကြိမ် စစ်ဆေးရပါသည်။

**ASEANSAI အလှည့်ကျ ဥက္ကဋ္ဌတာဝန် လွှဲပြောင်းရယူခြင်း**

အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့ စည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ (ASEANSAI Rules and Procedures) ပါ ပြဋ္ဌာန်းချက်များအရ အဖွဲ့၏ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတာဝန်ကို အဖွဲ့ဝင်များက နိုင်ငံအမည်အက္ခရာစဉ်အလိုက် နှစ်နှစ်စီ အလှည့်ကျထမ်းဆောင်ရမည် ဖြစ်ပါသည်။ ဒုတိယဥက္ကဋ္ဌသည် လာမည့် နှစ်နှစ်တာကာလအတွက် ဥက္ကဋ္ဌတာဝန်ကို လွှဲပြောင်းတာဝန်ထမ်းဆောင်ရမည် ဖြစ်ပါသည်။ အဖွဲ့၏ထိပ်သီးအစည်းအဝေးကို အဖွဲ့ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်မည့်နိုင်ငံတွင် အိမ်ရှင်အနေဖြင့် လက်ခံကျင်းပရပါသည်။

ASEANSAI ဥက္ကဋ္ဌတာဝန်ကို ၂၀၁၁-၂၀၁၃ တွင် အင်ဒိုနီးရှားနိုင်ငံစာရင်းစစ်ချုပ်ရုံး၊ ၂၀၁၃-၂၀၁၅ တွင် ဘရူနိုင်းဒါရုဆလမ်နိုင်ငံစာရင်းစစ်ချုပ်ရုံး၊ ၂၀၁၅-၂၀၁၇ တွင် ကမ္ဘောဒီးယားနိုင်ငံ စာရင်းစစ်ချုပ်ရုံး၊ ၂၀၁၇-၂၀၁၉ တွင် လာအိုနိုင်ငံ စာရင်းစစ်ချုပ်ရုံး၊ ၂၀၁၉-၂၀၂၁ တွင် မလေးရှားနိုင်ငံ စာရင်းစစ်ချုပ်ရုံးတို့က အလှည့်ကျထမ်းဆောင်ခဲ့ကြပါသည်။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသည် ၂၀၁၉ ခုနှစ် နိုဝင်ဘာလမှစ၍ ASEANSAI ဒုတိယဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ခဲ့ပြီး ၂၀၂၁ ခုနှစ် နိုဝင်ဘာလ ၂ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် (၆) ကြိမ်မြောက် ထိပ်သီးအစည်းအဝေး (6th ASEANSAI Summit) တွင် အဖွဲ့၏ဥက္ကဋ္ဌတာဝန်ကို လွှဲပြောင်းရယူခဲ့ပြီးဖြစ်ပါသည်။ အစည်းအဝေးကို မျက်နှာစုံညီ ကျင်းပလိုသော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားလျက်ရှိခြင်းကြောင့် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်သာ ကျင်းပနိုင်ခဲ့ပါသည်။

အစည်းအဝေးကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နေပြည်တော်ရှိ ASEANSAI ဥက္ကဋ္ဌရုံးခန်းမှ အိမ်ရှင်အဖြစ် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပခဲ့ရာ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ် (စစ်ဆေးရေး)၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် လက်ထောက်အတွင်းဝန်တို့ တက်ရောက်ခဲ့ကြပါသည်။ အစည်းအဝေးသို့ အာဆီယံနိုင်ငံများမှ စာရင်းစစ်ချုပ်သို့မဟုတ် ဒုတိယစာရင်းစစ်ချုပ်များနှင့် ကိုယ်စားလှယ်များ၊ ASEANSAI ၏ မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ စုစုပေါင်း ၈၃ ဦးခန့် တက်ရောက်ခဲ့ကြပါသည်။

(၆) ကြိမ်မြောက် ထိပ်သီးအစည်းအဝေး ကျင်းပနိုင်ရန်အတွက် ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးဆောင်သော ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများဖွဲ့စည်းခြင်း၊ အခြားဝန်ကြီးဌာနများနှင့် ဆက်သွယ်ညှိနှိုင်းခြင်းနှင့် အကူအညီများရယူခြင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် ပြည်ထောင်စုအစိုးရအဖွဲ့များသို့ တင်ပြခွင့်ပြုချက်ရယူခြင်း၊ အစည်းအဝေးတွင် ဆွေးနွေးမည့်အကြောင်းအရာများ၊ ပြောကြားမည့်မိန့်ခွန်းများ ကြိုတင်ပြင်ဆင်ခြင်း၊ မလေးရှားနိုင်ငံ စာရင်းစစ်ချုပ်ရုံးနှင့် ASEANSAI အတွင်းရေးမှူးရုံးတို့မှ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေသည့် ဝန်ထမ်းများနှင့် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် အကြိမ်ကြိမ်ညှိနှိုင်းဆွေးနွေးခြင်း၊ E-mail နှင့် Whatapps Group များဖြင့် စဉ်ဆက်မပြတ် ဆက်သွယ်ခြင်း၊ အစမ်းလေ့ကျင့်ခြင်းစသည်ဖြင့် ကြိုတင်ပြင်ဆင်ခဲ့ရပါသည်။

ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးအနေဖြင့် နှစ်နှစ်တာကာလအတွင်း ASEANSAI ကို ဦးဆောင်ရမည်ဖြစ်ပြီး အတွင်းရေးမှူးရုံး၏ အကူအညီဖြင့် စုံညီအစည်းအဝေးသို့ မူဝါဒများ အဆိုပြုတင်ပြခြင်း၊ အတည်ပြုပြီးသော မူဝါဒများထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအစီအမံများ ချမှတ်ကျင့်သုံးခြင်း၊ ကော်မတီများ၏ လုပ်ငန်းစီမံချက်များကို မဟာဗျူဟာစီမံချက်နှင့်အညီ အကောင်အထည်ဖော်မှုအခြေအနေကို ကြီးကြပ်ခြင်းစသည့် လုပ်ငန်းစဉ်များကို အောင်မြင်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂၀၂၂ ခုနှစ်အတွင်း အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးနှင့် အသိပညာမျှဝေရေးကော်မတီ အဖွဲ့ဝင်နိုင်ငံတစ်ခုအနေဖြင့် ဆေးနှင့်ဆေးဝါးပစ္စည်းများ ဝယ်ယူမှုကို စစ်ဆေးခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတို့ကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက အိမ်ရှင်အဖြစ် ကျင်းပသွားမည်ဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါပြန့်ပွားမှု လျော့ကျလာမှုအပေါ် မူတည်၍ မျက်နှာစုံညီကျင်းပနိုင်အောင် ကြိုးပမ်းသွားမည် ဖြစ်ပါသည်။

၂၀၂၃ ခုနှစ် နိုဝင်ဘာလတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသည် လက်ရှိဒုတိယဥက္ကဋ္ဌဖြစ်သော ဖိလစ်ပိုင်နိုင်ငံစာရင်းစစ်ချုပ်ရုံးအား ဥက္ကဋ္ဌတာဝန်ကို လွှဲပြောင်းပေးမည်ဖြစ်ပါသည်။ ထိုသို့လွှဲပြောင်းနိုင်ရန် ကြိုတင်ပြင်ဆင်မှုအဖြစ် ASEANSAI ၏ (၇) ကြိမ်မြောက် အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ပါသည်။ (၇) ကြိမ်မြောက် ASEANSAI ထိပ်သီးအစည်းအဝေးကို ၂၀၂၃ ခုနှစ် နိုဝင်ဘာလတွင် ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပနိုင်ရေးအတွက် လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ၊ ညှိနှိုင်းမှုများကိုလည်း ၂၀၂၃ ခုနှစ်အတွင်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးအနေဖြင့် ASEANSAI တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သဖြင့် ASEANSAI မှ ကျင်းပသည့် အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများသို့ တက်ရောက်ခွင့်ရရှိခြင်း၊ လေ့လာသိရှိရသည်များကို ပြန်လည်ဆင့်ပွား သင်ကြားပေးခြင်းဖြင့် အသိပညာနှင့် စစ်ဆေးရေးစွမ်းဆောင်ရည်များ တိုးမြင့်လာခြင်း၊ အာဆီယံနိုင်ငံများအကြား ပူးပေါင်းစစ်ဆေးမှုအစီအစဉ်များတွင် ပါဝင်ရသဖြင့် စစ်ဆေးရေးအတွေ့အကြုံနှင့် စွမ်းဆောင်ရည်များ မြင့်မားလာခြင်း၊ အစည်းအဝေးနှင့် အလုပ်ရုံဆွေးနွေးပွဲများကို အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပခွင့်ရခြင်း စသည့်အကျိုးကျေးဇူးများ ရရှိပါသည်။

ASEANSAI သည် ၎င်း၏မဟာဗျူဟာစီမံချက် (၂၀၂၂-၂၀၂၅) တွင် မျှော်မှန်းထားသည့်အတိုင်း ဒေသတွင်း ကောင်းမွန်သည့်အုပ်ချုပ်မှု တိုးတက်ကောင်းမွန်လာအောင် အထောက်အကူပြုနိုင်မှုကြောင့် ၂၀၂၅ ခုနှစ်တွင် အဖွဲ့ဝင်အားလုံး၏ နိုင်ငံတော်အစိုးရများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၊ အခြား နိုင်ငံတကာစာရင်းစစ်ချုပ်ရုံး အဖွဲ့အစည်းများအပါအဝင် ပြင်ပသက်ဆိုင်သူများ (external stakeholders) က ယုံကြည်ကိုးစားရသည့် အဖွဲ့အစည်းတစ်ခုဖြစ်လာအောင် အဖွဲ့ဝင်များ၏ ပေါင်းစည်းအင်အားဖြင့် ကြိုးပမ်းသွားမည်ဖြစ်ပြီး နိုင်ငံပိုင်ဘဏ္ဍာစာရင်းနှင့် လုပ်ငန်းစစ်ဆေးရာတွင် စွမ်းရည်မြင့်မားလာသည်နှင့်အမျှ ဒေသတွင်း ကောင်းမွန်သည့်အုပ်ချုပ်မှုစနစ် တိုးတက်မြင့်မားလာစေရန် ပိုမိုအထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

**ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေဖြင့် နှစ်နှစ်တာကာလအတွင်း ASEANSAI ကို ဦးဆောင်ရမည်ဖြစ်ပြီး အတွင်းရေးမှူးရုံး၏အကူအညီဖြင့် စုံညီအစည်းအဝေးသို့ မူဝါဒများ အဆိုပြုတင်ပြခြင်း၊ အတည်ပြုပြီးသောမူဝါဒများ ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအစီအမံများ ချမှတ်ကျင့်သုံးခြင်း၊ ကော်မတီများ၏ လုပ်ငန်းစီမံချက်များကို မဟာဗျူဟာစီမံချက်နှင့်အညီ အကောင်အထည်ဖော်မှုအခြေအနေကို ကြီးကြပ်ခြင်း စသည့်လုပ်ငန်းစဉ်များကို အောင်မြင်အောင် ဆောင်ရွက်သွားမည်**

# မြန်မာပို့ကုန်လုပ်ငန်းရှင်များ တရုတ်နိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့ (GACC)တွင် မှတ်ပုံတင်နိုင်ရေး အသိပေးနှိုးဆော်ချက်

တရုတ်နိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (The General Administration of Customs of China – GACC) မှ ထုတ်ပြန်ခဲ့သည့် အမိန့်ကြေညာချက်အမှတ် (၂၄၈)၊ (၂၄၉) တို့အရ တရုတ်နိုင်ငံသည် GACC တွင် မှတ်ပုံတင်ထားသော လုပ်ငန်းများမှ စားသောက်ကုန်များကိုသာ (၁–၁–၂၀၂၂) ရက်နေ့မှစတင်၍ တရားဝင်တင်သွင်းခွင့်ပြုမည်ဖြစ်ပါသည်။

တရုတ်နိုင်ငံသို့ စားသောက်ကုန်၊ လယ်ယာထွက်ကုန်နှင့် မွေးမြူရေးထုတ်ကုန်များ တင်ပို့လျက်ရှိသော/တင်ပို့လိုသော မြန်မာနိုင်ငံမှ ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် ၎င်းတို့၏ လုပ်ငန်းများကို တရုတ်နိုင်ငံ(GACC) တွင်လုပ်ငန်းမှတ်ပုံတင်ခြင်းကို ကုန်သည်အသင်းအဖွဲ့များမှတစ်ဆင့်လည်းကောင်း၊ ကုမ္ပဏီများမှ တိုက်ရိုက်လည်းကောင်း ကုန်စည်အုပ်စုအလိုက် ဆက်သွယ်လျှောက်ထားမှုများကို သက်ဆိုင်ရာ(Competent Authority) များမှ တာဝန်ယူ ဆောင်ရွက်ပေးလျက်ရှိပါသည်။

အဆိုပါ လုပ်ငန်းများမှတ်ပုံတင်ခြင်းကို တရုတ်နိုင်ငံအကောက်ခွန်အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့ (GACC) တွင် (၃၁–၁၂–၂၀၂၁) ရက်နေ့ နောက်ဆုံးထား၍ မှတ်ပုံတင်ကြရမည်ဖြစ်သောကြောင့် မှတ်ပုံတင်ရန်ကျန်ရှိသော ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် အချိန်မီမှတ်ပုံတင်နိုင်ရေးအတွက် ကုန်ပစ္စည်းအမျိုးအစားအလိုက် အောက်ဖော်ပြပါဇယားအတိုင်း သက်ဆိုင်ရာ (Competent Authority) များသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်–

ပူးတွဲ (၁)

**စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ပေးရန်လိုအပ်သော ကုန်စည်အမျိုးအစား ၅၂ မျိုး စာရင်းအား အသေးစိတ်သိရှိလိုပါက https://mitc.myantrade.gov.mm တွင် ဝင်ရောက်လေ့လာနိုင်ကြောင်း အသိပေးအပ်ပါသည်။**

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့
အစားအသောက်တင်ပို့သည့်လုပ်ငန်းများ
မှတ်ပုံတင်ခြင်းနှင့် ထောက်ခံချက်ပေးနိုင်ရေးလုပ်ငန်းအဖွဲ့

**မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ အစားအသောက်အမျိုးအစားအုပ်စုအလိုက် တင်ပို့မည့်လုပ်ငန်းများ တရုတ်နိုင်ငံ၌ မှတ်ပုံတင်နိုင်ရေးနှင့်ပတ်သက်၍ ကုန်စည်အုပ်စုအလိုက် တာဝန်ယူဆောင်ရွက်မည့် မြန်မာနိုင်ငံမှ ထောက်ခံပေးမည့် ဌာနအမည်စာရင်းနှင့် Contact Person အမည်စာရင်း**

| စဉ် | ကုန်ပစ္စည်းအမျိုးအစား | ထောက်ခံချက်ပေးမည့် ဌာန e.g Food and Drug Administration | ဆက်သွယ်ရမည့် ပုဂ္ဂိုလ် | ဖုန်းနံပါတ် | E-mail |
|---|---|---|---|---|---|
| ၁ | Edible Oil | အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန | ဒေါက်တာပြည့်ဖြိုး ညွှန်ကြားရေးမှူး | 095161891 | gurugyi @gmail.com |
| ၂ | Oilseeds | စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒေါက်တာဝင်းသန်း (ဦးစီးအရာရှိ) | 09794399321 | winthan95 @gmail.com |
| ၃ | Stuffed Pastry Products | စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒေါက်တာဝင်းသန်း (ဦးစီးအရာရှိ) | 09794399321 | winthan95 @gmail.com |
| ၄ | Edible grains | စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒေါက်တာဝင်းသန်း (ဦးစီးအရာရှိ) | 09794399321 | winthan95 @gmail.com |
| ၅ | Grains milling industrial products and Malt | စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒေါက်တာဝင်းသန်း (ဦးစီးအရာရှိ) | 09794399321 | winthan95 @gmail.com |
| ၆ | Fresh and dehydrated vegetables | စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒေါက်တာဝင်းသန်း (ဦးစီးအရာရှိ) | 09794399321 | winthan95 @gmail.com |
| ၇ | Dried beans | စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒေါက်တာဝင်းသန်း (ဦးစီးအရာရှိ) | 09794399321 | winthan95 @gmail.com |
| ၈ | Plant spices | စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒေါက်တာဝင်းသန်း (ဦးစီးအရာရှိ) | 09794399321 | winthan95 @gmail.com |
| ၉ | Nuts and seeds | စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒေါက်တာဝင်းသန်း (ဦးစီးအရာရှိ) | 09794399321 | winthan95 @gmail.com |
| ၁၀ | Dried Fruits | စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒေါက်တာဝင်းသန်း (ဦးစီးအရာရှိ) | 09794399321 | winthan95 @gmail.com |
| ၁၁ | Unroasted coffee and cocoa bean | စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒေါက်တာဝင်းသန်း (ဦးစီးအရာရှိ) | 09794399321 | winthan95 @gmail.com |
| ၁၂ | Special Dietary Foods (Excluding milk- based infant formula) | အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန | ဒေါက်တာပြည့်ဖြိုး ညွှန်ကြားရေးမှူး | 095161891 | gurugyi @gmail.com |
| ၁၃ | Functional foods | အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန | ဒေါက်တာပြည့်ဖြိုး ညွှန်ကြားရေးမှူး | 095161891 | gurugyi @gmail.com |
| ၁၄ | Bee Products | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဦးမောင်တင့် ဒုတိယညွှန်ကြားရေးမှူး | 09794894144 092174326 | komgtint1971 @gmail.com |
| ၁၅ | Aquatic Products including Edible and Farmed Products | ငါးလုပ်ငန်းဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဦးညွန့်ဝင်း ညွှန်ကြားရေးမှူး ဒေါက်တာစုမျိုးသွယ် ဒုတိယညွှန်ကြားရေးမှူး | 09781187927 095081624 | nyuntwin34 @gmail.com smyothwe @gmail.com |
| ၁၆ | Animal Products and Animal Feed | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒေါက်တာနှင်းလဲ့စိုး ဒုတိယညွှန်ကြားရေးမှူး | 09-797711961 | nilarhninlesoe @gmail.com |
| ၁၇ | Livestock Animals | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒေါက်တာဌေးဇော်ဦး ဒုတိယညွှန်ကြားရေးမှူး | 09-2045304 | drhtayzawoo @gmail.com |
| ၁၈ | တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အစားအသောက်တင်ပို့သည့်လုပ်ငန်းများ မှတ်ပုံတင်မည့်ကိစ္စနှင့် ထောက်ခံချက်ပေးနိုင်ရေးအတွက် လုပ်ငန်းအဖွဲ့ (အတွင်းရေးမှူး) | မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ဒေါ်နှင်းစန္ဒာ ညွှန်ကြားရေးမှူး | 067-3-408605 0943034935 067-3-408618 | hninsandar05 @gmail.com myantrade. domestic @gmail.com |

## ရွှေသွေးဂျာနယ် ထွက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

**ဒီဇင်ဘာလ ၁၈ ရက် (စနေနေ့) တွင် ထွက်ရှိမည့်** လောဘနည်း၍ သူတစ်ပါးအပေါ် စိတ်ကောင်းစေတနာထားပါက မိမိတွင်လည်း ကောင်းမွန်သော အကျိုးရလဒ်များရရှိနိုင်ပုံကို တင်ဆက်ထားသည့် "ရွှေကျီးလေးနှင့်ဖြူဖြူ" မျက်နှာဖုံးကာတွန်း၊ **နို့တိုက်သတ္တဝါတစ်မျိုးဖြစ်သည့် လင်းပိုင်အကြောင်းကို တင်ဆက်**ထားသည့် "လင်းပိုင်အကြောင်း သိကောင်းစရာ" သုတဆောင်းပါး၊ မည်သည့်ကိစ္စမဆို ဆောင်ရွက်ရာ၌ ၎င်းနှင့်သက်ဆိုင်သည့် သဘောသဘာဝများကိုလေ့လာသိရှိထားရမည်ဖြစ်ကြောင်းကို တင်ဆက်ထားသည့် "သူ့အထာနဲ့သူ" နှစ်မျက်နှာကာတွန်း၊ မိမိအပေါ်၌သူတစ်ပါးက ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ မိမိကစိတ်ကောင်း စေတနာထားကာ ဆောင်ရွက်ပေးသင့်ပုံအကြောင်းကို တင်ဆက်ထားသည့် "လူကောင်းတစ်ယောက်ဖြစ်ချင်သူ" ပုံပြင်၊ မိတ်ဆွေကောင်းအချင်းချင်း တစ်ဦးတွင် ဒုက္ခတွေ့ပါက တစ်ဦးက မျှဝေခံစားသင့်ကြောင်းကို ဟာသဖြစ်ဖွယ် တင်ဆက်ထားသည့် "ရွှေဖဲ" တစ်မျက်နှာကာတွန်း၊ သူငယ်ချင်းများအနေဖြင့် မရှိအတူ ရှိအတူ မျှဝေစားသောက်သင့်ကြောင်းကို တင်ဆက်ထားသည့် "နှမြောတဲ့စိတ် မထားတော့ပါ" ဝတ္ထု၊ မိမိတို့၏ လောဘကြောင့်ဖြစ်စေ၊ လုပ်နည်းကိုင်နည်း ကျွမ်းကျင်မှုမရှိ၍ဖြစ်စေ မိမိရည်မှန်းထားသည်များကို မရရှိသည့်အပြင် ရင်းနှီးစိုက်ထုတ်ထားသမျှပါ ထပ်မံဆုံးရှုံးမှုများ ကြုံတွေ့နိုင်ကြောင်းကို ကလေးများ သတိပြုဆင်ခြင်နိုင်စေရန် တင်ဆက်ထားသည့် "ဖွတ်မရ ခါးမဆုံး" စကားပုံ၊ မိမိလိုချင်တာကို ရအောင်ယူတတ်သော လင်းသစ်အကြောင်းကို ဟာသဖြစ်ဖွယ် တင်ဆက်ထားသည့် "လင်းသစ်" နှစ်မျက်နှာကာတွန်း၊ မိမိပတ်ဝန်းကျင်ကို သန့်ရှင်းအောင် ဆောင်ရွက်ခြင်းဖြင့် ရောဂါဘယများ ကင်းရှင်းစေကြောင်းကို တင်ဆက်ထားသည့် "ဖိုးလပြည့်" နှစ်မျက်နှာကာတွန်း၊ noun များ၏ ပိုင်ဆိုင်မှုများအကြောင်းကို လေ့ကျင့်ခန်းများနှင့်တကွ တင်ဆက်ထားသည့် အင်္ဂလိပ်စာသင်ခန်းစာကဏ္ဍ၊ ဉာဏ်စမ်းနှင့် ကဗျာကဏ္ဍတို့ အပါအဝင် ကဏ္ဍစုံလင်စွာ ထွက်ရှိပြီဖြစ်ပါသည်။ **သတင်းစဉ်**

## စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက စာပေဗိမာန်စာမူဆု၊ လူငယ်စာပေဒုတိယဆုရ **"ကေတုမောင်ညိုလင်း"** ရေးသားသည့် **"စစ်တောင်းမြစ်ကမ်းနံဘေးက လူငယ်ဘဝလေးများ"** စာအုပ်ကို ၂၀၂၁ခုနှစ် ဒီဇင်ဘာလအသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များထံသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံးများမှတစ်ဆင့်လည်းကောင်း၊ စာတိုက်မှတစ်ဆင့်လည်းကောင်း ပေးပို့လျက်ရှိသည်။

စာပေဗိမာန်စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး၊ စာပေဗိမာန်စာအုပ်အသင်း အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း ၀၁ –၂၄၉၀၃၁၊ ၃၈၁၄၄၈ သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **သတင်းစဉ်**



သိန္နီမြို့နယ် စည်ပင်သာယာရေးဌာနက ၂၀၂၁–၂၀၂၂ ဘဏ္ဍာနှစ် (အောက်တိုဘာလမှ မတ်လအထိ) ခြောက်လတာ ကာလအတွက် ငွေလုံးငွေရင်းဖြင့် ဆောင်ရွက်သော သိန္နီမြို့ အမှတ် (၄) ရပ်ကွက်ရှိ ဝေဠုလမ်း အရှည်ပေ ၄၄၀၊ အကျယ် ၁၂ ပေ၊ သုံးလက်မဒုကတ္တရာခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရန် မြို့နယ်အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ဒီဇင်ဘာ ၁၆ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။

၂၁၀

## Moderna ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား အပိုဆောင်းထိုးနှံရာတွင် သုံးစွဲရေး ဂျပန်အတည်ပြု

**တိုကျို ဒီဇင်ဘာ ၁၆**

ဂျပန်နိုင်ငံ၌ Moderna ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အပိုဆောင်းထိုးနှံရာတွင် သုံးစွဲရန် ဂျပန်ကျန်းမာရေးဝန်ကြီးဌာနက အတည်ပြုခဲ့ကြောင်း သိရသည်။

Moderna ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးသည် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးပြီးနောက် ဂျပန်နိုင်ငံတွင် အပိုဆောင်းထိုးနှံရန် ခွင့်ပြုခဲ့သော ဒုတိယမြောက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးဖြစ်သည်။ Moderna ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဂျပန်နိုင်ငံရှိ အသက် ၁၈ နှစ်နှင့်အထက်ရှိသူများအား ကာကွယ်ဆေးအပိုဆောင်းထိုးနှံရာ၌ အသုံးပြုသွားမည်ဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ် ဆေးနှစ်ကြိမ်ထိုးနှံပြီးနောက် ခြောက်လအကြာတွင် ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။ ယင်းကာကွယ်ဆေးအား အပိုဆောင်းထိုးနှံရာ၌ ပထမအကြိမ်နှင့် ဒုတိယအကြိမ် ထိုးနှံပေးသောဆေးပမာဏ၏ ထက်ဝက်ကိုသာ ထိုးနှံပေးမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပြောကြားသည်။

Moderna ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအပိုဆောင်းထိုးနှံခြင်းအား လုပ်ငန်းခွင်များ၊ ကျန်းမာရေးဆိုင်ရာအဖွဲ့အစည်းများနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးစင်တာများ၌ မတ်လမှစတင်၍ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးဖြင့် ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးစီးသူများသည်လည်း Moderna ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဖြင့် အပိုဆောင်းထိုးနှံမှု ခံယူနိုင်ကြောင်း သိရသည်။ ဂျပန်နိုင်ငံ၌ ယခုလအစောပိုင်းတွင် ကျန်းမာရေးဝန်ထမ်းများအား Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအပိုဆောင်းထိုးနှံပေးခဲ့ကြောင်း သိရသည်။ Moderna ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများအား နိုင်ငံအတွင်းရှိ ဒေသဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ က ဒေသန္တရတာဝန်ရှိသူများအား အပိုဆောင်းထိုးနှံမှု ခံယူနိုင်ရေးအတွက် ဖြန့်ဖြူးပေးရန် ကျန်းမာရေးဝန်ကြီးဌာနက ညွှန်ကြားထားသည်။




**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - စိုးသူရ**

## ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၈၄၈၆ ဦး ထပ်မံတွေ့ရှိ

**မော်စကို ဒီဇင်ဘာ ၁၆**

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၈၄၈၆ ဦးထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၁၀၁၃၁၆၄၆ ဦး ရှိလာကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါစောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာ၏ ပြောကြားချက်အရ သိရသည်။

ရုရှားနိုင်ငံတစ်ဝန်း၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၁၃၃ ဦး ထပ်မံတွေ့ရှိခဲ့သဖြင့် သေဆုံးသူစုစုပေါင်း ၂၉၄၀၂၄ ဦး ရှိလာကြောင်း သိရသည်။

ထို့ပြင် ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံမှဆင်းခွင့်ရရှိသူ ၃၇၁၅၅ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၈၈၇၆၇၈၈ ဦး ရှိလာကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိဆဲလူနာစုစုပေါင်း ၉၇၀၆၃၆ ဦးရှိကြောင်း သိရသည်။

မြို့တော်မော်စကိုသည် ရုရှားနိုင်ငံ၌ ရောဂါကူးစက်ခံရမှု အများဆုံးဒေသဖြစ်ပြီး လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၃၂၂ ဦးရှိခြင်းကြောင့် မြို့တော်တစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၁၉၉၅၀၂၉ ဦးရှိလာကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**



## ဗီယက်နမ်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၅၂၇၀ ရှိ

**ဟန္နိုင်း ဒီဇင်ဘာ ၁၆**

ဗီယက်နမ်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၅၂၇၀ ထပ်မံတွေ့ရှိကြောင်း၊ ယင်းလူဦးရေအနက် ၁၅၂၆၇ ဦးသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် သုံးဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအနက်မှ ကူးစက်ခံရခြင်းဖြစ်ကြောင်း ဗီယက်နမ်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ကိုဗစ်-၁၉ရောဂါအစုလိုက်အပြုံလိုက်ကူးစက်ခံရမှုအများစုမှာ ဗီယက်နမ်နိုင်ငံတောင်ပိုင်းမှဖြစ်ကြောင်းနှင့် ဟိုချီမင်းစီးတီး၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၁၇၅ ဦး၊ ကာမောပြည်နယ်၌ ၁၃၃၉ ဦးနှင့် ဘင်ဖူအော့ပြည်နယ်၌ ၈၈၀ ရှိကြောင်း သိရသည်။

လက်ရှိတွင် ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၁၄၉၃၂၃၇ ဦးရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၂၈၅၇ ဦးရှိကြောင်း ဗီယက်နမ်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ ထို့ပြင် ဗီယက်နမ်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံမှဆင်းခွင့်ရရှိသူ ၁၀၃၃ ဦးရှိခြင်းကြောင့် အဆိုပါရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၁၀၆၄၄၆၁ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ပြောကြားချက်အရ သိရသည်။

**အသုံးပြုပြီးဖြစ်**

ဗီယက်နမ်နိုင်ငံ၌ နိုင်ငံတစ်ဝန်း ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်အောက်တွင် ကာကွယ်ဆေး အလုံးရေ ၁၃၅ ဒသမ ၇ သန်းကျော် အသုံးပြုပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

## ဗြိတိန်နိုင်ငံ၌ နေ့စဉ် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၇၀၀၀၀ ကျော်ရှိလာ

**လန်ဒန် ဒီဇင်ဘာ ၁၆**

ဗြိတိန်နိုင်ငံ၌ ပထမဆုံးအကြိမ်အဖြစ် နေ့စဉ် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၇၈၆၁၀ ရှိလာခဲ့ကြောင်း သိရသည်။

ထို့ပြင်လက်ရှိအချိန်၌ နိုင်ငံအတွင်း အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ခံရသူ ၁၀၀၀၀ ကျော်ရှိပြီး မြို့တော်လန်ဒန်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများ၏ ၆၀ ရာခိုင်နှုန်းခန့်မှာ အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ခံရသူများဖြစ်သည်။

လက်ရှိအချိန်၌ နိုင်ငံအတွင်း အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်မှုနှုန်းမှာလည်း မြင့်မားနေကြောင်း ဗြိတိန်ကျန်းမာရေးအရာရှိချုပ် ခရစ်ဝစ်တီက ပြောကြားသည်။

နိုင်ငံအတွင်း ခရစ္စမတ်ပွဲတော်ကာလပြီးသည့်အချိန်တွင် အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်မှု များပြားလာနိုင်ပြီး နိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်အပေါ် ဝန်ထုပ်ဝန်ပိုးများ ဖြစ်လာနိုင်သည်ဟု ၎င်းကခန့်မှန်း ထားသည်။

လက်ရှိအချိန်၌ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အပိုဆောင်းထိုးနှံရေးလုပ်ငန်းများတွင် အကူအညီပေးအပ်ရန် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် စေတနာ့ဝန်ထမ်းများအား ဗြိတိန်အစိုးရက တာဝန်ပေးထားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - စိုးသူရ**

■

### ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

| | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၂၇၂၆၀၆၀၀၈ | ဦး |
| သေဆုံးသူ | ၅၃၄၈၆၅၂ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၂၄၅၀၁၁၄၃၆ | ဦး |

## အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ကိုးသန်းကျော်ရှိလာ

**အဒစ်အဘာဘာ ဒီဇင်ဘာ ၁၆**

အာဖရိကတိုက်၌ ဒီဇင်ဘာ ၁၅ ရက် ညနေပိုင်းအထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ကိုးသန်းကျော်ရှိလာကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ယနေ့တွင် ပြောကြားသည်။

အာဖရိကသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများ၏ ကျန်းမာရေးအေဂျင်စီများအား ကိုယ်စားပြုသည့် အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ ပြောကြားချက်အရ အာဖရိကတိုက်တစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၉၀၃၃၇၈၈ ဦးရှိကြောင်း၊ အဆိုပါရောဂါကြောင့်သေဆုံးသူပေါင်း ၂၂၅၄၈၉ ဦး ရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည် ကျန်းမာလာသူစုစုပေါင်း ၈၂၆၅၃၂၇ ဦးရှိကြောင်း သိရသည်။

အာဖရိကတိုက်၌ တောင်အာဖရိကနိုင်ငံ၊ မော်ရိုကိုနိုင်ငံ၊ တူနီးရှားနိုင်ငံနှင့် အီသီယိုးပီးယားနိုင်ငံတို့သည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု အများဆုံးနိုင်ငံများဖြစ်ကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

လက်ရှိတွင် အာဖရိကတိုက်၌ နိုင်ငံပေါင်း ၁၁ နိုင်ငံတွင် အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်မှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။ အာဖရိကနိုင်ငံများသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၂၄၅ သန်း ဝယ်ယူထားပြီး အာဖရိကတိုက် လူဦးရေစုစုပေါင်း၏ ၇ ဒသမ ၃၅ ရာခိုင်နှုန်းခန့်သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံမှု ခံယူပြီးဖြစ်ကြောင်း သိရသည်။



အာဖရိကတိုက်၌ အာဖရိကတောင်ပိုင်းဒေသသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုအများဆုံးဒေသဖြစ်ပြီး အာဖရိကမြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသများသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုဒုတိယအများဆုံးဒေသများဖြစ်ကာ အာဖရိကအလယ်ပိုင်းဒေသသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု အနည်းဆုံးဒေသဖြစ်ကြောင်း သိရသည်။ **ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

## ပြည့်တန်ဆာအဖြစ် အဓမ္မခိုင်းစေကာ အကျိုးအမြတ်ရယူသူများကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ် ချမှတ်

**နေပြည်တော် ဒီဇင်ဘာ ၁၆**

အမျိုးသမီးနှစ်ဦးကို ပြည့်တန်ဆာအဖြစ် အဓမ္မခိုင်းစေကာ အကျိုးအမြတ်ရယူသူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၁၉)ရပ်ကွက်နေ မသန်းသန်းခိုင်နှင့် မနွေးနွေးတို့က ရွှေပြည်သာမြို့နယ်နေ မ xxx ၃၁ နှစ်နှင့် လိပ်စာတူ မ xxx ၃၁ နှစ်တို့ကို မြိတ်မြို့ရှိ KTV အနှိပ်ခန်းတွင် အလုပ်ရမည်ဟု စည်းရုံးပြောဆို၍ ပြည့်တန်ဆာအဖြစ် အဓမ္မခိုင်းစေကာ အကျိုးအမြတ်ရယူခဲ့သဖြင့် ရွှေပြည်သာ မြို့မရဲစခန်း(ပ)၂၃၆၄/၂၀၂၀၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ ဖြင့် အမှုဖွင့်ခဲ့ပြီး မြောက်ပိုင်းခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဒီဇင်ဘာ ၁၃ ရက်တွင် တရားခံ သန်းသန်းခိုင်နှင့် နွေးနွေးတို့ကို လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေ ပုဒ်မ ၂၄ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဘားအံ၊ ဘူးသီးတောင်၊ တာချီလိတ်နှင့် နောင်ချိုမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၅ ရက် ညနေ ၅ နာရီ ၄၅ မိနစ်တွင် ဘားအံမြို့နယ် ကော့ထော်ကျေးရွာရှိ ရော်ဘာခြံအနီးတွင် စောစိန်မြသိန်း (ခ)အမုန်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀ ကိုလည်းကောင်း၊ ကွင်းဆက်အရ ညပိုင်းတွင် ကော့ထော်ကျေးရွာနေ ညွန့်သန်း၏နေအိမ်သို့ ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၀၀၀ ကိုလည်းကောင်း၊ ထို့အတူ ဒီဇင်ဘာ ၁၄ ရက် ညနေ ၄ နာရီတွင် နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဘူးသီးတောင်မြို့နယ် အလယ်ချောင်းကျေးရွာအနီးရှိ ခနိတောတွင် ဆာလာအိတ်တစ်လုံးကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် ဖွင့်ဖောက်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၂၀၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သည်။



စောစိန်မြသိန်း(ခ)အမုန်း၊ ညွန့်သန်း တို့အားသိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

ထို့ပြင် ဒီဇင်ဘာ ၁၅ ရက် မွန်းလွဲ ၃ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် ဝမ်ကျောက်လုံ ကျေးရွာအနီးတွင် အားဖီးမောင်းနှင်ပြီး အားဆော်လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ ကိုလည်းကောင်း၊ အလားတူ ယင်းနေ့နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့နယ် ကန်ကြီးကျေးရွာအနီး၊ ရပ်စောက်-နောင်ချိုသွားကားလမ်းတွင် ရှင်လန်းမောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၀၀ ကို သိမ်းဆည်း ရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

## သမဝါယမအသင်းများက မြို့နယ် သုံးမြို့နယ်မှ စပါးတင်း ၉၅၀၀ ဝယ်ယူ

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ကျေးလက်နေ တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်ခဲ့သည့် မိုးစပါးများ ရောင်းချရာတွင် အခက်အခဲမရှိစေရန်နှင့် သင့်တင့်မျှတသော ဈေးနှုန်းများ ရရှိစေရန်အတွက် သမဝါယမကဏ္ဍက စပါးဝယ်ယူခြင်း၊ သိုလှောင်ခြင်း၊ ကြိတ်ခွဲခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခုလအတွင်း ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ် သမဝါယမအသင်းစုများနှင့် အခြေခံသမဝါယမအသင်းများ ချိတ်ဆက်၍ ရာကျော်/ဆင်းသုခစပါးများကို ထန်းတပင်မြို့နယ်မှ စပါးတင်း ၆၅၀၀၊ သုံးခွမြို့နယ်မှ စပါးတင်း ၂၀၀၀ နှင့် ခရမ်းမြို့နယ်မှ စပါး တင်း ၁၀၀၀ စုစုပေါင်း စပါးတင်း ၉၅၀၀ ကို သမဝါယမအသင်းသားများထံမှ လက်ငင်းငွေချေစနစ်ဖြင့် ဝယ်ယူ၍ ကြိတ်ခွဲဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**






# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

**အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**

**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင် အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု (CDM)လှုပ်ရှားမှုတွင် ငွေကြေးအရ ဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်**

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက် နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ၂၇၆၀ ခုနှစ် ကရင်နှစ်သစ်ကူးနေ့အခမ်းအနားကို အနှစ်သာရပြည့်ဝစွာဖြင့် ကျင်းပသွားမည်

**ဘားအံ ဒီဇင်ဘာ ၁၆**

ကရင်ပြည်နယ်အစိုးရအဖွဲ့ကကြီးမှူး၍ ကရင်နှစ်သစ်ကူးနေ့အခမ်းအနားကို ဘားအံမြို့ သီရိကွင်းတွင် အနှစ်သာရပြည့်ဝစွာဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၁၅ ရက် နံနက်ပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၂) ၌ ပြုလုပ်သည့် ကရင်နှစ်သစ်ကူးနေ့အခမ်းအနား ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး (ဒုတိယအကြိမ်)မှ သိရသည်။

ကရင်တိုင်းရင်းသားလူမျိုးများ ပျံ့နှံ့နေထိုင်ရာ နေရာဒေသများတွင် ကရင်နှစ်သစ်ကူးနေ့အခမ်းအနားကို နှစ်စဉ် စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြပြီး ကရင်ပြည်နယ်အစိုးရအဖွဲ့က ဦးစီးကျင်းပသည့် ကရင်နှစ်သစ်ကူးနေ့အခမ်းအနားကို ကရင်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာများအတိုင်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ စနစ်တကျဖြင့် အနှစ်သာရပြည့်ဝစွာ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ကရင်အမျိုးသားအလံတင်အခမ်းအနား၊ ကရင်နှစ်သစ်ကူးနေ့အခမ်းအနား၊ ဖိုဗူးယော်ကောက်သစ်စားပွဲနှင့် ပျော်ပွဲရွှင်ပွဲများကို ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အစည်းအဝေးတွင် ကရင်နှစ်သစ်ကူးနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးများက ကရင်နှစ်သစ်ကူးနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ဆွေးနွေးတင်ပြကြကာ ကရင်နှစ်သစ်ကူးနေ့အခမ်းအနားကျင်းပနိုင်ရေး သက်ဆိုင်ရာကော်မတီအလိုက် ဆွေးနွေးတင်ပြခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။



**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

**❑ ရန်ကုန်မြို့မှ**

မြောင်းကျော်လာတဲ့ရေတွေကိုပါ ပန့်နဲ့ စုပ်ထုတ်မှာဖြစ်ပါတယ်။ ဒါရန်ကုန်မြို့မှာ ပထမဦးဆုံးဆောက်လုပ်လိုက်တဲ့ မိုးရေကိုစုမယ့်ကန်ဖြစ်ပြီး မိုးကြီးတာ၊ ရေလျှံတာနဲ့လမ်းပေါ် ရေတင်မှုအတွက် ပထမဦးဆုံးတည်ဆောက်လိုက်တဲ့ မိုးရေစုကန်ပဲဖြစ်ပါတယ်။ ဒီမိုးရေစုကန်တည်ဆောက်ပြီးစီးသွားပြီဆိုရင်တော့ မိုးတွင်းကာလ နှစ်စဉ်ပြည်သူတွေကြုံတွေ့နေကြရတဲ့ ရေကြီးရေလျှံဖြစ်ပေါ်မှုမရှိတော့မှာဖြစ်ပြီးမြို့ထဲ ပတ်ဝန်းကျင်ဖြတ်သန်းသွားလာနေကြတဲ့ ပြည်သူတွေအနေနဲ့ စိတ်အေးချမ်းသာစွာ ဖြတ်သန်းသွားလာနိုင်ကြတော့မှာဖြစ်ပါတယ်" ဟု အင်ဂျင်နီယာဌာန(ရေစီးရေလာစီမံခန့်ခွဲမှု) ဦးစီးအရာရှိဒေါ်မိုးမိုးအေးက ပြောသည်။

အဆိုပါ ရေဂါလန် တစ်သိန်းဆံ့မည့် ရေစုကန်မှာ အလျားပေ ၇၀၊ အနံ ၃၃ ပေနှင့် အနက် ခုနစ်ပေရှိပြီး မိုးရာသီကာလအတွင်း မိုးသည်းထန်စွာရွာသွန်းချိန်နှင့် မြစ်ရေတက်ချိန်တိုက်ဆိုင်ပါက ရန်ကုန်မြို့လယ်တွင် ယာယီရေကြီးရေလျှံမှု ဖြစ်ပေါ်လေ့ရှိခြင်းကြောင့် မိုးရေများအား ယာယီသိုလှောင်နိုင်ရန်အတွက် တည်ဆောက်နေခြင်း ဖြစ်သည်။ လမ်းပေါ်မှရေများအား ရေစုကန်အတွင်း နည်းလမ်းအဖုံ့ဖုံ့ဖြင့် စီးဝင်စေ၍ ယာယီ ရေစုသိုလှောင်ပြီး မဟာဗန္ဓုလလမ်းရှိ ယခင်မြေအောက်ရေမြောင်းမှတစ်ဆင့် မဟာဗန္ဓုလပန်းခြံအတွင်း၌ရှိသော အနက် ငါးပေရှိသည့် ရေမြောင်းသို့ စီးဆင်းစေမည်ဖြစ်ကာ ဆူးလေဘုရားလမ်းမြစ်ထွက်ပေါက်မှတစ်ဆင့် ရန်ကုန်မြစ်အတွင်း ရေများစီးဆင်းနိုင်ရန် တည်ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။

**ရေစီးရေလာကောင်းမွန်စေမည်**

ရေစုကန်တည်ဆောက်ပြီးစီးပါက ဆူးလေဘုရားလမ်းတစ်ဝိုက်၊ မဟာဗန္ဓုလလမ်းတစ်လျှောက်အပါအဝင် မြို့တော်ခန်းမဝန်းကျင်တို့၌ မိုးတွင်းကာလ နှစ်စဉ်၊ နှစ်တိုင်းဖြစ်ပေါ်နေသောရေကြီးရေလျှံမှုများမှာ ပပျောက်သွားမည်ဖြစ်၍ ရေစီးရေလာကောင်းမွန်စေမည်ဖြစ်သည်။ ရေစုကန်တည်ဆောက်ရေးစီမံကိန်းအတွက် ပြီးခဲ့သည့် နိုဝင်ဘာ ၂၁ ရက်က လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး တည်ဆောက်ရေးလုပ်ငန်းများအား အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ လာမည့် ၂၀၂၂ ခုနှစ် ဇန်နဝါရီဒုတိယအပတ်၌ တည်ဆောက်ပြီးစီးရန်လျာထားကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

**သတင်း-ပွင့်သစ္စာ၊ ဓာတ်ပုံ-စိုးမြင့်အောင်**

## မော်လမြိုင်မြို့ မြိုင်ရတနာကုန်စိမ်းဈေး အဆင့်မြှင့်တင်တည်ဆောက်ခြင်းနှင့် မြို့တွင်းလမ်းများ အဆင့်မြှင့်တင်နေမှု ကြည့်ရှုစစ်ဆေး

**မော်လမြိုင် ဒီဇင်ဘာ ၁၆**

မော်လမြိုင်မြို့ မြိုင်ရတနာကုန်စိမ်းဈေး အဆင့်မြှင့်တင် တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ယမန်နေ့ မွန်းလွဲ ၂ နာရီက မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ယင်းသို့ ကြည့်ရှုစစ်ဆေးစဉ် ရေရရှိရေး၊ လျှပ်စစ် ဓာတ်အားရရှိရေးအပြင် ရေစီးရေလာကောင်းမွန်စေရေး၊ ဈေးဆိုင်ခန်းများ စနစ်တကျနေရာချထားရေးနှင့် သန့်ရှင်းသပ်ရပ်မှုရှိစေရေး အလေးထားဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ မော်လမြိုင်မြို့ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ဈေးများအဆင့်မြှင့်တင်တည်ဆောက်ခြင်းသည် ဒေသခံပြည်သူများ အဆင်ပြေချောမွေ့စွာ ရောင်းဝယ်ဖောက်ကားနိုင်ရေး၊ အခွန်ငွေတိုးတက်ရရှိစေရေး စသည်တို့ကို ပြည်နယ်ဝန်ကြီးချုပ်က လမ်းညွှန်မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ၂၀၂၁-၂၀၂၂ ပြည်နယ်ခွင့်ပြုဘဏ္ဍာရန်ပုံငွေကျပ် ၄၂ ဒသမ ၃ သန်းဖြင့် မော်လမြိုင်မြို့ ကျောက်မီးသွေးရုံလမ်း သီရိမြိုင်ရပ်ကွက်နှင့် ကွင်းရပ်တို့တွင် လမ်းသားတိုးချဲ့ခြင်းလုပ်ငန်း၊ ပြည်နယ်ခွင့်ပြု ဘဏ္ဍာရန်ပုံငွေ ကျပ် ၁၂၀၀ ဒသမ ၉၃ သန်းဖြင့် မော်လမြိုင်မြို့ ဈေးကြိုအဝိုင်းမှ ဟသ်ာအဝိုင်းအထိ နိုင်လွန်ကတ္တရာခင်းခြင်း၊ ရေမြောင်းနှင့် မြောင်းဖုံးများပြုလုပ်ခြင်း၊ မြေထိန်းနံရံပြုလုပ်ခြင်းနှင့် မြေဖို့ခြင်း အပါအဝင် အခြားဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။**ဓာဖြူဝင်း(ခရိုင် ပြန်/ဆက်)**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၁၁ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၁ ဒသမ ၃၇ ရာခိုင်နှုန်းရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၆-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာစည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၅-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၆-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၅,၄၁၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၁၁) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၃၇) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၈၅၇,၉၉၉) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၂၇,၇၁၄) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၃၀၄) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၀၄,၄၈၂) ဦး ဆေးရုံမှဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၄) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၉,၂၀၁) ဦးရှိပါသည်။

- ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ရောဂါပိုးသည် (၁၆-၁၂-၂၀၂၁) ရက်နေ့၊ နံနက် (၀၆:၀၀) နာရီအချိန်အထိ နိုင်ငံပေါင်း (၈၅) နိုင်ငံတို့တွင် ပျံ့နှံ့လျက်ရှိကြောင်း သိရှိရပြီး အာဖရိကနိုင်ငံများ၊ ဥရောပနိုင်ငံများ၊ အမေရိကန်၊ ကနေဒါ၊ ဂျပန်၊ တောင်ကိုရီးယား၊ ဟောင်ကောင်၊ ဩစတြေးလျနိုင်ငံ အစရှိသည်တို့တွင် အတည်ပြု တွေ့ရှိရပြီး ဖြစ်သည့်အပြင် အိမ်နီးချင်းနိုင်ငံများဖြစ်သော ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံ နှင့် ထိုင်းနိုင်ငံ၊ ဒေသတွင်းနိုင်ငံများဖြစ်သော ဖိလစ်ပိုင်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ နီပေါနိုင်ငံနှင့် မော်လဒိုက်နိုင်ငံတို့တွင်လည်း တွေ့ရှိကြောင်း သိရှိရပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) နှင့်ပတ်သက်၍ ကမ္ဘာ့တစ်ဝန်းဖြစ်ပွားမှုအခြေအနေများကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ မိမိတို့နိုင်ငံအတွင်းသို့ ဝင်ရောက်ကူးစက်မှုမရှိစေရန် အချိန်နှင့်တစ်ပြေးညီ အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိပါ၍ ပြည်သူလူထုအနေဖြင့်လည်း အဆိုပါရောဂါပိုးနှင့်ပတ်သက်၍ အလွန်အမင်း စိုးရိမ်ကြောင့်ကြခြင်းမပြုဘဲ တစ်ဦးချင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်းစသည်တို့ကို မမေ့မလျော့ သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် မိမိတို့နိုင်ငံသို့ ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲများ ဝင်ရောက်ကူးစက်မလာစေရေး ကျန်းမာရေးဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၁၆-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁၀၇၂) ခု | (၅၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၂၉) ခု | (၁) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၄၄) ခု | - |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၆) ခု | (၃) ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၄၂) ခု | (၁) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၅၆၈) ခု | (၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇၅၉) ခု | (၁၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၁,၄၄၈) ခု | (၁၃၃) ဦး |
| **စုစုပေါင်း** | (၁၅,၄၁၈) ခု | (၂၁၁) ဦး |

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၅၁၂၉၀၉၇၉ | ၄၀၃၄၃၅၆၁ | ၈၂၃၃၉၀ |
| ၂။ | အိန္ဒိယ | ၃၄၇၁၈၆၆၉ | ၃၄၁၅၄၈၇၉ | ၄၇၆၄၇၈ |
| ၃။ | ဘရာဇီး | ၂၂၂၀၁၂၂၁ | ၂၁၄၁၄၃၁၈ | ၆၁၇၃၄၈ |
| ၄။ | ဗြိတိန် | ၁၁၀၁၀၂၈၆ | ၉၆၁၇၉၄၁ | ၁၄၆၇၉၁ |
| ၅။ | ရုရှား | ၁၀၁၃၁၆၄၆ | ၈၈၇၆၇၈၈ | ၂၉၄၀၂၄ |
| ၆။ | တူရကီ | ၉၁၀၀၃၂၄ | ၈၆၈၇၂၆၅ | ၇၉၆၉၆ |
| ၇။ | ပြင်သစ် | ၈၃၉၉၈၄၆ | ၇၃၉၅၇၆၃ | ၁၂၀၉၈၃ |
| ၈။ | ဂျာမနီ | ၆၆၅၆၁၆၁ | ၅၆၁၈၆၀၀ | ၁၀၇၆၇၅ |
| ၉။ | အီရန် | ၆၁၆၂၉၅၄ | ၅၉၈၅၇၃၅ | ၁၃၀၈၈၃ |
| ၁၀။ | စပိန် | ၅၃၉၃၂၆၈ | ၄၉၆၁၈၈၀ | ၈၈၆၁၉ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၂၅၉၈၅၇ | ၄၁၁၁၀၄၅ | ၁၄၃၉၇၉ |
| ၂။ | ဖိလစ်ပိုင် | ၂၈၃၇၀၁၆ | ၂၇၇၆၄၂၅ | ၅၀၄၉၆ |
| ၃။ | မလေးရှား | ၂၇၀၃၁၄၀ | ၂၆၁၅၁၆၂ | ၃၀၉၈၉ |
| ၄။ | ထိုင်း | ၂၁၈၁၉၆၀ | ၂၁၁၅၂၃၂ | ၂၁၂၈၄ |
| ၅။ | ဗီယက်နမ် | ၁၄၅၉၁၇၅ | ၁၀၆၃၄၂၈ | ၂၈၆၁၆ |
| ၆။ | မြန်မာ | ၅၂၇၇၁၄ | ၅၀၄၄၈၂ | ၁၉၂၀၁ |
| ၇။ | စင်ကာပူ | ၂၇၄၆၁၇ | ၂၆၈၉၃၆ | ၈၀၇ |
| ၈။ | ကမ္ဘောဒီးယား | ၁၂၀၃၉၇ | ၁၁၆၇၅၉ | ၂၉၉၈ |
| ၉။ | လာအို | ၉၄၅၅၄ | ၈၂၀၆၄ | ၂၆၂ |
| ၁၀။ | ဘရူနိုင်း | ၁၅၃၇၆ | ၁၅၀၈၈ | ၉၈ |

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးပစ္စည်းများအား ရေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့၌ ရန်ကုန်ဆိပ်ကမ်းများမှ ဆေးဝါးမျိုးစုံ ၁၄ မျိုး စုစုပေါင်း ၁၄၁၇၇၃ ကီလိုဂရမ်၊ နယ်စပ်(ချင်းရွှေဟော်၊ မြဝတီ၊ မူဆယ်)တွင် ကုမ္ပဏီကိုးခုတို့မှ နှာခေါင်းစည်း ၆၃၄၆၄ ကီလိုဂရမ်၊ သာမိုမီတာ အခု ၅၀၊ မျက်နှာအကာ အခု ၃၀၀ ၊ Shoe Cover ၂၀၀ ကီလိုဂရမ်၊ လက်အိတ် ၁၀၀ ကီလိုဂရမ်၊ Sanitizer Gute တစ်ခု၊ အိမ်သုံးအောက်ဆီဂျင်စက်နှစ်ခု၊ Amino Injection ၁၂၆၀၀၀ ခု၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ အခု ၃၄၄၀၊ အောက်ဆီဂျင်အရည် ၁၅၃၁၅ ကုဗမီတာ၊ Oxygen Cylinder ၅၀ တို့အား ထုတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■



# ပန်းသဇင်နှင့် လနတ်တော်၏ စာဆိုသဘင်ပွဲ

•••••••••• **လွန်းပိုးအိမ်** ••••••••••

ချမ်းမြရတု၊ ဓနုရာသီ
ရောက်ပြီဝန်းကျင်၊ ဂမုန်းအင်နှင့်
သဇင်ပွင့်ပေါ်၊ လနတ်တော်။

(ဆီသည်ရွာစားဦးအောင်ကြီး)

ဆီသည်ရွာစား ဦးအောင်ကြီး၏ "နတ်တော်လ"ကဗျာလေးသည် မြန်မာတို့၏ ရာသီနှင့် အဆိုပါလတွင် ဖူးပွင့်သောပန်းတို့၏ နိမိတ်ပုံကို ဖော်ညွှန်းလျက်ရှိပါသည်။ ဓနုရာသီ နတ်တော်လ၏ ချမ်းမြသော ဟေမန္တဆောင်းရာသီအောက်တွင် ဆီးနှင်းများ တဖြောက်ဖြောက် ကျဆင်းလျက်ရှိပြီး နံနက်ခင်းနေခြည်အောက်တွင် နှင်းနုရည် သောက်သုံးထားသည့် ဂမုန်းပန်းနှင့် သဇင်ပန်းလေးများက ဝင့်ဝင့်ကြွားကြွားဖူးပွင့်နေကြသည်မှာ နတ်တော်လ၏အလှပန်းချီကို ဆေးရေးခြယ်သလျက်ရှိပါသည်။

နတ်တော်လသည် ဆောင်းဝင်စအချိန်ဖြစ်သည်။ ဟေမာန်ဦး၏ နိမိတ်ပုံဖြစ်သည့် ငွေနှင်းမှုန်မှုန်တို့ကို စတင်တွေ့ရှိရလေသည်။ မိုးနှောင်း၍ ဆောင်းပြောင်းပြီဆိုလျှင် ဝဠာခွင်တိုင်းတွင် မြူခြည်ဆိုင်းစပြုလေသည်။

### ရေးဖွဲ့စပ်ဆို

မြန်မာ့ဆယ့်နှစ်လရာသီတွင် နတ်တော်လသည် နဝမမြောက်သောလဖြစ်သည်။ နတ်တော်လတွင် မဟာပိန္နဲနတ်၊ မင်းမဟာဂီရိမောင်နှမစသည့်နတ်များကို ပူဇော်ရသည်ကို အကြောင်းပြု၍ နတ်တော်လဟုခေါ်ဆိုခြင်းဖြစ်သည်ဟုအဆိုရှိပါသည်။ နတ်တော်လ၏ မိုးကောင်းကင်အခြေအနေကို "နတ်တော်ရောက်ငြား၊ မိုးသားမငြိမ်၊ ဆင်ရာတိမ်"ဟု ဆိုစမှတ်ပြုကြပါသည်။ ရှေးစာဆိုတို့က နတ်တော်လ၏ အလှပန်းချီများကို စာသီရာ၌ "နတ်ပန်းဝေမြိုင်၊ သဇင်လှိုင်" ဟုလည်းကောင်း၊ "သဇင်ရွှေပွင့်၊ လျှပ်ရောင်ပင့်သို့၊ လှတင့်စိမ်းထွေး၊ လှပန်းမွှေးကို၊ မနေးလျင်မြန်၊ မိန့်တော်ပြန်လျက်၊ မျက်မှန်ကျောက်စုံ၊ ရွှေနန်းဘုံသို့၊ ဖူးငုံပေါ်စ၊ တင်ဆက်သသည့်၊ နောက်မှပြည်သူ၊ သုံးယူပန်ဆင်" ဟူ၍လည်းကောင်း၊ ရှေးစာဆို ဦးအောင်ကြီး၏ဆယ့်နှစ်လရာသီ လူးတားတွင် "သဇင်ပွင့်ပေါ်၊ လနတ်တော်ကား၊ ပူဇော်ကြီးစွာ၊ မင်းဆရာတို့၊ မဟာပိန္နဲ၊ ရွှေညဲကြည်ငင်" ဟူ၍လည်းကောင်း ရေးဖွဲ့စပ်ဆိုထားပါသည်။

ရှေးခေတ်အချိန်များတွင် ယခုလ၏ရာသီပွဲတော်မှာ နတ်ပူဇော်ခြင်းပွဲတော်ဖြစ်ပြီး ယင်းဓလေ့မှာ ၁၈၈၅ ခုနှစ်တွင် ကွယ်ပျောက်ခဲ့ပါသည်။ သက္ကရာဇ် ၁၉၄၄ ခုနှစ်တွင် ထူးခြားသောပွဲတော်တစ်ခု ပေါ်ပေါက်ခဲ့ပြီး ယင်းမှာ စာပေအားဂုဏ်ပြုသည့် စာဆိုတော်ပွဲဖြစ်ပါသည်။ မြန်မာ့စာပေသမိုင်းတွင် ကုန်းဘောင်ခေတ်မှ အလွန်ထင်ရှားကျော်စောသည့် စာရေးဆရာ၊ ပြဇာတ်ရေးဆရာ ဦးပုညအား ဂုဏ်ပြုသည့်နေ့တစ်နေ့ သတ်မှတ်ထားခဲ့ပြီး နတ်တော်လအတွင်း နှစ်စဉ်ကျင်းပလေ့ရှိခဲ့ပါသည်။

ထို့ပြင် နတ်တော်လတွင် ဆင်ဖမ်းပွဲများလည်း ကျင်းပခဲ့ကြပြီး "ဝရသေတဂီရိ" ဆင်တော်မော်ကွန်းနှင့် "ရွှေစာတိုင်" ဆင်တော်မော်ကွန်းများတွင် ဆင်ဖမ်းပွဲနှင့်ပတ်သက်၍ အကျယ်တဝင့် ရေးသားဖော်ပြခဲ့သည်။ တောင်ငူခေတ်စာဆိုရှင်ကြီး မင်းဖေယျရန္တမိတ်၏ စုလစ်ရွှေစင်ရတုတွင် "နတ်သဘင်၊ ဖျဉ်လည်းရုံထပ်၊ ဘွဲ့တပ်မည်ပေး၊



ဘုန်းရေးတိုက်ဖက်၊ စွက်ယှက်ခေါင်ခေါင်၊ ဆင်ပြောင်ရည်ရွှ၊ နန်းရတုကို" စသည်ဖြင့် နှလုံးရည်၊ လက်ရုံးရည်၊ သတ္တိစွမ်းရည်များ ပြသခဲ့သူများအား ဆင်ဖမ်းပွဲများကျင်းပပြီးရွေးချယ်ကာ ဘွဲ့ထူးဂုဏ်ထူးများကို ချီးမြှောက်ပူဇော်ခဲ့ကြောင်း ရေးဖွဲ့ခဲ့ပါသည်။

### မြန်မာ့ဓလေ့အစဉ်အလာကို ဖော်ညွှန်း

နတ်တော်လတွင် တောင်သူဦးကြီးများက ကောက်ပင်ရိတ်သိမ်းပြီးနောက် ကောက်သစ်စားပွဲများကိုလည်း ကျင်းပခဲ့ကြပါသည်။ နတ်တော်လတွင် ကောက်ပင်များရင့်မှည့်နေပြီဖြစ်သောကြောင့် ကောက်ညှင်းစပါးများကို ဦးစွာရိတ်သိမ်းပြီး ညဘက်တွင် မိသားစုဝင်အားလုံးက စုပေါင်းဝိုင်းဖွဲ့ကာ မုန့်ဆန်းအဖြစ် လှော်ကြ ထောင်းကြသည့် အလုပ်ကိုလည်း အစဉ်အလာတစ်ရပ်အဖြစ် တပျော်တပါးပြုလုပ်ကြလေ့ရှိပါသည်။ မုန့်ဆန်းရလာသောအခါ အုန်းသီး၊ သကြားတို့ဖြင့် မုန့်ပြုလုပ်ကာ မြတ်စွာဘုရားနှင့်တကွ သံဃာတော်များအား လောင်းလှူခြင်းဖြင့် ဆွမ်းဦးဒါနပြုကြပါသည်။ ထိုမျှသာမက ရပ်ကွက်အတွင်းရှိ အိမ်နီးချင်းများအား ဝေငှခြင်းဖြင့်လည်း ဦးဦးဖျားဖျားရလာသော ကောက်သစ်စားပွဲအလှူကို စေတနာထက်သန်စွာ ပေးလှူကြခြင်းဖြင့် ချစ်စရာ့မြန်မာ့ဓလေ့အစဉ်အလာကို ဖော်ညွှန်းပြသနေပါသည်။

နတ်တော်လ၏ ရာသီပွဲတော်မှာ စာဆိုတော်ပွဲဖြစ်သည်။ ရှေးမြန်မာမင်းများလက်ထက်ကပင် နတ်တော်လ၌ စာဆိုတော်ကြီးများကို ချီးမြှင့်ပူဇော်သော စာဆိုတော်ပွဲနေ့ကို ကျင်းပခဲ့ကြပါသည်။ ကုန်းဘောင်ခေတ် ကောဇာသက္ကရာဇ် ၁၁၄၃ ခုနှစ် ဘိုးတော်ဗဒုံမင်းကြီးလက်ထက်တွင် လေကနာထ ကြီးမြတ်သောပုဂ္ဂိုလ်များအဖြစ် မြင့်မြတ်ထူးချွန်ကြသည့် ပညာရှင်ကြီးများ၊ စာဆိုတော်ကြီးများအား ဂုဏ်ပြုချီးမြှင့်ပူဇော်ကန်တော့ခဲ့ကြပါသည်။

### မြန်မာနိုင်ငံ စာရေးဆရာအသင်းကို စတင်ဖွဲ့စည်း

မြန်မာနိုင်ငံ နယ်ချဲ့တို့အုပ်စိုးစဉ်ကာလ ၁၉၃၇ ခုနှစ်၌ မြန်မာစာရေးဆရာများက မြန်မာနိုင်ငံ စာရေးဆရာအသင်းကို ရန်ကုန်မြို့ အရှေ့ပိုင်း မက်သဒစ်ကျောင်းသင်တန်းတစ်ခုတွင် စတင်ဖွဲ့စည်းခဲ့ကြသည်။ ထိုစဉ်က မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌအဖြစ် ဆရာဒီးဒုတ်ဦးဘချိုက စတင်တာဝန်ယူခဲ့ပါသည်။ စာဆိုတော်များအား ဂုဏ်ပြုသည့် စာဆိုတော်နေ့ကို သတ်သတ်မှတ်မှတ်ထားရှိကာ ကျင်းပနိုင်ရေးအတွက် ထိုခေတ်ကာလက ကျော်ကြားလူသိများနေသော "ပညာတံခွန်အသင်းကြီး"က အစိုးရထံတင်ပြခဲ့ရာ ဂျပန်ခေတ်ပညာရေးဝန်ကြီး ဦးလှမင်းက ၁၉၄၄ ခုနှစ် မေလ ၁၂ ရက်နေ့၌ စာရေးဆရာအသင်းအမှုဆောင် လူကြီးများအားဖိတ်ခေါ်၍ အစည်းအဝေးတစ်ရပ်ကျင်းပခဲ့ပါသည်။

ထိုအစည်းအဝေးတွင် မြန်မာမင်းများလက်ထက်၌ မြန်မာစာဆိုပညာရှင်ကြီးများအား ဘွဲ့တံဆိပ်များ၊ ဆုလာဘ်များ ချီးမြှင့်ဂုဏ်ပြုခဲ့သည့်အစဉ်အလာရှိသည့်အတိုင်း ထိုချီးမြှင့်သည့် အခမ်းအနားကျင်းပသည့် နတ်တော်လဆန်း ၁ ရက်နေ့ကို စာဆိုတော်နေ့အဖြစ် သတ်မှတ်ရန် တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ကြပါသည်။ ပထမအကြိမ် စာဆိုတော်နေ့ကို ၁၃၀၆ ခုနှစ် နတ်တော်လဆန်း ၁ ရက် ညနေပိုင်း၌ ရန်ကုန်မြို့ ကန်တော်ကြီးစောင်းရှိ မြိုင်ပြဇာတ်ရုံတွင် တခမ်းတနားကျင်းပခဲ့ပါသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်းကြီး၏ ဦးဆောင်မှုဖြင့် စာဆိုတော်နေ့အထိမ်းအမှတ်ပွဲများကို ၁၃၀၆ ခုနှစ်ကစ၍ ကျင်းပလာခဲ့သည်မှာ ယနေ့ထက်တိုင်ပင်ဖြစ်ပါသည်။ ယနေ့ခေတ်တွင် စာဆိုတော်နေ့ အခမ်းအနား၌ စာပေဗိမာန်ဆု အမျိုးသားစာပေဆုရ ထူးချွန်သည့် စာပေပညာရှင်များကို ဆုများပေးအပ်ချီးမြှင့်ခြင်းနှင့်အတူ သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့ခြင်းတို့ကို စည်ကားသိုက်မြိုက်စွာ တခမ်းတနားကျင်းပပေးလျက်ရှိပါသည်။ ထို့အပြင် နိုင်ငံတစ်ဝန်း စာပေဟောပြောပွဲများကိုလည်း မြို့ရွာအနှံ့ ကျင်းပကာ ရှေးအခါကတည်းက ရှိနေခဲ့သော မြန်မာ့ဓလေ့အစဉ်အလာကောင်းများကို ထိန်းသိမ်းဖော်ထုတ်လျက်ရှိသည်မှာ နိုင်ငံနှင့်လူမျိုးအတွက် ဂုဏ်ယူဖွယ်ရာပင်ဖြစ်ပါသည်။

ယခုမျက်မှောက်ခေတ်ကာလတွင် နတ်တော်လအတွင်း ဒေသအလိုက် သင့်တင့်သော ရက်တစ်ရက်သတ်မှတ်၍ စာပေဟောပြောပွဲများ ကျင်းပကြသည်။ စာရေးသူနှင့်စာဖတ်သူ မျက်နှာချင်းဆိုင် ဆွေးနွေးပွဲများကျင်းပကြသည်။ ဂုဏ်ယူဖွယ်ကောင်းသည်မှာ ကမ္ဘာ့နိုင်ငံတိုင်းတွင် စာရေးဆရာများနှင့် သက်ဆိုင်သောနေ့ဟူ၍ မရှိပေ။

### မီးရှူးတန်ဆောင်

စာပေသည် လူသားအားလုံးအတွက် အမှောင်ကိုခွင်း၍ အလင်းကိုဆောင်နိုင်သော မီးရှူးတန်ဆောင်ဖြစ်သည်။ စာဆိုရှင်ကြီးများ၏ ကျေးဇူးတရားကား လွန်စွာကြီးမားလှပေသည်။ စာပေသည် တိုင်းပြည်၏ အင်အားကြီးတစ်ရပ်ဖြစ်ပေသည်။ နိုင်ငံတော်တည်ဆောက်ရာတွင် အားတကာအားတွင် စာပေအား၊ ကလောင်အားသည် အထက်မြက်ဆုံး၊ အတောက်ပဆုံးဖြစ်သည်။ မြန်မာ့လွတ်လပ်ရေးသမိုင်းတွင် မျိုးချစ်စိတ်ဖြင့် ကလောင်အင်အားသည် တစ်တပ်တစ်အားပါဝင်ခဲ့သည့် "ကလောင်သွားသည် ဓားသွားထက် ထက်သည်" ဆိုသောစကားအတိုင်း စာပေသည် အစွမ်းထက်လှပေသည်။ "စာအုပ်စာပေ လူ့မိတ်ဆွေ"၊ "စာပေမြင့်မှ လူမျိုးတင့်သည်" ဟူသောဆောင်ပုဒ်အတိုင်း မျိုးဆက်သစ်လူငယ်များအတွက် ပိုမိုတိုးတက်မြင့်မားသောအနာဂတ်ဘဝများ ဖြစ်လာစေရန် နတ်တော်လ၏ စာဆိုတော်နေ့အထိမ်းအမှတ် စာပေပြိုင်ပွဲများနှင့် စာပေဟောပြောပွဲများအား ယနေ့တိုင် နှစ်စဉ်ကျင်းပပေးနေပါသည်။

လက်ဆင့်ကမ်းရမည့် အစဉ်အလာတစ်ရပ်မှာ သက်ကြီးစာပေပညာရှင်များကို ပူဇော်ကန်တော့သော အခမ်းအနားများကို နတ်တော်လရောက်တိုင်း ပြုလုပ်နေကြသည်ကို မြင်ရသည်မှာ ဝမ်းမြောက်ကြည်နူးမိပါကြောင်းနှင့် စာပေမှရရှိသော အသိသည် လူသားတို့၏ဘဝကို တိုးတက်မြင့်မားခြင်းနှင့်အတူ စာပေဟောပြောပွဲများမှရရှိလာသည့် သုတ၊ ရသများကလည်း သဇင်ပန်းရနံ့ကဲ့သို့ လူသားတို့၏ နှလုံးသားကို လှပမွှေးကြိုင်လာမည်ဟု ယုံကြည်မိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**ရှေးခေတ်အချိန်များတွင် ယခုလ၏ရာသီပွဲတော်မှာ**
**နတ်ပူဇော်ခြင်းပွဲတော်ဖြစ်ပြီး**
**ယင်းဓလေ့မှာ ၁၈၈၅ ခုနှစ်တွင် ကွယ်ပျောက်ခဲ့ပါသည်။**
**သက္ကရာဇ် ၁၉၄၄ ခုနှစ်တွင် ထူးခြားသောပွဲတော်တစ်ခု ပေါ်ပေါက်ခဲ့ပြီး**
**ယင်းမှာ စာပေအားဂုဏ်ပြုသည့် စာဆိုတော်ပွဲဖြစ်ပါသည်။**
**မြန်မာ့စာပေသမိုင်းတွင် ကုန်းဘောင်ခေတ်မှ**
**အလွန်ထင်ရှားကျော်စောသည့် စာရေးဆရာ၊**
**ပြဇာတ်ရေးဆရာဦးပုညအား ဂုဏ်ပြုသည့်နေ့တစ်နေ့ သတ်မှတ်ထားခဲ့ပြီး**
**နတ်တော်လအတွင်း နှစ်စဉ်ကျင်းပလေ့ရှိခဲ့**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

ဂျပန်သည် ဆိုဗီယက်ရုရှားနှင့် မကျူးကျော်ရေး စာချုပ်ထားသည်။ ဂျာမနီက ဆိုဗီယက်ရုရှားအား တိုက်ခိုက်လာသည်ကို အကြောင်းပြု၍ ဂျပန်က စာချုပ်ကို ချိုးဖျက်ကာ မန်ချူးရီးယားနယ်စပ်တွင် တစ်ပွဲတစ်လမ်းအကဲစမ်းသည့်အနေမျိုးဖြင့် စစ်ပွဲကို ဖန်တီးလိုက်သည်။ ယင်းသတင်းကြောင့် အရှေ့တောင်အာရှတွင် လှုပ်လှုပ်ရွရွဖြစ်လာသည်။ ဂျပန်၏အရိပ်အကဲကို စောင့်ကြည့်ကာ စစ်ပြင်ဆင်နေကြသော အေ၊ ဘီ၊ စီ၊ ဒီအဖွဲ့ ခေါ် အမေရိက၊ ဗြိတိသျှ၊ တရုတ်နှင့် ဒတ်ချ်တို့မှာ ဂျပန်နှင့် ပတ်သက်၍ ရင်ပေါ့သွားကြသည်။ အာရုံပြောင်းသွားကြသည်။ ဂျပန်နှင့် နားလည်မှုယူရန် မျက်နှာချိုသွေးကြသည်။ ချန်ကေရှိတ်အစိုးရသည် ဆိုဗီယက်ဆန့်ကျင်ရေးစစ်ပွဲကို မျှော်လင့်ထားသည်။ ဂျပန်ကိုတိုက်ရာတွင် ယာယီ မဟာမိတ်ပြုထားသော ကွန်မြူနစ်တပ်များကို တစ်စထက်တစ်စ ပြန်နင်းလာသည်။

ဂျပန်တို့သည် ဆိုဗီယက်နယ်မြေကို တစ်လက်မမျှ တိုးဝင်နိုင်ခြင်းမရှိ။ အင်အားတောင့်တင်းသော တပ်နီတော်၏ တွန်းလှန်မှုကို ခံနေရသည်။ တရုတ်ပြည်ထဲသို့သာ တိုး၍နယ်ချဲ့ထားသည်။ သို့ရာတွင် ဂျပန်နှင့်ပတ်သက်၍ အရှေ့တောင်အာရှတွင် အချိန်မရွေး ထ၍စစ်ဖြစ်နိုင်သည်ကို မြင်နေကြရသည်။ ပေါက်ကွဲမည့်ဗုံးကား အသင့်ရှိနေလေပြီ။ စနက်တံကိုမီးရှို့မည့်အဖြစ်သာ လိုတော့သည်။ ထိုအတွက် အရှေ့တောင်အာရှနိုင်ငံများမှာ ရင်မအေးနိုင်ကြ။ တထိတ်ထိတ် တလန့်လန့်ရှိရသည်။

ဦးအောင်ခန့်အဖို့ ဗြိတိန်နှင့်ပြင်သစ်တို့က ဂျာမန်အား စစ်ကြေညာလိုက်ပြီဆိုကတည်းက ဘိလပ်ရှိ သားအတွက် ပူပန်ရသည်။ စိုးနောင့်ရသည်။ သို့ပေမဲ့ ဦးအောင်ခန့်၏စိတ်တွင် အလိုလိုသေချာနေသော အတွေးအထင်တစ်ရပ်ရှိသည်။ ၎င်းမှာ ဂျာမန်သည် ဗြိတိန်အား မည်သည့်အခါမျှ မနိုင်နိုင်ဟူသောအတွေး ဖြစ်သည်။ သို့ဖြစ်၍ အနည်းငယ် စိတ်အေးရသလိုတော့ရှိသည်။ သား၏အခြေအနေကိုမူ သိချင်သည်။ သားထံမှ စာကို ဖတ်ချင်သည်။ သားတို့ကြုံတွေ့နေရသော စစ်ကာလအကြောင်းကို နားလည်ချင်သည်။ သားကပင် စာမရေးလို၍လား။ စစ်ကြောင့်ပင် စာအဆက်အသွယ် ပြတ်တောက်နေ၍လား မသိ။ စာမလာသည်မှာ ကြာချေပြီ။

စစ်ဖြစ်စကဆိုလျှင် စစ်သတင်းနားထောင်ရခြင်းကို ဦးအောင်ခန့် သာယာမိသည်အမှန်။ တစ်ပါးသူအတွက် မည်သို့ရှိမည် မမှန်းတတ်သော်လည်း သူ့အဖို့တွင်မူ စစ်သတင်းများ၌ အာရုံမြှုပ်ထားမိချိန်တွင် စိတ်မှာ များစွာသက်သာရာရသည်ဟု ထင်သည်။ အခြားသောခံစားမှုများနှင့်စာလျှင် စစ်သတင်းကိုကြားနေရကာမှ တော်သေးသည်ဟု အထင်ရောက်သည်။

စင်စစ်တွင်လည်း ရေနံ့သာအိမ်ကြီးသည် သူ့အဖို့ သုသာန်တစပြင်ပမာ ဖြစ်နေခဲ့ရသည်မှာ ကြာပြီ။ အစဉ်လို တိတ်ဆိတ်သည်။ အစဉ်လို ငြိမ်သက်သည်။ အိမ်ကြီးအတွင်း မှီတင်းနေထိုင်သူတို့ အသွင်အပြင်မှာလည်း သင်္ချိုင်းမှထ၍ ပြန်လာသည့်သူများ၏ အသွင်အပြင်လိုဖြစ်သည်။ ညှိုးညှိုးငယ်ငယ် နွမ်းနွမ်းနယ်နယ်နှင့် မသာမယာ မရွှင်မပျနှင့်။ တစ်နေ့လုံးနေ၍သော်မျှ တစ်စုံတစ်ဦး၏အပြုံးကို မမြင်ရတတ်၊ တစ်ဦးနှင့်တစ်ဦး၊ တစ်ယောက်နှင့်တစ်ယောက် စကားပြောဖြစ်သော အကြိမ်အရေအတွက် နည်းပါးသည်။

အသက်ရှင်လျက် သေဆုံးနေကြရလေသူများ၏ အသွင်သဏ္ဌာန်မျိုး။

သည်မျှငြိမ်သက်တိတ်ဆိတ်နေ၍လည်း လေသံတိုးတိုးမျှသည်ပင် ကျယ်လောင်လွန်းသောအသံလို ဖြစ်နေသည်။ တစ်ယောက်နှင့် တစ်ယောက်ခေါ်လျှင်လည်း လေသံမျှသာဖြစ်သည်။ ထမင်းစားခန်းတွင် ဇွန်းသံ၊ ပန်းကန်သံ မကြားရအောင် ကြိုးစားလေ့ရှိကြသည်။ တစ်ဦးတစ်ယောက်၏ လမ်းလျှောက်မှုကြောင့် မြည်လာသောအသံသည် အခြားတစ်ဦးတစ်ယောက်အတွက် ကြီးစွာသော အနှောင့်အယှက်ဖြစ်နေရသည်။

ဦးအောင်ခန့်သည် ထိုအဖြစ်များကို သတိထားမိလေသည့်အခါတိုင်း သမီးဖြစ်သူကို သတိရသည်။ ခင်ခင်ကြီးသည် ထိုအခါမျိုးတွင် သူ့အတွေးသို့ ဝင်ရောက်လာသည်။ သူ့အား အိမ်က မောင်းနှင်ချပြီးကတည်းက သည်အဖြစ်မျိုးများနှင့် ကြုံလာရသည်။ ကြေကွဲဝမ်းနည်းမှုသည် တစ်အိမ်လုံးကို ကြီးစိုးလွှမ်းမိုးထားသည့်နှယ် ဖြစ်သည်။ ကျိန်စာသင့်ခံထားရသည့်အဖြစ်မျိုးကို ဦးအောင်ခန့် ကိုယ်တွေ့ကြုံနေရသည်။

ယခင်က အစဉ်လို တထိန်ထိန်တညီးညီးနှင့် အပြင်ကကြည့်လျှင်ပင် စိတ်ဝမ်းချမ်းမြေ့ဖွယ်ဖြစ်ခဲ့သည့် ရေနံ့သာအိမ်ကြီးမှာ ယခုအခါ မိုးချုပ်ပြီဆိုသည်နှင့် တစ်ပြိုင်နက် မှောင်ကုပ်ကုပ် ဖြစ်လာသည်။ ဦးအောင်ခန့်၏ စာကြည့်ခန်းမှအပ မီးအလင်းရောင်ကို မမြင်ရတော့သလိုဖြစ်သည်။ ထိုအဖြစ်ကို အိမ်ရှေ့မှ ဖြတ်၍သွားသူတိုင်း သတိထားမိတတ်ကြသည်။ အိမ်အတွင်းမှာ မီးမထွန်း၍ကား မဟုတ်။ လင်းထင်လွန်းသော အလင်းရောင်အစား မှိန်မှိန်ဖျော့ဖျော့မီးများကိုသာ ထွန်းကြသည်။ အကူးအသန်း၊ အသွားအလာ။ အပြောအဆိုမရှိကြ၍လည်း အိမ်တွင်သက်ရှိသတ္တဝါမှ ရှိသေးလေစ ထင်ရသည်။ လူအပေါင်းတို့သည် အချိန်နှင့်အမျှ တစ်နေရာတည်းတွင်သာ စုဝေးနေကြသောကြောင့် လှုပ်ရှားမှုကို မတွေ့ရခြင်းဖြစ်သည်။ လူတို့စုဝေးနေသောနေရာမှာ ဒေါ်စောမင်း၏နံဘေးတွင်သာ ဖြစ်သည်။

ဒေါ်စောမင်းတစ်ယောက် အိပ်ရာထဲတွင် လဲနေသည်မှာ ကြာပြီ။ ခင်ခင်ကြီး အိမ်မှထွက်ခွာသွားရသော သတင်းကို ကြားပြီးကတည်းက ဖြစ်သည်။ အရုပ်ကြိုးပြတ်သလို လဲခဲ့ခြင်းမဟုတ်။ တဖြည်းဖြည်း လုံးပါးပါးရသည်ဆိုသည့်အဖြစ်မျိုး။ အသက်ကလည်း ထောက်လာပြီဖြစ်၍ အအိပ်အစားမမှန်နိုင်လောက်အောင် စိတ်ထိခိုက်ရလေပြီဆိုသောအခါ အဘွားကြီးမှာ ဗုန်းဗုန်းလဲရလေတော့သည်။

ယခင်က မြေးဖြစ်သူနှင့်ယှဉ်၍ အိမ်၏သာယာမှုကို ပြုတတ်လေသော ဒေါ်စောမင်း၊ အစဉ်လို ရယ်မောရွှင်ပျလေ့ရှိသော ဒေါ်စောမင်းနှင့် ယခုဒေါ်စောမင်းကား အကွာကြီးကွာနေသည်။ အခြားနားကြီးခြားနားနေသည်။ အိပ်ရာပေါ်တွင် အရိုးပေါ်အရေတင်ဘဝဖြင့် အသက်ကို ဖုတ်လှိုက်ဖုတ်လှိုက်ရှူနေသော ဒေါ်စောမင်း ဖြစ်နေပေပြီ။ အကောင်းဆုံးနှင့် အားအကိုးရဆုံး သမားတော်များ လက်လျှော့ထားရလေသော ဒေါ်စောမင်းဘဝသို့ ရောက်နေရပေပြီ။ ဘဝ၏နေဝင်ချိန်သည် ဒေါ်စောမင်းအား စောင့်မျှော်နေချေပြီတကား။

မိမိကိုယ်၌က များစွာကျန်းမာခြင်းမရှိသည့်တိုင်၊ မိမိစိတ်တွင်လည်း သမီးဖြစ်သူနှင့်စပ်လျဉ်း၍ နာရီနှင့်အမျှ ဖြေမဆည်နိုင်အောင် ဖြစ်နေရသည့်တိုင် ဒေါ်မြလေးသည် သူ၏မိခင်ကို တတ်အားသမျှပြုစုသည်။ ကိုယ်ဖိရင်ဖိ ယုယသည်။ အအိပ်ပျက် အစားပျက် ဖြစ်ရုံမျှမက စိတ်မှာလည်း သောကရောက်နေသည်ဖြစ်ခြင်းကြောင့် ဒေါ်မြလေးမှာ ပိန်ချုံးနေသည်။ မျက်တွင်းဟောက်ပက် ကျနေသည်။ လေတိုးလျှင်ပင် ပြိုတော့မယောင် ထင်ရသည်။ ဒေါ်မြလေးကို ကြည့်ရသည်မှာ ကိုယ်မှဝိညာဉ်ခွာထွက်မသွားစေရန် ခက်ခက်ခဲခဲ၊ ပင်ပင်ပန်းပန်း ထိန်းချုပ်ထားရဟန်ရှိသည်။

အိမ်တွင် မလုံးတင်တို့ မလုံးရှင်တို့လို စိတ်ချရသော အစေခံမရှိ။ ရှိသည့်သူများကိုလည်း အားမကိုးရသဖြင့် အစစအရာရာ ဝင်ပါရသည်။ တစ်ဖက်မှလူမမာကို နေ့မအိပ် ညမအိပ် ပြုစုရသည်။ တစ်ဖက်က စားရေးသောက်ရေးကို စီမံဆောင်ရွက်ရသည်ဆိုသောအခါ ဒေါ်မြလေးမှာ မနားသာခဲ့။ ဦးအောင်ခန့်က တစ်ခါတစ်ရံ ပြောဖူးသည်။

“မင်းကိုယ်မင်းလည်း သတိထားဦး မမြ။ တောင်ဝှေးလဲတော့ ဖိုးသူတော်ထူလို့ရတယ်။ ဖိုးသူတော်လဲတော့ တောင်ဝှေးကမထူနိုင်ဘူးဆိုတာမျိုး ဖြစ်နေဦးမယ်”

မိမိကိုယ်တိုင် သည်အဖြစ်ကို သိသော်လည်း မတတ်နိုင်။ လဲကာမှလဲရော့။ မလဲခင်စပ်ကြား လုပ်နိုင်သမျှ လုပ်ဦးမည်ဟု စိတ်ပိုင်းဖြတ်ထားသည်။

ယနေ့ညတွင်လည်း အခါတိုင်းညများလိုသာ ဖြစ်သည်။

ရေနံ့သာသည် တိတ်ဆိတ်ငြိမ်သက်လျက် ရှိလေသည်။ အိမ်၏စာကြည့်ခန်းတွင်သာ လင်းထင်သော အလင်းရောင်ရှိသည်။ အခြားနေရာတွင် အလင်းရောင်မှိန်ဖျော့နေသည်။ စောစောက စာကြည့်ခန်းမှ ရေဒီယိုသံ သဲ့သဲ့လွင့်လာသည်။ အခြားနေရာမှ အသံဗလံ မကြားရ၊ ရေဒီယိုသံ ပျောက်သွားသောအခါ တစ်အိမ်လုံးကို ဆိတ်ငြိမ်ခြင်းက လွှမ်းမိုးလိုက်သည်။ ခြံအတွင်းမှ ပုရစ်အော်မြည်သံသာ အဆက်မပြတ် ပေါ်ထွက်နေသည်။ ဤသည်ကလွဲလျှင် တစ်အိမ်လုံးမှာ အပ်ကျသံကိုပင် ကြားရလောက်အောင် တိတ်နေသည်။

ဒေါ်မြလေးသည် ခုတင်ပေါ်မှ မိခင်ကို စူးစိုက်ကြည့်နေသည်။ အသက်ရှူသံကို နားစွင့်နေသည်။ ယင်းပုံစံဖြင့် သူမရပ်နေခဲ့မိသည်မှာကြာပြီ။ ဆရာဝန်ဘရူးဝါး ပြန်သွားပြီးကတည်းက ဖြစ်သည်။

သည်ကနေ့ ဒေါ်စောမင်း၏အခြေအနေမှာ အခါတိုင်းနေ့များထက် ဆိုးရွားသည်။ နံနက်ကတည်းက မျက်စိမဖွင့်။ အသက်ကို ခက်ခဲပြင်းပြစွာ ရှူရှိုက်နေသည်။ အသက်ရှူလိုက်တိုင်း ရင်မှာ ဖားဖိုတစ်ခုလို နိမ့်ချည်မြင့်ချည် ဖြစ်နေသည်။

ဒေါ်စောမင်း၏အသားမှာ ဖြူသည်ထက် ဝါဖျော့ဖျော့ ဖြစ်နေသည်။ မျက်ခွံသည် ချိုင့်ဝှမ်းလွန်းလှလေရာ မျက်ခွံပေါ်သို့ အလင်းရောင်ကျရောက်မလာနိုင်ဘဲ မျက်ခုံးရိုးအရိပ်သာ ထင်ဟပ်နေသည်။ မျက်တွင်းဟောက်ပက်ကျနေသည်ဟု ထင်ရသည်။

ဒေါက်တာ ဘရူးဝါးသည် ဆေးထိုးအပ်ကို နုတ်ပြီးလျှင် ခေါင်းကို လေးလေးပင်ပင် ယမ်းသည်။ သက်ပြင်းရှိုက်သည်။ စကားမဆို။ သို့ငြား သူ့အမူအရာမှာ စကားဆိုစရာမလိုဘဲ နားလည်နိုင်သည့် အမူအရာမျိုးဖြစ်သည်။ လက်လျှော့လိုက်ပြီဆိုသည့်အဓိပ္ပာယ် ပေါ်လွင်သည်။ သည်စဉ်ကတည်းက ဒေါ်စောမင်း၏ အရိပ်အခြည်ကို ဒေါ်မြလေး နားလည်နိုင်ခဲ့သည်။ သဘောပေါက်နိုင်စွမ်းရှိခဲ့သည်။ သူ့အနေနှင့်လည်း ဘာစကားမျှပြော၍ မထွက်။ အသံသည် ရင်ထဲတွင် ပျောက်ကွယ်နေလေသည်။

ဒေါ်မြလေး မျက်နှာအနေအထားကိုကြည့်ကာ အစေခံနှစ်ယောက်မှာ အခန်းထောင့်တစ်နေရာတွင် ငြိမ်ကုပ်နေကြသည်။ မကြာမြင့်မီကာလအတွင်း ဆိုးရွားသော ကံကြမ္မာတစ်ရပ်နှင့် ကြုံရတော့မည်ကို အလိုလိုနားလည်နေဟန်ရှိသည်။

လူမမာ၏ ခြောက်သွေ့နေသောနှုတ်ခမ်းများ လှုပ်လာသည်ကို တွေ့ရသည်။ ဒေါ်မြလေးသည် လူမမာထံသို့ တိုးသွားသည် လူမမာသည် တစ်စုံတစ်ခုပြောနေသည်။

ဆက်လက်ဖော်ပြပါမည်။

**ဦးအောင်ခန့်သည် ထိုအဖြစ်များကို**

**သတိထားမိလေသည့်အခါတိုင်း သမီးဖြစ်သူကို သတိရသည်။**

**ခင်ခင်ကြီးသည် ထိုအခါမျိုးတွင် သူ့အတွေးသို့ ဝင်ရောက်လာသည်။**

**သူ့အား အိမ်က မောင်းနှင်ချပြီးကတည်းက**

**သည်အဖြစ်မျိုးများနှင့် ကြုံလာရသည်။ ကြေကွဲဝမ်းနည်းမှုသည်**

**တစ်အိမ်လုံးကို ကြီးစိုးလွှမ်းမိုးထားသည့်နှယ် ဖြစ်သည်။**

**ကျိန်စာသင့်ခံထားရသည့်အဖြစ်မျိုးကို . . .**

ဆရာမောင်သိန်းဆိုင်၏ “ရေနံ့သာ ခင်ခင်ကြီး” စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။

**စာတည်း**

# ဂျိုးဆက်ပါကာနဲ့ ဒါရက်ချီဆိုရာတို့ မကျေပွဲပြန်လည်ထိုးသတ်မည်

နယူးဇီလန်ပရော်ဖက်ရှင်နယ် လက်ဝှေ့သမား ဂျိုးဆက်ပါကာနဲ့ ဗြိတိန်လက်ဝှေ့ကျော် ဒါရက်ချီဆိုရာတို့ဟာ ၎င်းတို့နှစ်ဦး ပထမဆုံးအကြိမ် ယှဉ်ပြိုင်ထိုးသတ်ခဲ့တဲ့ ဟဲဗီးလ်ဝိတ်ပြိုင်ပွဲမှာ အငြင်းပွားဖွယ်ရာတွေနဲ့ ပြီးဆုံးသွားခဲ့တာကြောင့် မကျေပွဲ ပြန်လည်ထိုးသတ်မှာဖြစ်ပြီး မကျေပွဲကို ဒီဇင်ဘာ ၁၈ ရက်မှာ မန်ချက်စတာအရီနာလက်ဝှေ့ကြိုးဝိုင်းအတွင်း ပြန်လည်ထိုးသတ်မှာဖြစ်တယ်လို့ သိရပါတယ်။



ဂျိုးဆက်ပါကာနဲ့ ဒါရက်ချီဆိုရာတို့ ပထမဆုံးအကြိမ် တွေ့ဆုံခဲ့တဲ့ ဟဲဗီးလ်ဝိတ်ပြိုင်ပွဲဟာ မေလအတွင်းက ထိုးသတ်ခဲ့တာဖြစ်ပြီး အဲဒီတွေ့ဆုံမှုမှာ ပထမအချီ ခုနစ်စက္ကန့်မှာ ဂျိုးဆက်ပါကာက အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

အဲဒီပြိုင်ပွဲမှာ ရှုံးနိမ့်ခဲ့ရတာကြောင့် ဒါရက်ချီဆိုရာက ဗြိတိန်ထိန်းချုပ်ရေးအဖွဲ့ကို အပြစ်တင်ခဲ့ပြီး အနိုင်ရလဒ်ကို လုယူခံလိုက်ရတာဖြစ်တယ်လို့လည်း အခိုင်အမာပြောကြားခဲ့ပါတယ်။

အသက် ၂၉ နှစ်အရွယ်ရှိ ဂျိုးဆက်ပါကာဟာ လက်ဝှေ့သမားဘဝကို ၂၀၁၂ ခုနှစ်မှာ စတင်ခဲ့ပြီး ကစားသမားဘဝ သမိုင်းတစ်လျှောက် ၃၁ ပွဲ ယှဉ်ပြိုင်ခဲ့ရာ ၂၉ ပွဲနိုင်၊ နှစ်ပွဲရှုံးရလဒ် ထွက်ပေါ်ထားတာ ဖြစ်ပါတယ်။ ဂျိုးဆက်ပါကာဟာ အဲဒီနိုင်ပွဲ ၂၉ ပွဲမှာ အလဲထိုးနိုင်ပွဲ ၂၁ ပွဲအထိ ရှိထားခဲ့တာ ဖြစ်ပါတယ်။

အသက် ၃၇ နှစ်အရွယ် ဒါရက်ချီဆိုရာကတော့ လက်ဝှေ့သမားဘဝကို ၂၀၀၇ ခုနှစ်မှာ စတင်ခဲ့ပြီး ပြိုင်ပွဲစုစုပေါင်း ၄၃ ပွဲယှဉ်ပြိုင်ခဲ့ရာ ၃၂ ပွဲနိုင်၊ ၁၁ ပွဲရှုံးရလဒ်ထွက်ပေါ်ထားကာ နိုင်ပွဲ ၃၂ ပွဲအနက် ၂၃ ပွဲက အလဲထိုးနိုင်ပွဲရရှိခဲ့တာ ဖြစ်ပါတယ်။

# ဗြိတိန်တင်းနစ်မယ် အမ်မာရာဒူကာနူ ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရပြီး မူဘာဒါလာ ကမ္ဘာ့တင်းနစ်ချန်ပီယံရှစ်ပြိုင်ပွဲကနေ နုတ်ထွက်ခဲ့ရ

ဗြိတိန်ရဲ့ ဆယ်ကျော်သက်အရွယ် တင်းနစ်မယ် အမ်မာရာဒူကာနူဟာ ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံခဲ့ရတာကြောင့် မူဘာဒါလာ ကမ္ဘာ့တင်းနစ်ချန်ပီယံရှစ်ပြိုင်ပွဲကနေ နုတ်ထွက်ခဲ့ရပြီဖြစ်ပါတယ်။ မူဘာဒါလာ ကမ္ဘာ့တင်းနစ်ချန်ပီယံရှစ်ပြိုင်ပွဲကို ဒီဇင်ဘာ ၁၆ ရက်ကနေ ၁၈ ရက်အထိ ကျင်းပမှာဖြစ်တယ်လို့ သိရပါတယ်။

တင်းနစ်မယ် အမ်မာရာဒူကာနူဟာ လက်ရှိမှာ အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲရဲ့ အမျိုးသမီးတစ်ဦးချင်း ချန်ပီယံဖြစ်ပြီး လာမယ့်လမှာ သြစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့မှာ ကျင်းပမယ့် သြစတြေးလျအိုးပင်းတင်းနစ် ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်သွားဖို့ စီစဉ်ထားသူဖြစ်ပါတယ်။



အသက် ၁၉ နှစ်အရွယ်တင်းနစ်မယ် အမ်မာရာဒူကာနူဟာ လက်ရှိ ကမ္ဘာ့အဆင့် ၁၉ နေရာမှာ ရပ်တည်နေပြီး ၂၀၂၁ ခုနှစ်အတွင်း အမေရိကန်အိုးပင်း တင်းနစ်ဆုဖလားကို ရရှိခဲ့တာကြောင့် အမျိုးသမီး တင်းနစ်အဖွဲ့က ပေးအပ်ချီးမြှင့်တဲ့ တစ်နှစ်တာ အကောင်းဆုံးတင်းနစ်မယ်ဆုကိုလည်း ရရှိခဲ့သူ ဖြစ်ပါတယ်။



# ဥရုဂွေးအသင်းက ဒီယေဂိုအလွန်ဆိုကို နည်းပြသစ်အဖြစ် ခန့်အပ်

ဥရုဂွေးအသင်းဟာ အသင်းကို ကာလကြာရှည် တာဝန်ယူကိုင်တွယ်ခဲ့တဲ့ နည်းပြ အော်စကာတာဘာရက်ဇ်ကို အသင်းနည်းပြအဖြစ်ကနေ ထုတ်ပယ်ပြီး တစ်လနီးပါးအကြာမှာ အက်သလက်တီကို မက်ဒရစ်အသင်း တိုက်စစ်မှူးဟောင်း ဒီယေဂိုအလွန်ဆိုကို နိုင်ငံ့လက်ရွေးစင်အသင်း နည်းပြအဖြစ် ခန့်အပ်လိုက်ပြီ ဖြစ်ပါတယ်။

အလွန်ဆိုဟာ နိုင်ငံတကာအသင်းနည်းပြအဖြစ် တစ်ကြိမ်တစ်ခါမှ တာဝန်ယူဆောင်ရွက်ဖူးခြင်း မရှိခဲ့ပေမယ့် ဥရုဂွေးဘောလုံးအဖွဲ့ချုပ်က အလွန်ဆိုကို ယုံယုံကြည်ကြည်နဲ့ လက်ရွေးစင်အသင်း နည်းပြအဖြစ် ခန့်အပ်ခဲ့တာဖြစ်ပါတယ်။

ဥရုဂွေးအသင်းဟာ ဘိုလီဗီးယားအသင်းကို သုံးဂိုးပြတ်ရှုံးနိမ့်ခဲ့ပြီးနောက် လေးပွဲဆက် ရှုံးပွဲကြုံတွေ့ခဲ့ရတာကြောင့် နည်းပြတာဘာရက်ဇ်ကို ထုတ်ပယ်ခဲ့တာ ဖြစ်ပါတယ်။ အလွန်ဆိုဟာ အသက် ၁၆ နှစ်အရွယ်မှာ ဥရုဂွေးနိုင်ငံလက်ရွေးစင်အသင်း ကစားသမားအဖြစ် ပါဝင်ကစားခွင့်ရရှိခဲ့ပြီး ဗလင်စီယာ၊ အက်သလက်တီကို မက်ဒရစ်၊ မာလာဂါနဲ့ ရှန်ဟိုင်းရှင်ဟွာအသင်းအပါအဝင် ကလပ်အသင်းအများစုမှာ ပါဝင်ကစားခဲ့သူ ဖြစ်ပါတယ်။

ဇန်နဝါရီလအတွင်းမှာ ပါရာဂွေးအသင်းနဲ့ ယှဉ်ပြိုင်ကစားမယ့် ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်ဟာ အလွန်ဆိုအတွက် ဥရုဂွေးအသင်းနည်းပြအဖြစ် စတင်တာဝန်ယူကိုင်တွယ်မယ့်ပွဲစဉ်လည်း ဖြစ်လာမှာဖြစ်ပါတယ်။ ဥရုဂွေးအသင်းဟာ လက်ရှိမှာ တောင်အမေရိကဇုန်ခြေစစ်ပွဲကစားနေတဲ့ အသင်း ၁၀ သင်းမှာ အဆင့်ခုနစ်နေရာမှာ ရပ်တည်နေပြီး ထိပ်ဆုံးလေးသင်းက ကာတာကမ္ဘာ့ဖလား တိုက်ရိုက်ဝင်ခွင့်ရမှာဖြစ်ကာ အဆင့် ၅ နေရာက အသင်းက Play–off ကစားပြီး အနိုင်ရမှ ဝင်ခွင့်ရမှာဖြစ်တယ်လို့ သိရပါတယ်။

ငွေကြယ် - ရေးသားသည်

# အငြင်းပွားဖွယ်ရာဖြစ်ခဲ့တဲ့ အဘူဒါဘီ Grand Prix ပြိုင်ပွဲက ဖော်မြူလာဝမ်းပြိုင်ပွဲရဲ့ ပုံရိပ်ကို ညှိုးနွမ်းစေခဲ့ဟု ဖော်မြူလာဝမ်းအဖွဲ့ချုပ်ပြောကြား

အာရပ်စော်ဘွားများပြည်ထောင်စုရဲ့ မြို့တော် အဘူဒါဘီမှာ ဒီဇင်ဘာ ၁၂ ရက်က စတင်ကျင်းပခဲ့တဲ့ Grand Prix ဖော်မြူလာဝမ်းပြိုင်ပွဲမှာ အငြင်းပွားဖွယ်ရာဖြစ်ရပ်တွေ ဖြစ်ပွားခဲ့တာဟာ ဖော်မြူလာဝမ်းပြိုင်ပွဲရဲ့ ပုံရိပ်တွေကို ညှိုးနွမ်းစေခဲ့တယ်လို့ ဖော်မြူလာဝမ်းအဖွဲ့ချုပ်က ပြောကြားခဲ့ပါတယ်။

**ပြောကြား**

အဲဒီလို အငြင်းပွားဖွယ်ရာတွေ ဖြစ်ပွားခဲ့တာကြောင့် အပြည်ပြည်ဆိုင်ရာပြိုင်ကားအဖွဲ့ချုပ်ကလည်း အဲဒီပြိုင်ပွဲကနေ သင်ခန်းစာတွေရယူဖို့ ပြိုင်ပွဲဝင်အသင်းများမှ ပြိုင်ကားမောင်း အားကစားသမားအားလုံးနဲ့အတူ ဒီဇင်ဘာ ၁၉ ရက်မှာ အသေးစိတ်လေ့လာသုံးသပ်မှုတွေ ပြုလုပ်သွားမှာဖြစ်တယ်လို့ ပြောကြားခဲ့ပါတယ်။

ဒ့ါပြင် အပြည်ပြည်ဆိုင်ရာပြိုင်ကားအဖွဲ့ချုပ်က အဘူဒါဘီပြိုင်ပွဲမှာ မှားယွင်းတဲ့ဆုံးဖြတ်ချက်တွေ ရှိခဲ့တယ်လို့လည်း ပြောကြားခဲ့ပါတယ်။ အဲဒီပြိုင်ပွဲမှာ ပြိုင်ပွဲဒါရိုက်တာဖြစ်တဲ့ သြစတြေးလျနိုင်ငံသား မိုက်ကယ်မာဆီရဲ့ ဆောင်ရွက်ချက်တွေဟာ အငြင်းပွားမှုရဲ့ အဓိကအကြောင်းရင်းတွေဖြစ်ခဲ့တယ်လို့ သိရပါတယ်။

မိုက်ကယ်မာဆီရဲ့ မှားယွင်းတဲ့ ဆုံးဖြတ်ချက်တွေကြောင့် ပြိုင်ပွဲအများစုမှာ ဦးဆောင်နေတဲ့ မာစီးဒီး ပြိုင်ကားမောင်းသမား လူးဝစ်ဟာမီတန်ဟာ ချန်ပီယံဖြစ်မယ့်အခွင့်အရေးနဲ့ လွဲခဲ့ရတာဖြစ်ပါတယ်။ မာစီးဒီးကတော့ ဖော်မြူလာဝမ်း ချန်ပီယံဆုရရှိရေးအတွက် အဘူဒါဘီ ဆုံးဖြတ်ချက်နဲ့ပတ်သက်ပြီး အယူခံဝင်သွားမှာ မဟုတ်ဘူးလို့ ပြောကြားခဲ့ပါတယ်။



# နိုင်ငံသားပိုင် ငါး၊ ပုစွန် မွေးမြူရေးအပါအဝင် မွေးမြူရေးကဏ္ဍသို့ ချေးငွေထုတ်ပေးရန် လျှောက်ထားလာသည့် ကုမ္ပဏီ/လုပ်ငန်း ၂၃၂ ခုသို့ ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေထုတ်ယူခွင့်ပြု

(ယမန်နေ့မှအဆက်)

## ကိုဗစ်-၁၉ ရန်ပုံငွေမှ နိုင်ငံသားပိုင် ငါး၊ ပုစွန် မွေးမြူရေးအပါအဝင် မွေးမြူရေးကဏ္ဍသို့ ဒုတိယအသုတ် ချေးငွေခွင့်ပြုပေးရန် စိစစ်အတည်ပြုသည့် ကုမ္ပဏီ/လုပ်ငန်းများစာရင်း

| စဉ် | ကုမ္ပဏီ/လုပ်ငန်း အမည် | လိပ်စာ |
|---|---|---|
| ၁၀၈ | စိုးဝင်းသန်း မိသားစု (ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်း) | ကွင်းအမှတ်(၃၅၁)(B)၊ ကွင်းအမှတ်(၃၄၉)၊ ပန်းတိုင်ကျေးရွာ အုပ်စု၊ ထန်းတပင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၀၉ | စိုးမိသားစု (ငါး၊ ပုစွန်မွေးမြူရေး လုပ်ငန်း) | ကွင်းအမှတ်(၃၅၁)(B)၊ ကွင်းအမှတ်(၃၄၉)၊ ကွင်းအမှတ်(၃၄၈) ပန်းတိုင်ကျေးရွာအုပ်စု၊ ထန်းတပင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၁၀ | ရွှေပုစွန် (ငါး၊ ပုစွန်မွေးမြူရေး လုပ်ငန်း) | ကွင်းအမှတ်(၃၄၉)၊ ပန်းတိုင်ကျေးရွာအုပ်စု၊ ထန်းတပင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၁၁ | ဇင်မင်း မိသားစု (ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်း) | ကွင်းအမှတ်(၃၄၇)၊ ပန်းတိုင်ကျေးရွာအုပ်စု၊ ထန်းတပင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၁၂ | စိုင်းခွန်ဆောထီး (အသားတိုး ကြက်မွေးမြူရေးလုပ်ငန်း) | ပြိန်းနင်ရပ်၊ (၁)ရပ်ကွက်၊ ကျောက်မဲမြို့ ၊ ရှမ်းပြည်နယ် |
| ၁၁၃ | ဒေါ်မြင့်မြင့်သန်း (မြင့် မိသားစု ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်း) | ကွင်းအမှတ်(၃၅၁)(B)၊ ပန်းတိုင်ကျေးရွာအုပ်စု၊ ထန်းတပင် မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၁၄ | တံခွန် (မွေးမြူရေး) | အကွက်အမှတ် ၅၆၊ ၅၇၊ ၅၈၊ ၅၉၊ ၆၀၊ ၆၁၊ ၆၂၊ ၆၃၊ ၆၄၊ ၇၃၊ ၇၄၊ ၇၅၊ မွေးမြူရေးဇုန်၊ ကျောက်မဲမြို့နယ်၊ ရှမ်းပြည်နယ် |
| ၁၁၅ | နန်းသီတာမိုင်းယောင်း ကုမ္ပဏီ လီမိတက်(ဥစားကြက်မွေးမြူရေး) | အမှတ် (၃/၅၉)၊ ရပ်ကွက် (၃)၊ မိုင်းယောင်းမြို့နယ်၊ ရှမ်းပြည်နယ် |
| ၁၁၆ | ဦးခင်မောင်ဦး (ဒေသန္တရမွေးမြူရေး) | အမှတ် (၃) ရပ်ကွက်၊ နတ်ပေးကျေးရွာအုပ်စု၊ နတ်ပေးကျေးရွာ၊ ကန့်ဘလူမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၁၇ | ဦးသိန်းကြူ (ဥစားကြက်မွေးမြူရေး) | စိုက်ပျိုးရေးလမ်း၊ မရမ်းကုန်းရပ်ကွက်၊ မြောင်းမြမြို့နယ်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၁၈ | ဦးကျော်နိုင် (ပုစွန်ကန်မွေးမြူရေးလုပ်ငန်း) | ကညင်ချောင်း (တ) ကျေးရွာအုပ်စု၊ ဟိုင်းကြီးကျွန်းမြို့နယ်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၁၉ | ဒေါ်မြင့်အေး (ရေငန်ပုစွန် မွေးမြူရေးလုပ်ငန်း) | ကံဆိပ်ရွာ၊ ချောင်းဝကျေးရွာအုပ်စု၊ ငပုတောမြို့နယ်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၂၀ | ဒေါ်သင်းဝတ်ရည် (ပုစွန်မွေးမြူရေး) | အုတ်တွင်းကျေးရွာအုပ်စု၊ ဟိုင်းကြီးကျွန်းမြို့နယ်၊ ပုသိမ်ခရိုင်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၂၁ | ဦးမျိုးကိုကိုသိန်း (ရေငန်ပုစွန် မွေးမြူရေးလုပ်ငန်း) | ကံဆိပ်ရွာ၊ ချောင်းဝကျေးရွာအုပ်စု၊ ဟိုင်းကြီးကျွန်းမြို့နယ်၊ ငပုတောမြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၂၂ | ဒေါ်စန်းမူ (အသားတိုးငါးမွေးမြူရေး) | ကွင်းချောင်းကြီးကျေးရွာ၊ ကျိုက်လတ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၂၃ | ဦးညိုထွန်းဦး (ရေချိုငါးမွေးမြူရေးလုပ်ငန်း) | ကွင်းအမှတ် (၄၀၁)၊ ဦးပိုင် (၁၆)၊ မယ်ကရိုကျေးရွာအုပ်စု၊ ကျိုက်မရောမြို့နယ်၊ မွန်ပြည်နယ် |
| ၁၂၄ | ဦးဘိုခင် (ဒေသန္တရမွေးမြူရေးလုပ်ငန်း) | ကွင်းအမှတ် (၅၂၅/က)၊ ဦးပိုင်အမှတ် (N ၃၅/၂)၊ စိုင်သေချောင်း၊ လိပ်ထူကျေးရွာအုပ်စု၊ လိပ်ထူရပ်ကွက်၊ ကန့်ဘလူမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၂၅ | ဒေါ်ခင်ဝင်းကြည် (ပုစွန်မွေးမြူရေးလုပ်ငန်း) | အုတ်တွင်းကျေးရွာ၊ ဟိုင်းကြီးကျွန်းမြို့နယ်၊ ပုသိမ်ခရိုင်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၂၆ | ဦးကြည်မင်းထွန်း (ရေငန်ပုစွန်မွေးမြူရေး) | အုန်းချောင်ရွာ၊ သက်ကယ်တောင်အုပ်စု၊ ဟိုင်းကြီးကျွန်းမြို့၊ ငပုတောမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၂၇ | ဦးအောင်မျိုးမြတ် (ပုစွန်မွေးမြူရေး) | အမှတ် (၁၄၀)၊ ဗိုလ်ချုပ်လမ်း၊ ပန်းတနော်မြို့နယ်၊ ပုသိမ်ခရိုင်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၂၈ | ဦးစိုးမင်းထွန်း (ပုစွန်မွေးမြူရေး) | အုတ်တွင်းကျေးရွာ၊ ဟိုင်းကြီးကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၂၉ | စန်းယုခိုင် (ငါးမွေးမြူရေးလုပ်ငန်း) | မင်းရပ်ရပ်ကွက်၊ လက်ပံတန်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |
| ၁၃၀ | ဒေါ်ဥမ္မာသိန်း (ငါးမွေးမြူရေး) | အမှတ် (၁) ရပ်ကွက်၊ ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၃၁ | ဦးမောင်မောင်ညွန့် (ပုစွန်မွေးမြူရေး) | အုတ်တွင်းကျေးရွာ၊ ဟိုင်းကြီးကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၃၂ | ဒေါ်နီနီသန်း (ငါးမွေးမြူရေးလုပ်ငန်း) | ငါးဆောင်ဘက်ကျေးရွာအုပ်စု၊ ကျောက်တော်မြို့နယ်၊ ရခိုင်ပြည်နယ် |
| ၁၃၃ | ဦးညီညီသန်း (ပုစွန်မွေးမြူရေးလုပ်ငန်း) | ကွင်းအမှတ် (၃၅၉)၊ ပြင်ကြီးကျေးရွာအုပ်စု၊ မင်းချောင်း တောင်ကွင်းအမှတ် (၃၅၆)၊ ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ် |
| ၁၃၄ | ဦးနိုင်ထွန်း (ရေငန်ပုစွန်မွေးမြူရေး) | သက္ကသောင်ကျေးရွာ၊ ဟိုင်းကြီးကျွန်းမြို့၊ ငပုတောမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၃၅ | ဦးညွန့်ဝင်း (ပုစွန်ကန်မွေးမြူရေးလုပ်ငန်း) | ကညင်ချောင်းကျေးရွာ၊ ဟိုင်းကြီးကျွန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၃၆ | ဦးကိုကြည် (ငါးမွေးမြူရေးလုပ်ငန်း) | အောင်ကုန်းကျေးရွာ၊ အုတ်ဖိုအုပ်စု၊ သဲကုန်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |
| ၁၃၇ | မခင်လေး (ဥစားကြက်မွေးမြူရေး) | ကွင်းအမှတ် (၁၄၉)၊ တိလောကျေးရွာအုပ်စု၊ ညောင်ရွှေမြို့နယ်၊ တောင်ကြီးခရိုင်၊ ရှမ်းပြည်နယ် |
| ၁၃၈ | ဦးငွေးဝင်း (ငါးမွေးမြူရေးလုပ်ငန်း) | သိမ်ကုန်းကျေးရွာ၊ ကျေးသားအုပ်စု၊ သဲကုန်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |
| ၁၃၉ | ဒေါ်ဆန်းဆန်းဦး (ကြက်မွေးမြူရေးလုပ်ငန်း) | မိုးဖိန်းကျေးရွာ၊ ဗန်းမော်မြို့နယ်၊ ကချင်ပြည်နယ် |
| ၁၄၀ | ဦးမင်းမင်းထွန်း (ကြက်မွေးမြူရေးလုပ်ငန်း) | စိုက်ပျိုးရေးလမ်း၊ မရမ်းကုန်းရပ်ကွက်၊ မြောင်းမြမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၄၁ | ဦးကိုလေး ("ဗိုလ်" ကြက်မွေးမြူရေးလုပ်ငန်း) | သနပ်ပင်ဆိပ် (အနောက်) ကျေးရွာ၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော် |
| ၁၄၂ | ဦးအေးမင်း (ဥစားကြက် မွေးမြူရေးလုပ်ငန်း) | စိုက်ပျိုးရေးလမ်း၊ မရမ်းကုန်းရပ်ကွက်၊ မြောင်းမြမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၄၃ | ဦးစောဒယ်နီရယ် (အသားစားကြက်မွေးမြူရေး) | ကျွန်းလှကျေးရွာ၊ ဇင်ပြွန်းကုန်းကျေးရွာအုပ်စု၊ ပုသိမ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၄၄ | ဦးရင်မင်းဦး (မြင်းစွမ်းထက် ဥစားကြက်မွေးမြူရေးလုပ်ငန်း) | အမှတ် (၁၀၉)၊ (၅) လမ်း၊ (စီ) ဘလောက်၊ အထူးဇုန်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၄၅ | ဦးကျော်စိန်အောင်(ငါးမွေးမြူရေး လုပ်ငန်း)ဒေါ်အေးစောအောင် (ဆက်ခံ) | ထောက်လှေးမင်းတန့်ကျေးရွာအုပ်စု၊ ကျောက်တော်မြို့နယ်၊ ရခိုင်ပြည်နယ် |
| ၁၄၆ | ဦးဘိုသန်း (ငါးမွေးမြူရေးလုပ်ငန်း) | ကံကြီးကျေးရွာ၊ ထန်းပင်မှော်အုပ်စု၊ သဲကုန်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |
| ၁၄၇ | ဦးလှကြီး (ငါးမွေးမြူရေးလုပ်ငန်း) | ထန်းပင်မှော်ကျေးရွာ၊ ထန်းပင်မှော်အုပ်စု၊ သဲကုန်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |
| ၁၄၈ | ဦးထွန်းမြင့် (ချမ်းမြေ့ ငါးမွေးမြူရေးလုပ်ငန်း) | ဘုတ်ကုန်းကွင်းအမှတ် (၂၈၃၅)၊ သခွပ်ပင်ကုန်း၊ ရွှေဘိုမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၄၉ | ဦးလှဖော် (ငါးပုစွန်မွေးမြူရေး) | တောင်ပုတ်ကေကျေးရွာအုပ်စု၊ ပေါက်တောမြို့နယ်၊ ရခိုင်ပြည်နယ် |
| ၁၅၀ | ဦးလှကျော့မောင် (ရေငန်ပုစွန် မွေးမြူရေးလုပ်ငန်း) | ပြည်တော်သာရပ်ကွက်၊ မင်းပြားမြို့၊ ရခိုင်ပြည်နယ် |
| ၁၅၁ | ဒေါ်ရွှေပိုင် (မွေးမြူရေးခြံ) | ကျီးအင်းကျေးရွာ၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော် |
| ၁၅၂ | ဦးထွန်းနိုင်ဝင်း (ဒေသကြက် မွေးမြူရေးလုပ်ငန်း) | ဖိုကုန်းကျေးရွာ၊ မကွေးမြို့နယ်၊ မကွေးတိုင်းဒေသကြီး |
| ၁၅၃ | ဦးခင်မောင်သန်း (မွေးမြူရေးလုပ်ငန်း) | မန္တလေး – မိုးကုတ်လမ်းအနီး၊ (၅/၄) မိုင်၊ မြောက်နန္ဒာကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၁၅၄ | ဦးမင်းသူ (တိုင်းရင်းကြက် မွေးမြူရေးလုပ်ငန်း) | စမ်းအိုင်ကျေးရွာ၊ ခေးမံအုပ်စု၊ ပေါင်းတည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |
| ၁၅၅ | ဦးမောင်တင်ဝေ (ရေငန်ပုစွန်မွေးမြူရေး) | အမှတ် (၃၀၀)၊ မဏိပူရလမ်း၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ် |
| ၁၅၆ | ဦးခင်မောင်သာ (ပုစွန်မွေးမြူရေးလုပ်ငန်း) | ခေါင်းလောင်းချောင်းကျေးရွာ၊ မင်းပြားမြို့နယ်၊ ရခိုင်ပြည်နယ် |
| ၁၅၇ | ဦးစံရွှေမြ (ငါး၊ ပုစွန်မွေးမြူရေး လုပ်ငန်း) | လွန်းလုံးပိုက်ကျေးရွာ၊ မြေပုံမြို့နယ်၊ ရခိုင်ပြည်နယ် |
| ၁၅၈ | ဦးဘောက်ခမ်း(ဝက်မွေးမြူရေး) | (၃)မိုင်၊ ရွှေပြည်သာရပ်ကွက်၊ ဗန်းမော်မြို့၊ ကချင်ပြည်နယ် |
| ၁၅၉ | ဦးစိုးဦး (ဝက်မွေးမြူရေး) | တောင်စုကျေးရွာ၊ ကွင်းသာအုပ်စု၊ ကျုံပျော်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၆၀ | ဦးခင်မောင်ဝင်း (ဒေသန္တရမွေးမြူရေးလုပ်ငန်း) | အမှတ် (၃) ရပ်ကွက်၊ ဂါးထာကျေးရွာအုပ်စု၊ ဆည်ကြီးကျေးရွာ၊ ကြေးပြင် (၃)၊ ကွင်းအမှတ် (N–၃၄)၊ ကန့်ဘလူမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၆၁ | ဦးထွန်းထွန်းနိုင် (ကြက်မွေးမြူရေးလုပ်ငန်း) | (၄၃)လမ်း၊ ဘွဲ့ပင်ကန်ရပ်ကွက်၊ ပေါင်းတည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |
| ၁၆၂ | ဦးထွန်းမင်းနိုင်(မွေးမြူရေးလုပ်ငန်း) | နေပူကန်ကျေးရွာ၊ ကျောက်တော်မြို့နယ်၊ ရခိုင်ပြည်နယ် |
| ၁၆၃ | ဦးတင်ဝင်း ("ရွှေအိုး" နို့စားနွား မွေးမြူရေးနှင့်နို့ထွက်ပစ္စည်း/ ရေခဲစက်) | ကုလားမတောင်ကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၁၆၄ | ဒေါ်မြင့်မြင့်မော် (စွမ်းထက်နိုင် ဥစားကြက်မွေးမြူရေး) | အမှတ် (၁၁၀)၊ အောင်ဇေယျာလမ်း၊ စီ – ဘလောက်၊ ဥစားကြက်မွေးမြူရေးဇုန်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၆၅ | ဦးမောင်ဝင်းတင် (အသားတိုး ကြက်မွေးမြူရေးလုပ်ငန်း) | တင်းထိန်ကန်ကျေးရွာ၊ မြောက်ဦးမြို့နယ်၊ ရခိုင်ပြည်နယ် |

(ဆက်လက်ဖော်ပြပါမည်)

## အနုပညာ



## မူပိုင်ခွင့်နဲ့ပတ်သက်ပြီး တရားရင်ဆိုင်ရမယ့် တေလာဆွစ်

ကမ္ဘာကျော်ပေါ့ပ်ကြယ်ပွင့်တစ်ဦးဖြစ်သူ တေလာဆွစ်ဟာ တေးသီချင်း မူပိုင်ခွင့်နဲ့ပတ်သက်ပြီး တရားရင်ဆိုင်ရမှာဖြစ်ပါတယ်။ သူ့ရဲ့ကျော်ကြားတဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ Shake It Off မှာ ပါဝင်တဲ့ သီချင်းစာသား အချို့ဟာ ကူးယူထားခြင်းဖြစ်ကြောင်း စွပ်စွဲခံထားရကြောင်း ကယ်လီဖိုးနီးယားတရားသူကြီးတစ်ဦးက ပြောကြားခဲ့တယ်လို့ အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အမေရိကန်ခရိုင်တရားသူကြီး မိုက်ကယ်ဒဗလျူဖစ်ဂျရယ်ရဲ့ ပြောကြားချက်အရ တေလာဆွစ်ရဲ့ တေးသီချင်းစာသားနဲ့ အာရန်ဘီ တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ 3LW ရဲ့ တေးသီချင်း Playas Gon' Play အကြား သိသာထင်ရှားတဲ့ ကွာခြားမှုတွေရှိနေသလို လုံလောက်တဲ့ တူညီမှုတွေကိုလည်း တွေ့နေရတာကြောင့် ရုံးတင်စစ်ဆေးသွားမှာ ဖြစ်ကြောင်း သိရပါတယ်။

## ပင့်ကူလူသားဇာတ်ကောင်ကို နှုတ်ဆက်ဖို့ရာရှိကြောင်း တွမ်ဟော်လန်းဆို

ထင်ရှားတဲ့ လူစွမ်းကောင်းဇာတ်ကောင်တစ်ခုဖြစ်တဲ့ ပင့်ကူလူသား အဖြစ် မင်းသားတွမ်ဟော်လန်းက လက်ရှိမှာ ပါဝင်သရုပ်ဆောင်လျက်ရှိပါတယ်။ သူ့ရဲ့ ပင့်ကူလူသားရုပ်ရှင်သစ်တွေကို ပရိသတ်တွေအနေနဲ့ ထပ်မံမြင်တွေ့ရဦးမှာဖြစ်ကြောင်း ဆိုနီရုပ်ရှင်ထုတ်လုပ်ရေးက မကြာသေးမီက အတည်ပြုခဲ့ပေမယ့် မင်းသားကတော့ သူ့အနေနဲ့ အဆိုပါဇာတ်ကောင်ကို နှုတ်ဆက်ဖို့ရာ ရှိနေတဲ့အတွက် ခံစားရကြောင်း လတ်တလောမှာ ပြောကြားခဲ့တယ်လို့ အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသား ဖော်ပြချက်တွေအရ သိရပါတယ်။

လက်ရှိမှာ အသက် ၂၅ နှစ်အရွယ်ရှိပြီဖြစ်တဲ့ တွမ်ဟော်လန်းဟာ ပြီးခဲ့တဲ့ ငါးနှစ်တာအတွင်း ပင့်ကူလူသားဇာတ်ကောင်ကို ပုံဖော်နေတဲ့ မင်းသားတစ်ဦးပါ။ ဆိုနီရဲ့ ထုတ်လုပ်သူဖြစ်တဲ့ အေမီပါစကယ်က မာဘယ်နဲ့ တွဲဖက်ကာ တွမ်ဟော်လန်းရဲ့ Spider-Man ရုပ်ရှင်သစ် ဖန်တီးမှာဖြစ်ကြောင်း ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း ပြောကြားခဲ့ပါတယ်။ ဒါပေမယ့် တွမ်ဟော်လန်းက သယ်ဆန်းသတင်းစာနဲ့ ပြုလုပ်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာ နောက်ဆုံးရိုက်ကူးထားတဲ့ ပင့်ကူလူသားရုပ်ရှင် Spider-Man: No Way Home ဟာ သူ့အတွက် နောက်ဆုံးရုပ်ရှင် ဖြစ်လာဖွယ်ရှိကြောင်း၊ ဒါ့အပြင် အဆိုပါရုပ်ရှင်မှာ တွဲဖက်သရုပ်ဆောင်ခဲ့ကြတဲ့ ဇန်ဒါယာ၊ ဂျက်ကော့ဘန်တာလန်နဲ့အတူ သူတို့သုံးဦးရဲ့ တွဲဖက် သရုပ်ဆောင်မှုကိုလည်း ထပ်မံမြင်တွေ့ရဖို့ရာ မသေချာဘူးလို့ ဆိုပါတယ်။

**အေးပြည့် - ရေးသားသည်**



ရုပ်သံဇာတ်လမ်းတွဲသစ် Snowdrop တွင် အဓိကဇာတ်ဆောင်များအဖြစ် ပါဝင်ထားသည့် မင်းသား ဂျန်ဟယ်အင်နှင့် Blackpink အဖွဲ့ဝင် ဂျီဆူးတို့ ဒီဇင်ဘာ ၁၆ ရက်က ဆိုးလ်၌ ပြုလုပ်ခဲ့သည့် အဆိုပါဇာတ်လမ်းတွဲရုပ်ရှင် သတင်းစာရှင်းလင်းပွဲသို့ ပါဝင် တက်ရောက်စဉ်။

## ရှင်ဟွန်ဘင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရ



တောင်ကိုရီးယားမင်းသမီးတစ်ဦးဖြစ်သူ ရှင်ဟွန်ဘင်းဟာ လတ်တလော မှာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံထားရကြောင်း အောကေပေ့ါ်ပ် ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မင်းသမီးအနေနဲ့ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံထား ရကြောင်း သူ့ရဲ့ ဖျော်ဖြေရေးအေဂျင်စီက ဒီဇင်ဘာ ၁၄ ရက်မှာ တရားဝင်ထုတ်ပြန်ခဲ့တာပါ။ အေဂျင်စီရဲ့ ပြောကြားချက်အရ ရှင်ဟွန်ဘင်းဟာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးဖြစ်ကြောင်းနဲ့ ဒုတိယအကြိမ်ကာကွယ်ဆေးကို ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်း ထိုးနှံခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

ဒီဇင်ဘာ ၁၃ ရက်မှာ ရှင်ဟွန်ဘင်းဟာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံထားရသူတစ်ဦးနဲ့ အနီးကပ် ထိတွေ့မှုရှိခဲ့တာကြောင့် စစ်ဆေးမှုခံယူခဲ့ရာမှာ ကူးစက်ခံရကြောင်း စစ်ဆေးတွေ့ရှိခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာ သူဟာ ရောဂါလက္ခဏာ ပြသခြင်းမရှိပေမယ့် အနုပညာလှုပ်ရှားမှုအစီအစဉ်တွေကိုတော့ ခေတ္တ ရပ်နားထားကြောင်း သိရပါတယ်။

## ဆွံ့အနားမကြားကလေးငယ်များအတွက် ဝမ်သန်း ၅၀ ယိုအင်နာလှူဒါန်း



တောင်ကိုရီးယားမင်းသမီးတစ်ဦးဖြစ်သူ ယိုအင်နာဟာ ဆွံ့အနားမကြား ကလေးငယ်တွေအတွက် ဝမ်သန်း ၅၀ ကို လတ်တလောမှာ လှူဒါန်း ခဲ့ကြောင်း အောကေပေ့ါ်ပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ယိုအင်နာဟာ Snail of Love လို့ အမည်ရတဲ့ လူမှုဖူလုံရေးအဖွဲ့မှတစ်ဆင့် အလှူငွေကို လှူဒါန်းခဲ့တာပါ။ ဒီလိုလှူဒါန်းတာဟာ သုံးနှစ်ဆက်တိုက်ရှိခဲ့ပြီလည်း ဖြစ်ပါတယ်။ ယိုအင်နာဟာ ၂၀၁၉ ခုနှစ်မှ လက်ရှိအချိန်အထိ ဆွံ့အနားမကြား ကလေးငယ်တွေအတွက် တောင်ကိုရီးယားဝမ်သန်း ၂၃၀ လှူဒါန်းခဲ့ပြီးဖြစ်ပါတယ်။ သူ့ရဲ့လှူဒါန်းမှုကြောင့် ကလေးငယ် ၂၀ ဟာ အကြားအာရုံ ပြန်လည်ကောင်းမွန်ဖို့အတွက် ခွဲစိတ်ကုသမှုတွေခံယူနိုင်ခဲ့ပြီးဖြစ်တယ်လို့ သိရပါတယ်။

ယိုအင်နာ ပါဝင်သရုပ်ဆောင်ထားတဲ့ ဇာတ်လမ်းတွဲရုပ်ရှင် Snowdrop ကို လာမယ့် ဒီဇင်ဘာ ၁၈ ရက်မှာ JTBC ရုပ်သံလိုင်းမှ အထူးပွဲထုတ်လွှင့်ပြသမှာဖြစ်တယ်လို့ သိရပါတယ်။

❍ **ဆူဇူကီးဖလားမှ**

အုပ်စုပထမနေရာအတွက် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး မြန်မာနှင့် ဖိလစ်ပိုင်အသင်းမှာမူ ဂုဏ်သိက္ခာအတွက်သာ ကစားရမည် ဖြစ်သည်။ အုပ်စု(ခ)တွင်မူ အင်ဒိုနီးရှားနှင့် ဗီယက်နမ်အသင်း တို့က ခုနစ်မှတ်စီ၊ မလေးရှားအသင်းက ခြောက်မှတ်စီရထားပြီး ဆီမီးဖိုင်နယ်တက်ရေး အပြိုင်ဖြစ်နေပြီး သုံးမှတ်ရထားသည့် ကမ္ဘောဒီးယားနှင့် လေးပွဲစလုံးရှုံးခဲ့သည့် လာအိုအသင်းတို့မှာ အုပ်စုမှထွက်ရပြီဖြစ်သည်။

လက်ရှိချန်ပီယံ ဗီယက်နမ်အသင်းသည် ကမ္ဘောဒီးယား နှင့် နောက်ဆုံးပွဲကစားရမည်ဖြစ်သောကြောင့် ဆီမီး ဖိုင်နယ်တက်ရောက်ရန် သေချာသလောက်ရှိနေပြီး မလေးရှားနှင့် အင်ဒိုနီးရှားပွဲမှာ ရေကုန်ရေခန်းကစားရမည် ဖြစ်သည်။ အင်ဒိုနီးရှားအသင်းသည် တစ်မှတ်အသာရထား သဖြင့် မလေးရှားကို သရေကစားရုံဖြင့် ဆီမီးဖိုင်နယ် တက်ရောက်နိုင်မည်ဖြစ်သည်။

မြန်မာအသင်းသည် အုပ်စုသုံးပွဲကစားအပြီးတွင် သုံးမှတ်သာရသေးပြီး တီမောကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရကာ စင်ကာပူကို သုံးဂိုး-ဂိုးမရှိ၊ ထိုင်းအသင်းကို လေးဂိုး-ဂိုးမရှိ တို့ဖြင့် ရှုံးနိမ့်ထားသည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - affsuzukicup**


### ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

[illegible]

လွှဲအပ်ညွှန်ကြားချက်အရ

ဦးမြင့်ထွန်း

BSc chem, H.G.P,C.B.L,D.B.L,MA(1),

D.I.L,P.G.D.L(1),P.G.D.A.Psy, P.G.D.A.E,D.O.S

[illegible]

[illegible]



### ဦးကြည်လင်း[၁၃/လရန(နိုင်)၀၀၀၈၁၇] သိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ်ချင်းရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ်-၅၂၀၊ အေ၃/အေ၄တွင် နေထိုင်သော ဒေါ်ခင်မေသန်း [၁၃/ကမန(နိုင်)၀၀၈၇၈၆] ၏ ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်-

ဒေါ်ခင်မေသန်းနှင့် လူကြီးမင်းတို့ချုပ်ဆိုခဲ့သော (၂၅-၁၂-၂၀၂၀) နေ့စွဲပါ နှစ်ဦးသဘောတူ စရန်ပေး ကတိစာချုပ်အရ မြေကွက်တန်ဖိုးကို ငွေကျပ် (၂၅၇၀,၀၀၀၀၀) (ကျပ်သိန်းနှစ်ထောင့်ငါး ရာခုနစ်ဆယ်တိတိ) သတ်မှတ်၍ စရန်ငွေအဖြစ်ငွေကျပ်(၅၇၀၀၀၀၀၀) (ငွေကျပ်သိန်းငါးရာ့ခုနစ်ဆယ် တိတိ)ကို လူကြီးမင်းမှ ပေးချေခဲ့ပါသည်။ နောက်ဆုံးရောင်းဖိုးကျန်ငွေ ကျပ်(၂၀၀၀,၀၀၀၀၀) (ကျပ် သိန်းနှစ်ထောင်တိတိ)ကို (၅-၂-၂၀၂၁)ရက်တွင် အပြီးပေးချေရန် သဘောတူခဲ့ပါသည်။ သို့သော် လူကြီးမင်းအား အကြိမ်ကြိမ် ဆက်သွယ်ခဲ့သော်လည်း လူကြီးမင်းမှ လာရောက်ရန် ပျက်ကွက်ခဲ့ပါသည်။ ထို့အတွက် (၂၃-၁၁-၂၀၂၁) နေ့စွဲပါ အကြောင်းကြားစာနှင့် (၁-၁၂-၂၀၂၁) နေ့စွဲပါ အကြောင်းကြားစာ တို့ကို လူကြီးမင်းမှ ဆက်သွယ်ရန် ပေးထားသော လိပ်စာအတိုင်းစာတိုက်မှ မှတ်ပုံတင်စာများဖြင့် ပေးပို့ခဲ့သော်လည်းစာများမှာ ပို့သူထံသို့ ပြန်လည်ရောက်ရှိခဲ့ပါသည်။

ထို့အတွက် လူကြီးမင်းသိစေနိုင်ရန် ဤကြေညာချက်ကို ထည့်သွင်းပြီး (၂၅-၁၂-၂၀၂၀)နေ့စွဲပါ စရန်ပေး ကတိစာချုပ်သည် စာချုပ်ပါ စည်းကမ်းချက်များအရ လူကြီးမင်းဘက်မှ ပျက်ကွက်မှုများ ရှိနေသောကြောင့် ပျက်ပြယ်ပြီးဖြစ်ကြောင်းနှင့် လူကြီးမင်းပေးခဲ့သော စရန်ငွေမှာလည်းစာချုပ်ပါ စည်းကမ်းချက်အရ ဆုံးရှုံးပြီးဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဇော်သိန်းထွန်း(တရားလွှတ်တော်ရှေ့နေ စဉ်-၁၆၁၅)**

**အခန်း-၃၊ (၇)လွှာ၊ Strand Condo၊ မဟာဗန္ဓုလပန်းခြံလမ်းနှင့်ဘဏ်လမ်းထောင့်၊**

**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၄၁၅၈၀၈**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် ဟနုဇိဃရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
# သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)
# ကြော်ငြာစာအမှတ်(၁/၂၀၂၁)
# လျှောက်လွှာခေါ်ယူခြင်း

၁။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)တွင် လစ်လပ်လျက်ရှိသောနည်းပြရာထူး (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) (၄၅) နေရာအတွက် ယှဉ်တွဲဖော်ပြပါ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများလျှောက်ထားနိုင်ပါသည်-

| စဉ် | ဌာန | အနိမ့်ဆုံးပညာအရည်အချင်း | လစ်လပ်နေရာ |
|---|---|---|---|
| (က) | သမဝါယမပညာဌာန | တက္ကသိုလ်တစ်ခုခုမှသက်ဆိုင်ရာ<br>ဘာသာရပ်တွင်မဟာအရည်အချင်းစစ်<br>သင်တန်းတက်ရောက်ရန်အဆင့်မီသူ<br>B.BSc(SEM)(Q), PGDSEM,<br>B.Econ(Eco)(Hons:), B.Econ(Eco)(Q),<br>B.P.A(Hons:), B.P.A(Q),<br>B.Dev.S(Hons:), B.Dev.S(Q) | ၄ |
| (ခ) | ဘောဂဗေဒဌာန | တက္ကသိုလ်တစ်ခုခုမှသက်ဆိုင်ရာ<br>ဘာသာရပ်တွင်မဟာအရည်အချင်းစစ်<br>သင်တန်းတက်ရောက်ရန်အဆင့်မီသူ<br>B.BSc(RD)(Q), PGDRD,<br>B.Econ(Eco)(Hons:), B.Econ(Eco)(Q),<br>B.Dev.S(Q), B.Dev.S(Hons:) | ၆ |
| (ဂ) | စာရင်းအင်းပညာဌာန | တက္ကသိုလ်တစ်ခုခုမှသက်ဆိုင်ရာ<br>ဘာသာရပ်တွင်မဟာအရည်အချင်းစစ်<br>သင်တန်းတက်ရောက်ရန်အဆင့်မီသူ<br>B.BSc(AS)(Q), PGDAS, B.Sc(Stats)(Hons:),<br>B.Econ(Stats)(Q),B.P.S(Hons:), B.P.S(Q), | ၇ |
| (ဃ) | ဝါဏိဇ္ဇဗေဒဌာန | တက္ကသိုလ်တစ်ခုခုမှသက်ဆိုင်ရာ<br>ဘာသာရပ်တွင်မဟာအရည်အချင်းစစ်<br>သင်တန်းတက်ရောက်ရန်အဆင့်မီသူ<br>B.BSc(AF)(Q), PGDAF,<br>B.Com(Hons:), B.Com(Q) | ၅ |
| (င) | စီမံခန့်ခွဲမှုပညာဌာန | တက္ကသိုလ်တစ်ခုခုမှသက်ဆိုင်ရာ<br>ဘာသာရပ်တွင်မဟာအရည်အချင်းစစ်<br>သင်တန်းတက်ရောက်ရန်အဆင့်မီသူ<br>B.BSc(MM)(Q), PGDMM, B.Com(Hons:),<br>B.Com(Q), B.B.A(Hons:), B.B.A(Q),<br>B.B.M(Hons:), B.B.M(Q) | ၄ |
| (စ) | မြန်မာစာဌာန | M.A(Myanmar) | ၃ |
| (ဆ) | အင်္ဂလိပ်စာဌာန | M.A(English),M.A(EFL) | ၃ |
| (ဇ) | သင်္ချာဌာန | M.Sc(Maths), M.Sc(Engineering Maths) | ၃ |
| (ဈ) | ICT ဌာန | M.C.Sc, M.Sc(Computer Science),<br>M.C.Tech | ၅ |
| (ည) | စီးပွားရေးပထဝီဝင်ဌာန | M.A(Geog) | ၂ |
| (ဋ) | ဥပဒေပညာဌာန | LLM | ၃ |

၂။ လျှောက်ထားသူများသည်-

- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) ၁၄-၁-၂၀၂၂ရက်နေ့တွင် အသက် (၃၀) နှစ်ထက် မကျော်လွန်သူ၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါကအသက် (၃၅)နှစ်ထက် မကြီးသူဖြစ်ရမည်။
- (ဂ) ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- (ဃ) ကိုယ်လက်အင်္ဂါပြည့်စုံပြီးကျန်းမာသန်စွမ်းသူဖြစ်ရမည်။
- (င) အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။
- (စ) ဝန်ထမ်းအဖြစ် ခန့်အပ်ခြင်းခံရပါကအနည်းဆုံး (၃)နှစ် တာဝန်ထမ်းဆောင်ရမည်။

၃။ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့်သာ လျှောက်ထားရမည်ဖြစ်ပြီး လျှောက်လွှာပုံစံကိုသမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၊ စီမံရေးရာဌာနခွဲတွင် လာရောက်ဝယ်ယူ၍ လျှောက်ထားနိုင်ပါသည်။ လျှောက်လွှာတွင်ပါရှိသောအချက်များကိုပြည့်စုံစွာဖြည့်စွက်၍ အောက်ပါအထောက်အထားများပူးတွဲပါရှိရမည်-

- (က) ပညာအရည်အချင်းလက်မှတ် မိတ္တူမှန်
- (ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
- (ဂ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်လက်မှတ် (သို့မဟုတ်) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူမှန်
- (ဃ) လျှောက်လွှာပိတ်ရက်မတိုင်မီတစ်လအတွင်းထုတ်ပေးထားသည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်းရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်နှင့် ပြစ်မှုကင်းရှင်းကြောင်းသက်ဆိုင်ရာမြို့နယ်ရဲစခန်း၏ ထောက်ခံချက်မိတ္တူမှန်
- (င) ဝန်ထမ်းမဟုတ်ပါကသက်တမ်းရှိသောအလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ (သို့မဟုတ်) နိုင်ငံ့ဝန်ထမ်းဖြစ်ပါကသက်ဆိုင်ရာဝန်ကြီးဌာန/ အဖွဲ့အစည်း၏ ခွင့်ပြုချက်မူရင်း
- (စ) ၃ လအတွင်းရိုက်ထားသောကာလာဓာတ်ပုံ (၃)ပုံ (ကျောဘက်တွင်အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရန်)

**မှတ်ချက်။ စာမေးပွဲဖြေဆိုရန် လာရောက်သည့်အချိန်နှင့် လူတွေ့စစ်ဆေးရန် လာရောက်သည့်အချိန်တို့တွင် ပူးတွဲတင်ပြထားသည့် အမှတ်စဉ် (က)မှ(စ)အထိမိတ္တူမှန်များ၏ မူရင်းများကိုတင်ပြရပါမည်။**

၄။ လျှောက်လွှာများကိုသမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)သို့ (၁၄-၁-၂၀၂၂)ရက် (သောကြာနေ့) (လျှောက်လွှာပိတ်ရက်) မတိုင်မီရုံးချိန်အတွင်း ၁၆:၀၀ နာရီနောက်ဆုံးထား၍ လူကိုယ်တိုင် လာရောက်လျှောက်ထားရမည်။

၅။ သတ်မှတ်ထားသည့် စာရွက်စာတမ်းများမပြည့်စုံလျှင်သော်လည်းကောင်း၊ သတ်မှတ်ရက်ထက်နောက်ကျရောက်ရှိလျှင်သော်လည်းကောင်း လျှောက်လွှာများကို (လုံးဝ) လက်ခံစဉ်းစားမည်မဟုတ်ပါ။

၆။ ရေးဖြေစာမေးပွဲကို၂၄-၁-၂၀၂၂ ရက် (တနင်္လာနေ့) နှင့် ၂၅-၁-၂၀၂၂ (အင်္ဂါနေ့) နံနက် ၉:၀၀ နာရီမှ ၁၁:၀၀ နာရီထိသမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)တွင် ကျင်းပမည်ဖြစ်ပြီးမြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတဘာသာရပ်ကိုဖြေဆိုရမည်ဖြစ်ပါသည်။

၇။ လျှောက်ထားသူများအနက် သတ်မှတ်ထားသည့် အချက်အလက်များနှင့် ပြည့်စုံသောဖြေဆိုခွင့်ရရှိသူအမည်စာရင်းအား ၁၉-၁-၂၀၂၂ ရက်နေ့မှစ၍ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်)ကြော်ငြာသင်ပုန်းတွင် ကြေညာပေးသွားမည်ဖြစ်ပြီးဖြေဆိုခွင့်ကတ်ပြားများကိုတစ်ပြိုင်နက်ထုတ်ပေးသွားမည်ဖြစ်ရာလူကိုယ်တိုင်လာရောက်ထုတ်ယူရပါမည်။

၈။ ရေးဖြေစာမေးပွဲအောင်မြင်သူစာရင်းအားသီးခြားထုတ်ပြန်ပေးမည်ဖြစ်ပြီးလူတွေ့စစ်ဆေးခြင်းပြုလုပ်မည့်ရက်အားထပ်မံကြေညာပေးသွားမည်ဖြစ်ပါသည်။

၉။ ရေးဖြေစာမေးပွဲလာရောက်ဖြေဆိုရာတွင်လည်းကောင်း၊ လူတွေ့စစ်ဆေးရန်လာရောက်သည့် အခါတွင်လည်းကောင်းမိမိစရိတ်ဖြင့်လာရောက်ကြရမည် ဖြစ်ပါသည်။

၁၀။ အသေးစိတ်သိရှိလိုပါကသမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၊ စီမံရေးရာဌာနခွဲသို့လည်းကောင်း၊ ဖုန်းနံပါတ် ၀၅၆-၂၃၂၅၅၊ ၀၉-၆၆၀၁၂၇၆၆၆၊ ၀၉-၉၆၉၈၅၆၆၆၁ တို့သို့လည်းကောင်းရုံးချိန်အတွင်းဆက်သွယ်မေးမြန်းနိုင်ပါသည်။

**သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
# သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)
# ကြော်ငြာစာအမှတ်(၂/၂၀၂၁)
# လျှောက်လွှာခေါ်ယူခြင်း

၁။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)တွင် လစ်လပ်လျက်ရှိသောအောက်ဖော်ပြပါရာထူးများအတွက်ယှဉ်တွဲဖော်ပြပါ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများလျှောက်ထားနိုင်ပါသည်-

| စဉ် | ခန့်ထားမည့်ရာထူး/လစာနှုန်း | အနိမ့်ဆုံးပညာအရည်အချင်း | လစ်လပ်နေရာ |
|---|---|---|---|
| (က) | အငယ်တန်းအင်ဂျင်နီယာ(၂)<br>၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | B.E(Civil) (၂)နေရာ<br>B.E(EP) (၁)နေရာ | ၃ |
| (ခ) | အငယ်တန်းစာရေး<br>၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | တက္ကသိုလ်တစ်ခုခုမှ<br>ဘွဲ့တစ်ခုခုရရှိပြီးသူ | ၂၁ |
| (ဂ) | ဒု-လက်ထောက်<br>ကွန်ပျူတာလုပ်ဆောင်ရေးမှူး<br>၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | B.C.Sc,<br>B.Sc(Computer Science)/<br>တက္ကသိုလ်တစ်ခုခုမှဘွဲ့တစ်ခုခုရရှိပြီး<br>D.C.Sc ရရှိပြီးသူ | ၁၄ |
| (ဃ) | ဒု-လက်ထောက်ကြီးကြပ်ရေးမှူး<br>(နယ်မြေ)<br>၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | တက္ကသိုလ်တစ်ခုခုမှ<br>ဘွဲ့တစ်ခုခုရရှိပြီးသူ | ၁ |
| (င) | သုတေသနလက်ထောက်(၄)<br>၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | တက္ကသိုလ်တစ်ခုခုမှ<br>ဘွဲ့တစ်ခုခုရရှိပြီး<br>မဟာတန်းတက်ရောက်ရန်အဆင့်မီသူ | ၂ |
| (စ) | စာရင်းကိုင်(၄)<br>၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | B.A(BS), B.B.Sc, B.BSc(AF)/<br>B.Com, B.Act/<br>B.Sc(Maths), M.Sc(Maths) | ၆ |
| (ဆ) | ပစ္စည်းထိန်း(၄)<br>၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | တက္ကသိုလ်တစ်ခုခုမှ<br>ဘွဲ့တစ်ခုခုရရှိပြီးသူ | ၃ |
| (ဇ) | စာကြည့်တိုက်လက်ထောက်(၄)<br>၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | တက္ကသိုလ်တစ်ခုခုမှ<br>ဘွဲ့တစ်ခုခုရရှိပြီး<br>Dip in Library and<br>Information Studies ရရှိပြီးသူ | ၂ |
| (ဈ) | အမှုတွဲထိန်း<br>၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | အခြေခံပညာအထက်တန်း<br>အောင်မြင်ပြီးသူ | ၁ |
| (ည) | သန့်ရှင်းရေး<br>၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | အခြေခံပညာအလယ်တန်း<br>အောင်မြင်ပြီးသူ | ၂ |
| (ဋ) | လက်သမား(၅)<br>၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | အခြေခံပညာအလယ်တန်း/<br>အထက်တန်းအဆင့်ရှိပြီး<br>ကျွမ်းကျင်လက်မှတ်ရရှိထားသူ | ၁ |
| (ဌ) | လက်မှုကျွမ်းကျင်(၅)(ရေပိုက်ပြင်) <br>၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | အခြေခံပညာအလယ်တန်း/<br>အထက်တန်းအဆင့်ရှိပြီး<br>ကျွမ်းကျင်လက်မှတ်ရရှိထားသူ | ၁ |
| (ဍ) | စက်မောင်း(၅)(ရေစက်)<br>၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | အခြေခံပညာအလယ်တန်း/<br>အထက်တန်းအဆင့်ရှိပြီး<br>ကျွမ်းကျင်လက်မှတ်ရရှိထားသူ | ၁ |
| (ဎ) | လျှပ်စစ်ကျွမ်းကျင်(၅)<br>၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | နည်းပညာအထက်တန်းကျောင်း<br>အောင်မြင်ပြီးသူ/ အခြေခံပညာ<br>အထက်တန်းအဆင့်ရှိပြီး<br>ကျွမ်းကျင်လက်မှတ်ရရှိထားသူ | ၂ |
| (ဏ) | ယာဉ်မောင်းစက်ပြင်(၅)<br>၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | အခြေခံပညာမူလတန်းအောင်မြင်၍<br>ယာဉ်မောင်းလိုင်စင်(ခ)ရရှိပြီး<br>ကျန်းမာသန်စွမ်းသူ | ၃ |
| (တ) | စာပို့<br>၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀ | အခြေခံပညာအထက်တန်း<br>အောင်မြင်ပြီးသူ | ၂ |
| (ထ) | သန့်ရှင်းရေးအကူ<br>၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀ | အခြေခံပညာမူလတန်း<br>အောင်မြင်ပြီးကျန်းမာသန်စွမ်းသူ | ၆ |
| (ဒ) | လုပ်သား(ဥယျာဉ်)<br>၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀ | အခြေခံပညာမူလတန်း<br>အောင်မြင်ပြီးကျန်းမာသန်စွမ်းသူ | ၃ |
| (ဓ) | လုပ်သား(အထွေထွေ)<br>၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀ | အခြေခံပညာမူလတန်း<br>အောင်မြင်ပြီးကျန်းမာသန်စွမ်းသူ | ၃ |
| (န) | အစောင့်<br>၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀ | အခြေခံပညာမူလတန်း<br>အောင်မြင်ပြီးကျန်းမာသန်စွမ်းသူ | ၁၀ |
| (ပ) | ရုံးအကူ<br>၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀ | အခြေခံပညာအထက်တန်း<br>အောင်မြင်ပြီးသူ | ၆ |

၂။ လျှောက်ထားသူများသည်-

- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) ၁၄-၁-၂၀၂၂ရက်နေ့တွင် အသက် (၃၀) နှစ်ထက် မကျော်လွန်သူ၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါကအသက် (၃၅)နှစ်ထက် မကြီးသူဖြစ်ရမည်။
- (ဂ) ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- (ဃ) ကိုယ်လက်အင်္ဂါပြည့်စုံပြီးကျန်းမာသန်စွမ်းသူဖြစ်ရမည်။
- (င) အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။
- (စ) ဝန်ထမ်းအဖြစ် ခန့်အပ်ခြင်းခံရပါကအနည်းဆုံး (၃)နှစ် တာဝန်ထမ်းဆောင်ရမည်။

၃။ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့်သာ လျှောက်ထားရမည်ဖြစ်ပြီး လျှောက်လွှာပုံစံကိုသမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၊ စီမံရေးရာဌာနခွဲတွင် လာရောက်ဝယ်ယူ၍ လျှောက်ထားနိုင်ပါသည်။ လျှောက်လွှာတွင်ပါရှိသောအချက်များကိုပြည့်စုံစွာဖြည့်စွက်၍ အောက်ပါအထောက်အထားများပူးတွဲပါရှိရမည်-

- (က) ပညာအရည်အချင်းလက်မှတ် မိတ္တူမှန်
- (ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
- (ဂ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်လက်မှတ် (သို့မဟုတ်) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူမှန် (သို့မဟုတ်) ကျောင်းထွက်လက်မှတ် မိတ္တူမှန်
- (ဃ) လျှောက်လွှာပိတ်ရက်မတိုင်မီတစ်လအတွင်းထုတ်ပေးထားသည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်းရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်နှင့် ပြစ်မှုကင်းရှင်းကြောင်းသက်ဆိုင်ရာမြို့နယ်ရဲစခန်း၏ ထောက်ခံချက်မိတ္တူမှန်
- (င) ဝန်ထမ်းမဟုတ်ပါကသက်တမ်းရှိသောအလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ (သို့မဟုတ်) နိုင်ငံ့ဝန်ထမ်းဖြစ်ပါကသက်ဆိုင်ရာဝန်ကြီးဌာန/ အဖွဲ့အစည်း၏ ခွင့်ပြုချက်မူရင်း
- (စ) ၃ လအတွင်းရိုက်ထားသောကာလာဓာတ်ပုံ (၃)ပုံ (ကျောဘက်တွင်အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရန်)

**မှတ်ချက်။ စာမေးပွဲဖြေဆိုရန် လာရောက်သည့်အချိန်နှင့် လူတွေ့စစ်ဆေးရန် လာရောက်သည့်အချိန်တို့တွင် ပူးတွဲတင်ပြထားသည့် အမှတ်စဉ် (က)မှ(စ)အထိမိတ္တူမှန်များ၏ မူရင်းများကိုတင်ပြရပါမည်။**

၄။ လျှောက်လွှာများကိုသမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)သို့ (၁၄-၁-၂၀၂၂) ရက် (သောကြာနေ့) (လျှောက်လွှာပိတ်ရက်) မတိုင်မီရုံးချိန်အတွင်း ၁၆:၀၀ နာရီနောက်ဆုံးထား၍ လူကိုယ်တိုင် လာရောက်လျှောက်ထားရမည်။

၅။ သတ်မှတ်ထားသည့် စာရွက်စာတမ်းများမပြည့်စုံလျှင်သော်လည်းကောင်း၊ သတ်မှတ်ရက်ထက်နောက်ကျရောက်ရှိလျှင်သော်လည်းကောင်း လျှောက်လွှာများကို (လုံးဝ) လက်ခံစဉ်းစားမည်မဟုတ်ပါ။

၆။ လစာနှုန်းကျပ် (၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) တန်းရာထူးနှင့် လစာနှုန်းကျပ် (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) တန်းရာထူးများအတွက် လျှောက်ထားသူများသည် ရေးဖြေဖြေဆိုရန် မလိုဘဲလူတွေ့စစ်ဆေးခြင်းသာဆောင်ရွက်မည်ဖြစ်ပါသည်။

၇။ ရေးဖြေစာမေးပွဲကို၂၆-၁-၂၀၂၂ ရက် (ဗုဒ္ဓဟူးနေ့) နှင့် ၂၇-၁-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၉:၀၀ နာရီမှ ၁၁:၀၀ နာရီထိ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)တွင် ကျင်းပမည်ဖြစ်ပြီးမြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတဘာသာရပ်ကိုဖြေဆိုရမည်ဖြစ်ပါသည်။

၈။ လျှောက်ထားသူများအနက် သတ်မှတ်ထားသည့် အချက်အလက်များနှင့် ပြည့်စုံသောဖြေဆိုခွင့်ရရှိသူအမည်စာရင်းအား ၁၉-၁-၂၀၂၂ ရက်နေ့မှစ၍ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)ကြော်ငြာသင်ပုန်းတွင် ကြေညာပေးသွားမည်ဖြစ်ပြီးဖြေဆိုခွင့်ကတ်ပြားများကိုတစ်ပြိုင်နက်ထုတ်ပေးသွားမည်ဖြစ်ရာလူကိုယ်တိုင်လာရောက်ထုတ်ယူရပါမည်။

၉။ ရေးဖြေစာမေးပွဲအောင်မြင်သူစာရင်းအားသီးခြားထုတ်ပြန်ပေးမည်ဖြစ်ပြီးလူတွေ့စစ်ဆေးခြင်းပြုလုပ်မည့်ရက်အားထပ်မံကြေညာပေးသွားမည်ဖြစ်ပါသည်။

၁၀။ ရေးဖြေစာမေးပွဲလာရောက်ဖြေဆိုရာတွင်လည်းကောင်း၊ လူတွေ့စစ်ဆေးရန်လာရောက်သည့် အခါတွင်လည်းကောင်းမိမိစရိတ်ဖြင့်လာရောက်ကြရမည် ဖြစ်ပါသည်။

၁၁။ အသေးစိတ်သိရှိလိုပါကသမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၊ စီမံရေးရာဌာနခွဲသို့လည်းကောင်း၊ ဖုန်းနံပါတ် ၀၅၆-၂၃၂၅၅၊ ၀၉-၆၆၀၁၂၇၆၆၆၊ ၀၉-၉၆၉၈၅၆၆၆၁ တို့သို့လည်းကောင်းရုံးချိန်အတွင်းဆက်သွယ်မေးမြန်းနိုင်ပါသည်။

**သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)**

**ကားမောင်းအတတ်**
(အမျိုးသမီးသီးသန့်)
အိမ်အရောက်အမြန်
သင်ပေးသည်။
09-457790319

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၂၊ မြေကွက်အမှတ်-၁၃၁၃၊ မြေကွက်တည်နေရာအမှတ်-၁၃၁၃၊ ရွှေပြည်သာလမ်း၊ ၃၂-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒေါ်ယဉ်မျိုးစု[၁၂/တမန(နိုင်)၀၃၆၄၈၇] အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ် (ဂရန်)မြေအား ဂရန်အမည်ပေါက် ဒေါ်ယဉ်မျိုးစု [၁၂/တမန(နိုင်)၀၃၆၄၈၇] မှ ဂရန်မူရင်းတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာခြင်းအား ၂၀၁၅ ခုနှစ်တွင်ထုတ်ယူခဲ့သောဘဏ်ချေးမြေပုံနှင့် ပတ်သက်၍ လျှောက်ထားသူမှ ဘဏ်တွင် ငွေပြန်လည်ဆပ်ပြီး ဂရန်အား လက်ရောက်ရရှိခဲ့သော်လည်း ဘဏ်ချေးမြေပုံမှာ ခရီးသွားရင်းပျောက်ဆုံးသွားသည်မှာ မှန်ကန်ကြောင်း ကျမ်းကျိန်လွှာနှင့်ဝန်ခံကတိပြုစာတင်ပြလာပါသဖြင့် ဒေါ်ယဉ်မျိုးစုမှ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားမှုအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၂၊ မြေကွက်အမှတ်-၁၃၁၂၊ မြေကွက်တည်နေရာအမှတ်-၁၃၁၂၊ ရွှေပြည်သာလမ်း၊ (၃၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒေါ်ယဉ်မျိုးစု[၁၂/တမန(နိုင်)၀၃၆၄၈၇] အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ် (ဂရန်)မြေအား ဂရန်အမည်ပေါက် ဒေါ်ယဉ်မျိုးစု[၁၂/တမန(နိုင်)၀၃၆၄၈၇]မှ ဂရန်မူရင်းတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာခြင်းအား ၂၀၁၅ ခုနှစ်တွင်ထုတ်ယူခဲ့သောဘဏ်ချေးမြေပုံနှင့်ပတ်သက်၍ လျှောက်ထားသူမှ ဘဏ်တွင်ငွေပြန်လည်ဆပ်ပြီး ဂရန်အား လက်ရောက်ရရှိခဲ့သော်လည်း ဘဏ်ချေး မြေပုံမှာခရီးသွားရင်းပျောက်ဆုံးသွားသည်မှာမှန်ကန်ကြောင်း ကျမ်းကျိန်လွှာနှင့်ဝန်ခံကတိပြုစာတင်ပြလာပါသဖြင့် ဒေါ်ယဉ်မျိုးစုမှအရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားမှုအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာ အပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**မူးယစ်ကို**
**ပစ်**
**ပန်းတိုင်သစ်**
**စိတ်သစ်**
**လူသစ်**
**ဘဝသစ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြေးမုံ ယနေ့ ဖတ်စရာ



ရွှေကိုမလို ရေကိုသာလိုသည့် ကျေးလက်နေပြည်သူများအတွက် မြေအောက်တမံ တည်ဆောက်ကာ ရေသိုလှောင်၍ ဖြည့်ဆည်းပေးနိုင်ခဲ့လေပြီ

စာမျက်နှာ » ၉

ASEANSAI အကြောင်း တစေ့တစောင်း

စာမျက်နှာ » ၁၀

ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၁၁ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၁ ဒသမ ၃၇ ရာခိုင်နှုန်းရှိ

စာမျက်နှာ » ၁၆

ဂျိုးဆက်ပါကာနဲ့ ဒါရက်ချီဆိုရာတို့ မကျေပွဲပြန်လည်ထိုးသတ်မည်

စာမျက်နှာ » ၁၉

# ရန်ကုန်မြို့၌ ပထမဆုံး ရေဂါလန်တစ်သိမ်းဆံ့ရေစုကန် တည်ဆောက်မှု ၄၀ ရာခိုင်နှုန်းပြီးစီး

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်းရှိ ရန်ကုန်မြို့တော်ခန်းမအတွင်း၌ ပထမဦးဆုံး ရေဂါလန်တစ်သိမ်းဆံ့ရေစုကန် တည်ဆောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ယခုအခါ ရေစုကန်တည်ဆောက်နေမှု ၄၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

“အခုကတော့ ဆူးလေဘုရားလမ်းတစ်ဝိုက်နဲ့ မဟာဗန္ဓုလလမ်းတစ်လျှောက်အပါအဝင် မြို့တော်ခန်းမဝန်းကျင်မှာ မိုးတွင်းကာလ နှစ်စဉ်နှစ်တိုင်း ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်နေတာမို့ မိုးတွင်းကာလ ရေကြီးရေလျှံဖြစ်ပေါ်နေမှုကို ဒီရေစုကန်မှာစုပြီး မိုးတိတ်သွားတဲ့အချိန်မှာ ပန့်နဲ့စုပ်ထုတ်ဖို့အတွက် ရေဂါလန်တစ်သိမ်းဆံ့ ရေစုကန်တည်ဆောက်နေတာပဲ ဖြစ်ပါတယ်။ အချိန်ကြာမိုးရွာသွန်းနေရင်လည်း ပန့်နဲ့စုပ်ထုတ်မှာဖြစ်သလို **စာမျက်နှာ ၁၅ ကော်လံ ၁ သို့** ❑



ရေဂါလန်တစ်သိမ်းဆံ့ရေစုကန် တည်ဆောက်နေမှုကို တွေ့ရစဉ်။




# ဆူဇူကီးဖလားပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်များ ဒီဇင်ဘာ ၁၈၊ ၁၉ ရက်တို့တွင် ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၆**

၂၀၂၀ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲများကို ဒီဇင်ဘာ ၁၈၊ ၁၉ ရက်တို့တွင် စင်ကာပူနိုင်ငံ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

**ယှဉ်ပြိုင်ကစားမည်**

အုပ်စုနောက်ဆုံးပွဲစဉ်များကို ည ၇ နာရီတွင် တစ်ချိန်တည်းယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ဒီဇင်ဘာ ၁၈ ရက်တွင် ဘစ်ရှန်ကွင်း၌ မြန်မာအသင်းနှင့် ဖိလစ်ပိုင်အသင်း၊ အမျိုးသားအားကစားကွင်း၌ အိမ်ရှင်စင်ကာပူအသင်းနှင့် ထိုင်းအသင်း၊ ဒီဇင်ဘာ ၁၉ ရက်တွင် ဘစ်ရှန်ကွင်း၌ ဗီယက်နမ်အသင်းနှင့် ကမ္ဘောဒီးယားအသင်း၊ အမျိုးသားအားကစားကွင်း၌ မလေးရှားအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အုပ်စုစတုတ္ထနေ့ပွဲစဉ်များအပြီးတွင် ဆီမီးဖိုင်နယ်တက်ရောက်သည့် နှစ်သင်းသာ ထွက်ပေါ်သေးပြီး ကျန်နှစ်သင်းမှာ နောက်ဆုံးပွဲပြီးမှ ထွက်ပေါ်မည်ဖြစ်သည်။

အုပ်စု (က) တွင် ထိုင်းနှင့် စင်ကာပူအသင်းက ကိုးမှတ်စီရရှိကာ ဆီမီးဖိုင်နယ်သို့ တက်ရောက်ထားပြီး သုံးမှတ်စီရထားသည့် မြန်မာနှင့် ဖိလစ်ပိုင်၊ လေးပွဲစလုံးရှုံးနိမ့်ခဲ့သည့် တီမောအသင်းတို့မှာ အုပ်စုအဆင့်မှ ထွက်ရပြီဖြစ်သည်။ ထို့ကြောင့် အုပ်စု(က) နောက်ဆုံးပွဲတွင် ထိုင်းနှင့် စင်ကာပူအသင်းတို့က **စာမျက်နှာ ၂၁ ကော်လံ ၁ သို့** ❍